# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၄)
အမှတ် (၁၉)

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်

၂၀၁၄ ခုနှစ်၊ အောက်တိုဘာ ၁၉ ရက်၊ တနင်္ဂနွေနေ့။


## မြတ်ဗုဒ္ဓ၏တန်ဖိုးကြီးမား အသိပေးတရား

## အပ္ပမာဒေန သမ္ပာဒေထ

မမေ့မလျော့ မပေါ့မတန် အစဉ်သဖြင့် သတိတရားဖြင့် နေကြလော့။ “သတ္တဝါအများ အိုချစ်သားတို့။ ကံ၊ စိတ်၊ ဥတု၊ အာဟာရ တည်းဟူသော အကြောင်းတရားလေးပါးတို့ ပြုပြင်သမျှ စီရင်သမျှခံနေကြရကုန်သော ရုပ်နာမ်နှစ်ပါး၊ သင်္ခါရတရားတို့သည် ဖြစ်လျှင်ပျက်သောသဘော ရှိကုန်၏။ မြဲမြံသောသတိဖြင့် သီလ၊ သမာဓိ၊ ပညာတရားတို့ကို ပြည့်စုံတိုးပွားအောင် အားထုတ်ရစ်ကုန်လော့။” (ဒီဃနိကာယ်မဟာဝဂ္ဂပါဠိ-၁၂၈။)





နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ဝင်များ အီတလီစပါးမျိုးစေ့သုတေသနသို့ သွားရောက်လေ့လာရာ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အီတလီစပါးမျိုးစေ့သုတေသနဌာနသို့ သွားရောက်ကြည့်ရှုလေ့လာ

**မီလန် အောက်တိုဘာ ၁၈**

အီတလီနိုင်ငံ မီလန်မြို့တွင် ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် အောက်တိုဘာ ၁၇ ရက် ညနေ ၄ နာရီတွင် အီတလီစပါးမျိုးစေ့ သုတေသနဌာနသို့ သွားရောက်ကြည့်ရှုလေ့လာသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များအား အီတလီစပါးမျိုးစေ့သုတေသနဌာနမှူးနှင့် တာဝန်ရှိသူများက အီတလီနိုင်ငံ၏ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု၊ မျိုးကောင်း မျိုးသန့်စပါးမျိုးစေ့များ စမ်းသပ်ထုတ်လုပ်နေမှုနှင့် ခေတ်မီစက်မှုလယ်ယာလုပ်ငန်းများကို ရှင်းလင်းပြသကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ခေတ္တတည်းခိုသည့် NH President ဧည့်ခန်းမ၌ မြန်မာသံရုံးဝန်ထမ်းများ၊ မိသားစုဝင်များနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားပြီး အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ခဲ့သည်။

*စာမျက်နှာ ၈ ကော်လံ ၁*




# မြန်မာအသင်း ဆူဇူကီးဖလားခြေစစ်ပွဲအောင်မြင်

**ဗီယန်ကျင်း အောက်တိုဘာ ၁၈**

အာဆီယံဆူဇူကီးဖလားခြေစစ်ပွဲ စတုတ္ထနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက လာအိုနိုင်ငံ ဗီယန်ကျင်းမြို့တွင်ကျင်းပရာ မြန်မာအသင်းက ကမ္ဘောဒီးယားအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့သည်။

**မြန်မာ - တစ်ဂိုး**

ကျော်ကိုကို (ပယ်နယ်တီ)

**ကမ္ဘောဒီးယား - ဂိုးမရှိ**

မြန်မာအသင်းက ကမ္ဘောဒီးယားကို အနိုင်ရရှိခဲ့သလို ဒုတိယပွဲ၌ လာအိုအသင်းကလည်း နိုင်ပွဲရရှိခဲ့သောကြောင့် မြန်မာနှင့်လာအိုအသင်းတို့မှာ ပွဲစဉ်မကုန်ဆုံးမီခြေစစ်ပွဲအောင်မြင်သွားပြီဖြစ်သည်။ မြန်မာအသင်းမှာ နိုင်ပွဲရရှိခဲ့သော်လည်း ကစားပုံမကောင်းသောကြောင့် အနိုင်ရရှိရန် ခက်ခက်ခဲခဲကစားခဲ့ရသည်။

မြန်မာအသင်းမှာ ပွဲထွက်လူစာရင်းကို အနည်းငယ်အပြောင်းအလဲပြုလုပ်ထားခဲ့ပြီး သီဟစည်သူ၊ နေမျိုးအောင်၊ ဝင်းမင်းထွဋ်၊ ဇော်မင်းထွန်း၊ ခင်မောင်လွင်၊ ချစ်စုမိုး၊မင်းမင်းသူ၊ နန္ဒလင်းကျော်ချစ်၊ ကျော်ကိုကို၊ ကြည်လင်းတို့ဖြင့် ပွဲထွက်ခဲ့သည်။ လူစာရင်းပြောင်းလဲထားသော်လည်း ကစားပုံမှာ သိသိသာသာပြောင်းလဲခဲ့ခြင်းမရှိဘဲ အနိုင်ရရှိရန် ရုန်းကန်ခဲ့ရသည်။ ကမ္ဘောဒီးယားအသင်းကလည်း ယခုပွဲအနိုင်ရရှိလျှင် ခြေစစ်ပွဲအောင်မြင်ရန် မျှော်လင့်ချက်ရှိနေသောကြောင့် ကြိုးပမ်းခဲ့သော်လည်း အရာမထင်ခဲ့ပေ။ မြန်မာအသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ၄၁ မိနစ်တွင် ကျော်ကိုကိုက ပယ်နယ်တီမှတစ်ဆင့်သွင်းယူခဲ့သည်။

ဒုတိယပိုင်းတွင် မြန်မာအသင်းကစားပုံပျက်နေ၍ ကမ္ဘောဒီးယားအသင်း ဖိကစားနိုင်ခဲ့သော်လည်း ချေပဂိုးရရှိအောင် မစွမ်းဆောင်နိုင်ခဲ့ပေ။ မြန်မာအသင်းမှာ ဂိုးထပ်ရနိုင်သည့်အခွင့်အရေးများကို အသုံးမချနိုင်၍ ကျော်ကိုကို၏ ပယ်နယ်တီဂိုးဖြင့်သာ ပြီးဆုံးခဲ့သည်။

**သတင်း-စိုးညွန့်**

*စာမျက်နှာ ၈ ကော်လံ ၄*

**ရှေးစေတီဟောင်းဌာပနာမှ ရှေးဟောင်းဘုရား ဆင်းတုတော်များ၊ ဓာတ်တော်များ၊ လက်ကောက်၊ လက်စွပ်၊ ပတ္တမြားကျောက်မျက်မျိုးစုံ တွေ့ရှိ**

သတင်း၊ စာမျက်နှာ-၁၀

**ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဒေသဖြစ်လာတော့မည့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသ ဇုန်ဝင်ကြေး တိုးမြှင့်ကောက်ခံ**

သတင်း၊ စာမျက်နှာ-၁၁




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# လူတိုင်းအတွက် စားနပ်ရိက္ခာ

လူတိုင်းလူတိုင်းသည် အာဟာရပြည့်ဝစွာ စားသုံးနိုင်ရေး စားနပ်ရိက္ခာ အပြည့်အဝရရှိရန် လိုအပ်ပါသည်။ စားနပ်ရိက္ခာ ဖူလုံမှုမရှိဘဲ လူမှုဘဝသာယာဝပြောမှုကို တည်ဆောက်နိုင်မည် မဟုတ်ပါ။ ထို့ကြောင့်လည်း ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်း၏ ထောင်စုနှစ်ရည်မှန်းချက် (Millennium Development Goals-MDGs) ၂၀၁၅ ခုနှစ်တွင် ကမ္ဘာတစ်ဝန်းငတ်မွတ်ခေါင်းပါးမှု ပပျောက်ရေး (Zero Hunger) ရည်မှန်းချက် သတ်မှတ်ထားသည့်အလျောက် တစ်ကမ္ဘာလုံး၏ ရိက္ခာလိုအပ်ချက်ကို ဖြည့်တင်းနိုင်ရန် ကမ္ဘာ့နိုင်ငံအသီးသီးက လက်တွဲညီညီ ကြိုးပမ်းလျက်ရှိပါသည်။

ဤကုလသမဂ္ဂ ထောင်စုနှစ်ရည်မှန်းချက်အရ မြန်မာနိုင်ငံအနေဖြင့် လက်ရှိဆင်းရဲနွမ်းပါးမှု ညွှန်းကိန်း ၂၆ ရာခိုင်နှုန်းမှ ၂၀၁၅ ခုနှစ်တွင် ၁၆ ရာခိုင်နှုန်းသို့ လျှော့ချနိုင်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ် (၈)ရပ်ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် အဓိကကျသည့် ကျေးလက်နေပြည်သူများ၏ မိသားစုများ ဝင်ငွေတိုးတက်မြင့်မားလာစေရန် မြေယာလုပ်ကိုင်ခွင့်နှင့် ပိုင်ဆိုင်မှုပေးခြင်း၊ သီးနှံရာသီအလိုက် ချေးငွေများပိုမိုထုတ်ချေးပေးခြင်း၊ သုတေသနနှင့် ပညာပေးစနစ်များ ပညာပေးခြင်း၊ မျိုးကောင်းမျိုးသန့်မျိုးစေ့များ ဖြန့်ဖြူးပေးခြင်း၊ စက်မှုလယ်ယာစနစ်ဖော်ဆောင်ပေးခြင်း၊ ရေသွင်းရေထုတ်စနစ်များ ၊ ကုန်ထုတ်လမ်းများ ကောင်းမွန်အောင် ဆောင်ရွက်ပေးခြင်း စသည်ဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါသည်။

ထို့အပြင် လယ်ယာကဏ္ဍကြီးတစ်ရပ်လုံး ဟန်ချက်ညီဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပြည်ပမှရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာရေး၊ ခေတ်မီနည်းပညာနှင့် စက်ကိရိယာပစ္စည်းများ အသုံးချနိုင်ရေး၊ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေး၊ နိုင်ငံတကာဈေးကွက်သို့ လက်လှမ်းမီရေး တို့အတွက် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ မိတ်ဆွေနိုင်ငံများနှင့် ရင်းနှီးချစ်ခင်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ဤသည်မှာ ကျွန်ုပ်တို့မြန်မာနိုင်ငံက စားနပ်ရိက္ခာဖူလုံရေး ကြိုးပမ်းအားထုတ်နေမှုများပင်ဖြစ်ပါသည်။

ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)၏ နောက်ဆုံး ရည်မှန်းစစ်တမ်းများအရ လက်ရှိကမ္ဘာ့လူဦးရေ သန်း ၇၀၀၀ ကျော်ရှိသည့်အနက်မှ လူဦးရေ ၈၀၅ သန်းသည် အာဟာရချို့တဲ့မှု ပြဿနာကို နေ့စဉ်ခံစားနေရကြောင်းသိရပါသည်။ ယင်းပမာဏသည် လွန်ခဲ့သောဆယ်စုနှစ်နှင့် နှိုင်းယှဉ်ပါက သန်း ၁၀၀ ခန့်လျော့ကျသွားခဲ့ပါသည်။ တစ်နည်းအားဖြင့် အာဟာရချို့တဲ့သူအရေအတွက်သည် စိုက်ပျိုးမွေးမြူသူများ၏ ကြိုးစားအားထုတ်မှုကြောင့် တဖြည်းဖြည်း လျော့ကျလာလျက်ရှိပါသည်။ သို့ပါ၍ မိသားစုတစ်စုချင်းအလိုက် လူတိုင်းစားရေရိက္ခာပြည့်ဝစွာ စားသုံးနိုင်ရေး ဆက်လက်ကြိုးပမ်း အားထုတ်စိုက်ပျိုးမွေးမြူသွားကြရမည် ဖြစ်ပါကြောင်း။ ။




## ပြည်တွင်းသတင်း

# နိုင်ငံတော်ဧည့်ဂေဟာအဝန်းအဝိုင်းအတွင်း၌ Hilton Nay Pyi Taw Hotel ဖွင့်

**နေပြည်တော် အောက်တိုဘာ ၁၈**

နေပြည်တော် နိုင်ငံတော် ဧည့်ဂေဟာ အဝန်းအဝိုင်းအတွင်း၌ "Hilton Nay Pyi Taw Hotel" ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၇ ရက် နံနက်ကကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးငွေးအောင် တက်ရောက်၍ ဟိုတယ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။(ယာပုံ)




ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးငွေးအောင်၊ ဧဒင်အုပ်စုကုမ္ပဏီ ဥက္ကဋ္ဌ ဦးချစ်ခိုင်နှင့် Hilton World Wide's Vice President ဖြစ်သူ Mr.William Costely တို့က ဟိုတယ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဟိုတယ်အဝန်းအဝိုင်းအတွင်း ဆောင်ရွက်ထားရှိသည့် မြေယာရှုခင်းအလှအပများ၊ အဆောက်အအုံများ၊ ခန်းမများနှင့် အိပ်ခန်းများကို လိုက်လံကြည့်ရှုကြသည်။

ဆက်လက်၍ ဟိုတယ်ဖွင့်ပွဲ အစီအစဉ် ဒုတိယပိုင်းအဖြစ် ဟိုတယ်ဧည့်ခန်းမဆောင်တွင် ကျင်းပသည့် အခမ်းအနား၌ ပြည်ထောင်စု ဝန်ကြီးက အမှာစကားပြောကြားရာတွင် အမေရိကန်နိုင်ငံတွင် အခြေပြုသည့် Hilton Hotel Group အနေဖြင့် တစ်ကမ္ဘာလုံးရှိ နိုင်ငံပေါင်း ၉၄ နိုင်ငံ၌ ဟိုတယ်ပေါင်း ၄၀၀၀ ကျော်နှင့် အခန်းပေါင်း ၇၀၀၀၀၀ နီးပါး အကောင်အထည်ဖော် ဆောင်ရွက်ထားနိုင်ပြီဖြစ်သည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ယခုအခါ Hilton Hotel Group နှင့် ဧဒင်အုပ်စုကုမ္ပဏီတို့မှ ပူးပေါင်း၍ နေပြည်တော်နှင့် ရခိုင်ပြည်နယ်၊ ငပလီကမ်းခြေဒေသတို့တွင် "Hilton Nay Pyi Taw Hotel" နှင့် "Hilton Ngapali Beach Resort" ဆိုပြီး အမည်အမှတ်တံဆိပ်များကို ပြောင်းလဲ သတ်မှတ်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ နောက်ထပ်သုံးနှစ်တာကာလအတွင်း ထပ်မံဆောင်ရွက်သွားမည့် ဟိုတယ်သုံးလုံးမှာ ထင်ရှားသည့် ခရီးစဉ်ဒေသများဖြစ်သည့် ပုဂံ၊ အင်းလေးဘက်တွင် "Hilton Bagan" နှင့် "Hilton Inle Lake" ကို ၂၀၁၆ ခုနှစ်အတွင်း၌ လည်းကောင်း၊ မန္တလေးမြို့တွင် "Hilton Mandalay" ကို ၂၀၁၇ ခုနှစ်အတွင်း၌လည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၂၀၁၃ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသွား ဧည့်သည် ၂ ဒသမ ၀၄ သန်းကျော်ဝင်ရောက်ခဲ့ပြီး ယခင် ၂၀၁၂ ခုနှစ် ထက် ၉၃ ရာခိုင်နှုန်း တိုးတက်ခဲ့ပါကြောင်း၊ ယခုကဲ့သို့ နိုင်ငံတကာမှ ခရီးသွားဧည့်သည်များ တိုးတက် ဝင်ရောက်နေချိန်တွင် အဓိကခရီးစဉ် ဒေသများဖြစ်သည့် နေပြည်တော်၊ ငပလီ၊ ပုဂံ၊ မန္တလေး၊ အင်းလေး ဒေသများတွင် ယခုကဲ့သို့ ဟိုတယ် ဝန်ဆောင်မှုလုပ်ငန်းများ အဆင့်မြင့်မြင့် ဖြစ်ပေါ်နိုင်ရေး Hilton Hotel Group မှ ဝိုင်းဝန်းပူးပေါင်း ကူညီဆောင်ရွက်ပေးနေမှုများအတွက်လည်း ကျေးဇူးတင်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ အုပ်ချုပ်မှုမြို့တော်ဖြစ်သည့် နေပြည်တော်တွင် ယနေ့အချိန်ထိ ဟိုတယ်ပေါင်း ၅၉ လုံး၊ အခန်းပေါင်း ၅၄၄၅ ခန်းရှိနေပြီဖြစ်ကြောင်း၊ ၎င်းဟိုတယ်များထဲတွင် ယနေ့ဖွင့်လှစ်သည့် Hilton Nay Pyi Taw Hotel အပြင် International Chain Hotels များဖြစ်သည့် Kempinski Hotel နှင့် Parkroyal Hotel တို့ပါ အကောင်အထည်ဖော် ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာအဆင့်မီ ဟိုတယ်များ အကောင်အထည်ဖော် ဆောင်ရွက်မှု စီမံကိန်းများတွင် တတ်နိုင်သမျှ ပံ့ပိုးကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

**(သတင်းစဉ်)**

# ကိုရီးယားရုပ်ရှင်ပွဲတော် ၂၀၁၄ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၈**

နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန် ဆက်ဆံရေးတိုးမြှင့်စေရန်အတွက် ကိုရီးယားရုပ်ရှင်ပွဲတော် ၂၀၁၄ ကို ရန်ကုန်မြို့ကမာရွတ်မြို့နယ် ဂျန်းရှင်းစကွဲ၌ အောက်တိုဘာ ၂၃ရက်မှ ၂၆ရက်အထိ ကျင်းပသွားရန် မြန်မာနိုင်ငံရှိ တောင်ကိုရီးယားသံရုံးကစီစဉ်နေကြောင်း သိရသည်။

ကိုရီးယားရုပ်ရှင်ပွဲ ၂၀၁၄တွင် ရုပ်ရှင်ကားပေါင်း လေးကားပြသသွားမည်ဖြစ်ရာ ယင်းရုပ်ရှင်ကားများမှာ တောင်ကိုရီးယားနိုင်ငံတွင် နာမည်ကြီး ဇာတ်ကားများဖြစ်သည့် Bae Suzy ခေါင်းဆောင်ပါဝင်သည့် Architecture 101 ရုပ်ရှင်ကား၊ Kim Soo-hyun ခေါင်းဆောင်ပါဝင်သည့် Secretly, Greatly ရုပ်ရှင်ကား၊ Kim Myung Min ပါဝင်သည့် Pacemaker ရုပ်ရှင်ကားနှင့် Lee Min - Jung ခေါင်းဆောင်ပါဝင်သည့် love on Air တို့ဖြစ်သည်။

ယင်းရုပ်ရှင်ကား လေးကားကို ဂျန်းရှင်းစကွဲတွင် အောက်တိုဘာ ၂၃ ရက် ညနေ ၄ နာရီမှ စတင်ကာ Theatre (1) ၌ ညနေ ၄ နာရီတွင် love on Air၊ ည ၇ နာရီတွင် Theatre (1) ၌ Architecture 101 ရုပ်ရှင်ကားများ အခမဲ့ပြသမည်ဖြစ်သည်။ ထို့အတူ Theatre (2) တွင် ယင်းနေ့မှာပင် ညနေ ၄ နာရီ၌ Pacemaker ရုပ်ရှင်ကားနှင့် ည ၇ နာရီတွင် Secretly, Greatly ဇာတ်ကား ပြသသွားမည်ဖြစ်သည်။

အောက်တိုဘာ ၂၄ ရက် ညနေ ၄ နာရီမှစတင်ကာ Pace - maker ရုပ်ရှင်ကား၊ Secretly , Greatly ရုပ်ရှင်ကား၊ love on Airနှင့် Architecture 101 ရုပ်ရှင်ကားများ ပြသမည်ဖြစ်သည်။ တစ်ဖန် အောက်တိုဘာ ၂၅ ရက် တွင်လည်း ယင်းရုပ်ရှင်ကားလေးကားကို ညနေ ၄ နာရီမှစတင်ကာ ပြသသွားမည်ဖြစ်ပြီး အောက်တိုဘာ ၂၆ ရက်တွင် ယင်းအချိန်အတိုင်း ဆက်လက်ပြသသွားမည်ဖြစ်သည်။

"ကိုရီးယားရုပ်ရှင်ပွဲတော် ၂၀၁၄ အတွက် ပရိသတ်များအခမဲ့ကြည့်ရှုနိုင်မည်ဖြစ်ပြီး လက်မှတ်များကို တောင်ကိုရီးယားသံရုံးတွင် အောက်တိုဘာ ၁၆ ရက်မှ ၂၄ ရက်အထိ လာရောက်ထုတ်ယူနိုင်ကြောင်းသိရသည်။ ထို့အပြင် ကိုရီးယား ရုပ်ရှင်ပွဲတော် ၂၀၁၄ ကျင်းပမည့် ဂျန်းရှင်းစကွဲတွင် အောက်တိုဘာ ၂၃ ရက်မှ ၂၆ ရက် အတွင်းထုတ်ယူ ကြည့်ရှုနိုင်ကြောင်း သိရသည်။ **မောင်မောင်မြင့်ဆွေ**



ပြည်တွင်းသတင်း

# လုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်သူများနှင့် အမြဲမပြတ်တိုက်ရိုက်ထိတွေ့ဆောင်ရွက်လျက်ရှိ

**မန္တလေး အောက်တိုဘာ ၁၈**

နိုင်ငံတော်မှ ဆောင်ရွက်လျက်ရှိသည့် ပြုပြင်ပြောင်းလဲမှုများနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ တွေ့ဆုံရှင်းလင်းခြင်းအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက နိုင်ငံတော်အနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ရောက်ရှိရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ အစိုးရအဖွဲ့အနေနှင့် ဆောင်ရွက်နေမှုများ၊ ဝန်ကြီးဌာနများအလိုက် ဆောင်ရွက်နေမှုများ၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်သူများနှင့် အမြဲမပြတ် တိုက်ရိုက်ထိတွေ့ပြီး ဆောင်ရွက်မှုများကို ထည့်သွင်းပြောကြားသည်။

ထို့နောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က အမျိုးသားစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ဆက်လက်ရေးဆွဲ အကောင်အထည်ဖော်သွားမည့် အခြေအနေများ၊ စီမံကိန်းများရေးဆွဲရာတွင် ပြည်ထောင်စုအဆင့်မှ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကဏ္ဍစီမံကိန်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများမှရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရမည့် ဒေသန္တရစီမံကိန်းများ၊ ယင်းစီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် ယခင်ဗဟိုမှ ချုပ်ကိုင်ဆောင်ရွက်သော စီမံကိန်းများအဖြစ်မှ အောက်ခြေတွင် လိုအပ်ချက်များအပေါ် အခြေခံ၍ ထောက်ပြရေးဆွဲထားသော စီမံကိန်းများကို ပြောင်းလဲဆောင်ရွက်ခဲ့ကြောင်း၊ စီမံကိန်းများရေးဆွဲရာတွင် အခြေခံရမည့် မူဘောင်(၁၀)ချက်ပေါ်တွင် အခြေခံ၍ ဦးစားပေး





ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း ပြုပြင်ပြောင်းလဲမှုများနှင့် ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းများ တွေ့ဆုံရှင်းလင်းခြင်း အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အဖြစ် လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေး၊ စိုက်ပျိုးရေးလုပ်ငန်းတိုးတက်ကောင်းမွန်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ ငွေကြေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်ရေး အစရှိသည့် လုပ်ငန်းစဉ်(၇)ရပ်ကို ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်မှ ငါးနှစ်စီမံကိန်း (၄)ကြိမ် အနှစ် ၂၀ အတွက် စီမံကိန်းများကို အရှေ့အာရှနိုင်ငံများ၊ အာရှဖွံ့ဖြိုးရေးဘဏ် အစရှိသည့် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းရေးဆွဲပြီးဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က အမျိုးသားစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းများနှင့် စပ်လျဉ်း၍ ရသုံးမှန်းခြေဆိုင်ရာ ကိစ္စရပ်များ၊ အခွန်အကောက်ဆိုင်ရာ ကိစ္စရပ်များ၊ ဘတ်ဂျက်ဆိုင်ရာ ကိစ္စရပ်များနှင့် ပြည်တွင်းပြည်ပ ကြွေးမြီကိစ္စရပ်ဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသော တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ပြန်လည်ရှင်းလင်းပြောကြားသည်။ **(သတင်းစဉ်)**

# အကြီးဆုံးမဟာဗုဒ္ဓဝင်ပြတိုက်ကြီး လားရှိုး၌ တည်ဆောက်



**သတင်းဆောင်းပါး**
**မမ(လားရှိုး)**

ဝါလကင်းလွတ် သီတင်းကျွတ်ကာလသို့ ရောက်လာသည်နှင့် ဗုဒ္ဓဘာသာဝင်တို့မှာ ဘုရားကျောင်းကန်များသို့ သွားရောက်ဥပုသ်သီလဆောက်တည်ခြင်း၊ လှူဒါန်းခြင်း၊ မိမိတို့ကိုးကွယ်ကြသော ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ကပ်လှူခြင်း ပြုလုပ်လေ့ရှိရာ စာရေးသူတို့ မိသားစုသည်လည်း လားရှိုးမြို့ ရပ်ကွက်(၈)ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ သီရိမင်္ဂလာမန်ဆူ(ရှမ်းကျောင်း)သို့ သွားရောက်ခဲ့သည်။

သီရိမင်္ဂလာ မန်ဆူ(ရှမ်းကျောင်း)သို့ ဝင်လိုက်သည်နှင့် မဟာမြတ်မုနိပုံတူနီးဘုရားကြီးကို ကြည်ညိုကြသည်။ ထိုမှတစ်ဖန် ဆရာတော်ဘဒ္ဒန္တပုညနန္ဒကို ပူဇော်ကန်တော့ကြသည်။ ကျောင်းဝင်းအတွင်းရှိ စေတီတော်နှင့်အတူ သာသနိကအဆောက်အအုံများစွာ တွေ့မြင်ရသည်။ ထိုများစွာသော အဆောက်အအုံများအနက် ဆောက်လက်စအဆောက်အအုံ တစ်ခုကို တွေ့မြင်ရသဖြင့် ဆရာတော်အား လျှောက်ထားမေးမြန်းရာ ဗုဒ္ဓဝင်ပြတိုက်ကြီးဖြစ်သည်ဟု သိလိုက်ရသည်။

လားရှိုးမြို့ရှိ သီရိမင်္ဂလာမန်ဆူ (ရှမ်းကျောင်း) ဆရာတော်ကြီး ဘဒ္ဒန္တပုညနန္ဒမှာ ၄-၁-၂၀၁၄ ရက်က နိုင်ငံတော်က အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသော ဆရာတော်ကြီး ဖြစ်သည်။

ဆရာတော်က "ရှမ်းပြည်နယ်တောင်ပိုင်း၊ အရှေ့ပိုင်း၊ မြောက်ပိုင်း ဘယ်ဒေသမှာမှ ဗုဒ္ဓဝင်ပြတိုက် မရှိသေးဘူး။ ရှမ်းပြည်နယ်မြောက်ပိုင်းမှာ ပထမဆုံးဆောက်လိုက်တာ အကြီးဆုံးလည်း ဖြစ်လာမယ်၊ အဆောက်အအုံက နှစ်ထပ်ဖြစ်မယ်၊ ကုန်ကျစရိတ် ခန့်မှန်းခြေကတော့ ငွေကျပ်သိန်း ၂၀၀၀ လောက် ကုန်ကျမယ်လို့ ခန့်မှန်းထားပါတယ်။ ဗုဒ္ဓသာသနာတော်အဓွန့်ရှည်ရေး၊ ထွန်းကားပြန့်ပွားရေးအတွက် ရည်ရွယ်တာ၊ နောင်လာနောက်သား ဗုဒ္ဓဘာသာဝင်တွေအနေနဲ့ ဗုဒ္ဓဘာသာ သာသနာတော် ကွယ်ပျောက်မသွားအောင် ထိန်းသိမ်းဖို့လိုတယ်။

"ဗုဒ္ဓဘာသာကိုသိအောင် ဗုဒ္ဓဘာသာ ပြန့်ပွားရာအရပ်တွေ၊ ဘုရားရှင်ဖွားမြင်တော်မူရာ၊ ကြွချီရာအရပ်၊ တရားကျင့်ရာနေရာ၊ တရားဦးဟောရာ နေရာတွေ၊ ပရိနိဗ္ဗာန်စံတော်မူရာ အရပ်တွေအပြင် ဇာတ်တော်ကြီးတွေကိုပြမယ်။ ဘုရားရှင်သာသနာပြုရာခရီးတွေကို မြေပုံတွေနဲ့ ပြမယ်။ သီတင်းသုံးတော်မူရာ နေရာတွေကိုလည်း ပြသထားမယ်။ ဒါ့အပြင် ဘာသာ သာသနာတော်ဆိုင်ရာ၊ သာသနိကဆိုင်ရာပေစာ၊ ကျမ်းစာပိဋကတ်တော်တွေကိုလည်း အသေးစိတ်ပြသထားမှာပါ" ဟု မိန့်တော်မူသည်။

စာရေးသူငယ်ဘဝက အဘိုးအဘွားတို့ရှိရာ ပြင်ဦးလွင်မြို့သို့ ရောက်သည့်အခါတိုင်း ရှေးဟောင်းသမိုင်းဝင်ဘုရားများ သွားရောက်ဖူးမြော်ကာ ဘုရားပရိဝုဏ်အတွင်းပြသထားသော ဗုဒ္ဓဝင်ပန်းချီကားချပ်ကြီးများ၊ ဇာတ်တော်ကြီးများကို ကြည့်ရှုရသည်ကို သတိရမိသည်။ အထူးသဖြင့် အဝီစိငရဲနှင့်ဆိုင်သော ပန်းချီကားချပ်ကြီးများကို ယနေ့တိုင် မေ့မရနိုင်ဘဲ ငရဲရောက်မှာ ကြောက်ရွံ့ကာ ငါးပါးသီလမြဲခြင်း၊ သီလဆောက်တည်ခြင်း၊ ဝတ်ပြုခြင်းတို့ကို မပြတ်ပြုနေသလို သားသမီးနှင့် မြေးများအား မြင်ခဲ့ရသည်များကို အခါမလပ်ပြောပြလေ့ရှိသည်။

လားရှိုးမြို့ပေါ်တွင် ထိုထိုသော ဗုဒ္ဓဝင်ပြတိုက်ကြီး ပေါ်ပေါက်လာချိန်တွင် မိမိတို့၏သားစဉ်မြေးဆက်မှာ ဗုဒ္ဓဘာသာ သာသနာဆိုင်ရာ အကြောင်းအရာများ၊ ဘုရားရှင်နှင့် ပတ်သက်သောအကြောင်းအရာများ၊ ဗုဒ္ဓဘာသာထွန်းကားပြန့်ပွားအောင် ဆောင်ရွက်ခဲ့ပုံများ၊ ဘာသာထုံးတမ်းယဉ်ကျေးမှုအမွေအနှစ်များကို မြင်တွေ့ကြသိရှိနိုင်ကြမှာ ဖြစ်သည်ဟု ယုံကြည်မိသည်။ မျက်မှောက်ခေတ်တွင် မြန်မာပြည်အနှံ့အပြားတွင် ရွှေတိဂုံပုံတူစေတီတော်များကို နိုင်ငံတော်က တည်ထားပေးလျက်ရှိသည်။ နယ်စပ်ဒေသရှိ တိုင်းရင်းသားများ၊ သက်ကြီးရွယ်အိုများ အနေနှင့် ရန်ကုန်မြို့သို့ သွားရောက်ပြီး ရွှေတိဂုံစေတီတော်ကြီးကို ဖူးမြော်ရန်၊ အခက်အခဲမဖြစ်စေရန်၊ သာသနာတော် အဓွန့်ရှည်တည်မြဲစေရန်နှင့် သာသနာတော် ထွန်းကားပြန့်ပွားစေရန် ရည်ရွယ်ကာ ဆောင်ရွက်ပေးခဲ့သည်။ နယ်စပ်တောင်ပေါ်ဒေသများမှ ပြည်သူများမှာ ရွှေတိဂုံစေတီတော်မြတ်ကြီးကို မိမိတို့ဒေသ၊ မိမိတို့အရပ်တွင် လွယ်လင့်တကူ ဖူးမြော် ခွင့်ရကြပေသည်။

ထိုသို့ နိုင်ငံတော်၏ စေတနာကြောင့် ဝေးလံခေါင်ဖျားအရပ်ဒေသမှတိုင်းရင်းသားတို့ ဗုဒ္ဓဘာသာအပေါ် သက်ဝင်ယုံကြည်လာကြသူ အများအပြားရှိသည်ကို ကြားသိရသည်။ လားရှိုးမြို့ သီရိမင်္ဂလာမန်ဆူ (ရှမ်းကျောင်း) တိုက်ကြီးအတွင်း တည်ဆောက်နေသော မဟာဗုဒ္ဓဝင်ပြတိုက်ကြီး ဆောက်လုပ်ရန်အတွက် အတတ်ပညာရှင်များ၊ ကျွမ်းကျင်သူများကို ခေါ်ယူဆောင်ရွက်နေကြောင်းနှင့် တည်ဆောက်မှုပြီးစီးပါက လာရောက်လေ့လာမည့်သူများကို ရှင်းလင်းပြောပြနိုင်ရန် ဘာသာစကားမျိုးစုံ တတ်မြောက်သူများ ထားရှိပေးမည်ဖြစ်ကြောင်း ဆရာတော်က မိန့်တော်မူသည်။

ထို့ပြင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့သို့ ရောက်ရှိလာသော နိုင်ငံခြားသားများလည်း ဗုဒ္ဓဘာသာ သာသနာတော် အကြောင်းအရာများကို လေ့လာသိရှိနိုင်ခွင့် ရရှိနိုင်မည်ဖြစ်သည်ဟု ဆရာတော်က မိန့်တော်မူသည်။

မိမိတို့ ဗုဒ္ဓဘာသာဝင်များအနေဖြင့် ဗုဒ္ဓဘာသာ သာသနာတော်ကြီး အဓွန့်ရှည်တည်တံ့ရေး မျှော်ကိုးကာ ယခုတည်ဆောက်နေသော ဗုဒ္ဓဝင်ပြတိုက်ကြီး အလျင်အမြန်ပြီးစီး အကောင်အထည်ပေါ်လာစေရေးအတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့် ပါဝင်လှူဒါန်းခြင်းဖြင့် ကုသိုလ်ယူကာ သာသနာတော်အကျိုး ဆောင်ရွက်နိုင်စိမ့်သော ဌာစေတနာကောင်းဖြင့် ရေးသားဖော်ပြလိုက်ရပါသည်။

# လုပ်ငန်းကဏ္ဍအလိုက် ပြည်ပအဖွဲ့အစည်းများဖြင့် ပူးပေါင်းပြီး စီမံကိန်းများဆောင်ရွက်နိုင်အောင် ကြိုးပမ်း

**နေပြည်တော် အောက်တိုဘာ ၁၈**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးသည် အောက်တိုဘာ ၁၈ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်က ရန်ကုန်မြို့ အမှတ်(၆) ကမ္ဘာအေးဘုရားလမ်းရှိ မြန်မာ့သိပ္ပံနှင့် နည်းပညာသုတေသနဦးစီးဌာနသို့ ရောက်ရှိပြီး ညွှန်ကြားရေးမှူးချုပ်၊ ဌာနမှူးများ၊ ဌာနတာဝန်ခံများ၊ သုတေသီများနှင့် တွေ့ဆုံခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် ဝန်ကြီးဌာနအနေဖြင့် ပညာရေးဆိုင်ရာ ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်းများသာမက သုတေသနလုပ်ငန်းများအားလုံးကိုပါ ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ ထိရောက်အောင်မြင်စေရန် လိုအပ်ပါကြောင်း၊ ဌာနပြုပြင်ပြောင်းလဲမှုအတွက် သုတေသနဌာန တစ်ခုချင်းအလိုက် မျှော်မှန်းချက်၊ ရည်ရွယ်ချက် လုပ်ငန်းစဉ်များအပေါ်တွင်အခြေခံသော သုတေသနဓာတ်ခွဲခန်းလိုအပ်ချက်များ၊ စက်ပစ္စည်းကိရိယာလိုအပ်ချက်များနှင့် သုတေသီလိုအပ်ချက်များကို ကျစ်ကျစ်လျစ်လျစ်ဖြင့် အနည်းဆုံးဖြစ်အောင် တင်ပြပေးစေလိုကြောင်း၊ နိုင်ငံတကာဆက်ဆံရေးအနေဖြင့်လည်း မိမိလုပ်ငန်းကဏ္ဍအလိုက် ပြည်ပအဖွဲ့အစည်းအသီးသီးဖြင့် ပါဝင်ပူးပေါင်းနိုင်ပြီး စီမံကိန်း(Project)များ ဆောင်ရွက်နိုင်အောင် ကြိုးပမ်းကြရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်က ဆောင်ရွက်ဆဲ ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာသင်တန်းများ ဖွင့်လှစ်နိုင်ရေးကိစ္စများ၊ စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာ နည်းဥပဒေများကို ရေးဆွဲနေမှုအခြေအနေများ၊ စံချိန်စံညွှန်းရေးဆွဲနေမှုအခြေအနေများ၊ နည်းပညာဆပ်ကော်မတီများကို ကျစ်ကျစ်လျစ်လျစ်ဖွဲ့စည်းရန်ကိစ္စများ၊ သိပ္ပံနှင့်နည်းပညာမူဝါဒရေးဆွဲနေမှု အခြေအနေနှင့် အသစ်ပြန်လည်ရေးဆွဲလျက်ရှိသော သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးရေးဥပဒေမူကြမ်း ရေးဆွဲနေမှုအခြေအနေများကို တင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဝန်ထမ်းမှတ်တမ်းစာအုပ်များ စာပေဗိမာန် စာအုပ်ဆိုင်များတွင် ရောင်းချပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၈**

နိုင်ငံ့ဝန်ထမ်းတိုင်း၏ ဝန်ထမ်းရေးရာကိစ္စရပ်များကို စနစ်တကျရေးသွင်းမှတ်တမ်းတင်ရာတွင် အသုံးပြုရသည့် ဝန်ထမ်းမှတ်တမ်းစာအုပ် Service Book များကို တစ်အုပ်လျှင် ငွေကျပ် ၄၀၀ နှုန်းဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ် ထုတ်ဝေရေးလုပ်ငန်းမှ စာပေဗိမာန်စာအုပ်ဆိုင်များတွင် ဖြန့်ချိရောင်းချပေးလျက်ရှိသည်။

Service Book စာအုပ်များကို စာပေဗိမာန် စာအုပ်ဆိုင်များဖြစ်သည့် နေပြည်တော်တွင် အမှတ်(တ-၅၅)၊ သပြေကုန်းဈေး ဖုန်း-၀၆၇-၄၁၄၆၈၁၊ ရန်ကုန်မြို့တွင် အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်းနှင့် ၃၇ လမ်းထောင့် ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ နှင့် အမှတ်(၂၄၅-၂၄၇) အနော်ရထာလမ်းနှင့် ၉ လမ်းထောင့် လမ်းမတော်မြို့နယ်နှင့် မန္တလေးမြို့တွင် အမှတ်(၁၅၉) ၈၆ လမ်း ၂၁×၂၂ လမ်းကြား ဖုန်း-၀၂-၃၀၁၈၆ တို့တွင် အုပ်ရေကန့်သတ်မှုမရှိဘဲ ဝယ်ယူရရှိနိုင်သည်။

ဌာနဆိုင်ရာများအနေဖြင့် အုပ်ရေအများအပြားဝယ်ယူလိုပါက ဌာနဆိုင်ရာအမှာစာဖြင့် အထက်ဖော်ပြပါ စာပေဗိမာန်စာအုပ်ဆိုင်များသို့ ဆက်သွယ်ဝယ်ယူနိုင်ပါကြောင်းနှင့် စုံစမ်းမေးမြန်းလိုပါက ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ တို့ထံသို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## သမ္မတရွေးကောက်ပွဲတွင် အပျက်သဘောဆောင် ပြောဆိုခြင်းများကိုတားမြစ်

**ဘရာဆီးလီးယား အောက်တိုဘာ ၁၈**

ဘရာဇီးနိုင်ငံ၏ ထိပ်တန်းရွေးကောက်ပွဲ အာဏာပိုင်အဖွဲ့က အောက်တိုဘာ ၂၆ ရက်တွင် ကျင်းပမည့် သမ္မတရွေးကောက်ပွဲတွင် အပျက်သဘောဆောင်သော ဆန္ဒပြမှုများ မလုပ်ရန် တားမြစ်ခဲ့ကြောင်း ဒေသတွင်း သတင်းမီဒီယာများက သောကြာနေ့က ဖော်ပြခဲ့သည်။

အပျက်သဘော ဆောင်သည့် ကြော်ငြာချက်များသည်ပြင်းထန်သော အကျိုးသက်ရောက်မှုဖြစ်ပေါ်စေနိုင်သောကြောင့် ရွေးကောက်ပွဲဆိုင်ရာ တရားရုံးချုပ်က ရေဒီယို၊ တီဗွီများတွင် သားပုပ်လေလွင့်ပြောဆိုခြင်းများကို တားမြစ်ဖို့အရှိန်အဟုန်မြှင့်လုပ်ဆောင်ရန် ဆုံးဖြတ်ချက်ချခဲ့သည်။

ရွေးကောက်ပွဲအဖွဲ့က အမတ်လောင်းနှစ်ဦးဖြစ်သည့် လက်ရှိတာဝန်ထမ်းဆောင်ဆဲ သမ္မတ ဒီမာရုပ်ဆဲ့ဖ်နှင့် ကွန်ဆာဗေးတစ်အတိုက်အခံအမတ် အီသီရိုနီဗက်စ်တို့ကို ၎င်းတို့၏ အဆိုပြုချက်များအား မဲဆန္ဒရှင်များသို့ တင်ပြရန် ရုပ်သံထုတ်လွှင့်ချိန်ကို အသုံးပြုဖို့ တိုက်တွန်းလိုက်သည်။ ဘရာဇီးနိုင်ငံ၏ ပထမဆုံးပြုလုပ်သည့် အဆိုပါတားမြစ်ပိတ်ပင်မှုသည် အခြားမီဒီယာများ၏ အခပေးကြော်ငြာများကို အကျိုးသက်ရောက်မှုမရှိပါ။ **(ဆင်ဟွာ)**

## ဖခင်၏ သေနတ်ပစ်ခတ်မှု ကလေးနှစ်ဦးသေဆုံး

**နယူးယောက် အောက်တိုဘာ ၁၈**

အမေရိကန် ပြည်ထောင်စု၌ လင်မယား အငြင်းပွားမှုဖြစ်ပွားပြီးနောက် အမျိုးသားက သေနတ်ဖြင့် ပစ်ခတ်ခဲ့ရာ သုံးဦးသေဆုံးခဲ့ကြောင်း ပရက်စ်တီဗွီသတင်းတွင် ဖော်ပြခဲ့သည်။

Davi Mohney အမည်ရှိ အဆိုပါ အမျိုးသားသည် ၎င်း၏ ကလေးသုံးဦးကို သေနတ်ဖြင့် ပစ်ခဲ့ပြီး မိမိကိုယ်ကို အဆုံးစီရင်ခဲ့ခြင်းဖြစ်သည်။ အသက် ၁၁ နှစ်အရွယ် ကလေးမှာ ပွဲချင်းပြီးသေဆုံးခဲ့ပြီး ဖခင်ဖြစ်သူနှင့် အသက် ၁၄ နှစ်အရွယ် ကလေးမှာ ဆေးရုံ၌ သေဆုံးသွားခဲ့သည်။ ကိုးနှစ်အရွယ်ကလေးမှာ ကလေးဆေးရုံ၌ အရေးပေါ်အခြေအနေဖြင့် ဆေးကုသမှုခံယူနေဆဲဖြစ်သည်။

**(ပရက်စ်တီဗွီ)**







## မောင်းကွတ်ခရိုင်အတွင်း အဓိကရုဏ်းနှိမ်နင်း ခိုက်ရန်ပြုသူများကို ရဲတပ်ဖွဲ့က ဖမ်းဆီး

**ဟောင်ကောင် အောက်တိုဘာ ၁၈**

ဟောင်ကောင်အာဏာပိုင်များက ဆန္ဒပြသူများ စုစည်းနေသည့် နေရာများကို ရှင်းလင်းပြီး နာရီပိုင်းအကြာ ဒီမိုကရေစီဆန္ဒပြသူများ မောင်းကွတ်ခရိုင် လမ်းများပေါ် ပြန်လည်ရောက်ရှိလာသည်။

အဓိကရုဏ်းရဲတပ်ဖွဲ့ဝင်များက အဓိကရုဏ်းနှိမ်နင်းရေးတုတ်များ၊ ငရုတ်ကောင်းဖျန်းဆေးများ အသုံးပြုကာ ဖြိုခွင်းခဲ့ပြီးနောက် ဆန္ဒပြသူများ လမ်းများပေါ်တွင် ပြန်လည်ဝင်ရောက်နေရာယူခဲ့သည်။ ဆန္ဒပြသူ ၉၀၀၀ ခန့်က ထီးများကိုဖွင့်ကာ လက်နက်သဖွယ် အသုံးပြုပြီး ရဲတပ်ဖွဲ့ဝင်များ၏ အတားအဆီးများကို ကျော်ဖြတ်ဝင်ရောက်ခဲ့သည်။ ၎င်းတို့သည် မောင်းကွတ်ခရိုင်အတွင်း ဝင်ရောက်ခဲ့ပြီးဆန္ဒပြနေရာများ ပြန်လည်ရယူသဖြင့် ယာဉ်သွား ယာဉ်လာများ ရပ်တံ့သွားခဲ့ရသည်။

သီတင်းပတ်အချို့ မြို့နေရာများကို သိမ်းပိုက်ထားသော ဆန္ဒပြသူများက လာမည့် ၂၀၁၇ ဟောင်ကောင်အုပ်ချုပ်ရေးမှူး ရွေးချယ်မှုအပေါ် တရုတ်နိုင်ငံ၏ တင်းကျပ်ခြင်းကို မကျေမနပ်ဖြစ်နေကြသည်။

သောကြာနေ့ ညနေပိုင်းက ဖြစ်ပွားသော အဓိကရုဏ်းဖြစ်စဉ်အတွင်း လူပေါင်း ၂၆ ဦးအား တိုက်ခိုက်ရန်ပြုမှု စွဲချက်များဖြင့် ဖမ်းဆီးထားကြောင်း ရဲအဖွဲ့က ပြောသည်။ ယင်းအဓိကရုဏ်းအတွင်း ရဲအရာရှိ ၁၅ ဦးလည်း ဒဏ်ရာရရှိသွားသည်ဟု ဆိုသည်။ **(ဘီဘီစီ)**

## နိုင်ဂျီးရီးယားစစ်ဘက်နှင့် ဘိုကိုဟာရမ်တို့ အပစ်အခတ်ရပ်စဲရေးသဘောတူ ပြန်ပေးဆွဲထားသောကျောင်းသူများ ပြန်လွှတ်ပေးမည်

**အဘူဂျာ အောက်တိုဘာ ၁၈**

နိုင်ဂျီးရီးယားတပ်မတော်နှင့် ဘိုကိုဟာရမ်တို့အကြား အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်အရ ပြန်ပေးဆွဲထားသော ကျောင်းသူများကို ပြန်လွှတ်ပေးမည်ဖြစ်ကြောင်း နိုင်ဂျီးရီးယားတပ်မတော်က ပြောခဲ့သည်။

နိုင်ဂျီးရီးယားကာကွယ်ရေးဌာနအကြီးအကဲက အပစ်အခတ်ရပ်စဲရေးကို ကြေညာခဲ့သော်လည်း ဘိုကိုဟာရမ်တို့က လူသိရှင်ကြားထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိသေးပေ။

ဘိုကိုဟာရမ်တို့သည် ၂၀၀၉ ခုနှစ်ကတည်းက တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ရာ အဆိုပါနှစ်အတွင်း အရပ်သား ၂၀၀၀ ခန့် သေဆုံးခဲ့သည်။

လွန်ခဲ့သော ခြောက်လက ဘိုကိုဟာရမ်တို့၏ ကျောင်းသူ ၂၀၀ ကျော်ကို ပြန်ပေးဆွဲခဲ့သည့်ကိစ္စသည် ကမ္ဘာတစ်ဝန်းလုံးသို့ မီးပွားလွင့်စဉ်သွားခဲ့သည်။

၎င်းတို့ကို Borno ပြည်နယ် အရှေ့မြောက်ပိုင်း Chibok မြို့ထဲ၌ ပြန်ပေးဆွဲခဲ့ပြီး အကျဉ်းချထားခဲ့သည်။ ယင်းကိစ္စသည် ကျောင်းသူများ ဘေးအန္တရာယ်ကင်းစွာ ပြန်လွှတ်ရေးဖြစ်သည့် အစိုးရ၏ကြိုးပမ်းအားထုတ်မှုအပေါ် ပြစ်တင်ဝေဖန်မှုများ ဖြစ်စေခဲ့သည်။

နိုင်ဂျီးရီးယားနှင့် ကင်မရွန်းအကြား သုံးရက်ကြာ လုံခြုံရေးဆိုင်ရာ ဆွေးနွေးပွဲ၌ အပစ်အခတ်ရပ်စဲရေးကို ဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ဂျီးရီးယားတပ်ဖွဲ့ဝင်များအနေဖြင့်လည်း ယင်းသဘောတူညီချက်ကို လက်ခံလိမ့်မည်ဖြစ်ကြောင်း လေတပ်အကြီးအကဲက ပြောခဲ့သည်။

တစ်လကြာဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး ချက်နိုင်ငံ၏ ကြားဝင်ဖျန်ဖြေပေးမှုဖြင့် ယင်းသဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း နိုင်ဂျီးရီးယားသမ္မတက အာဖရိကရောက် ဘီဘီစီသတင်းထောက် Tukur ကို ပြောခဲ့သည်။

ကျောင်းသူများ ပြန်လွှတ်ပေးရေးအစီအစဉ်များကို ချက်နိုင်ငံ၌ လာမည့်ရက်သတ္တပတ်တွင် ပြုလုပ်မည့်အစည်းအဝေး၌ အပြီးသတ်ဆွေးနွေးမည်ဖြစ်သည်။ **(ဘီဘီစီ)**

## ဆီးရီးယားတွင် အိုင်အက်စ်တို့ ဂျက်လေယာဉ်သုံးစင်းကို မောင်းနှင်ပျံသန်း

**ကိုဘာနီ အောက်တိုဘာ ၁၈**

ဆီးရီးယားနိုင်ငံရှိ အိုင်အက်စ်စစ်သွေးကြွအဖွဲ့ထံ ဝင်ရောက်သွားသည့် အီရတ်ပိုင်းလော့များက အသိမ်းခံ ဂျက်လေယာဉ်သုံးစင်းကို မောင်းနှင်နိုင်ရန် အဖွဲ့ဝင်များကို လေ့ကျင့်ပေးနေသည်။

အဆိုပါအဖွဲ့သည် စစ်ပွဲကို ထိန်းချုပ်ထားသူများဖြစ်ကြောင်း သောကြာနေ့က ပြောခဲ့သည်။ ထိုသို့ မောင်းနှင်မှုသည် စစ်သွေးကြွအုပ်စုအတွက် ပထမဆုံးအကြိမ် လေယာဉ်မောင်းနှင်မှုပင်ဖြစ်သည်။

ဆီးရီးယားနှင့် အီရတ်တစ်ခွင်ကို သိမ်းပိုက်ခဲ့သော အဆိုပါအုပ်စုသည် အလက်ပိုအရှေ့ဘက် သိမ်းပိုက်ခံ အယ်ဂျာရာ့ဟ် စစ်လေတပ်စခန်းပေါ်တွင် လေယာဉ်ပျံသန်းမောင်းနှင်ခဲ့ကြောင်း ဗြိတိန်အခြေစိုက် ဆီးရီးယားလူ့အခွင့်အရေးလေ့လာစောင့်ကြည့်သူ ရာပီအဗ္ဗဒူရာမန်က ပြောခဲ့သည်။



ရိုက်တာ သတင်းဌာနသည် အဆိုပါသတင်းနှင့် ပတ်သက်ပြီး ချက်ချင်းအတည်မပြုနိုင်သေးပေ။ အမေရိကန် ဗဟိုကွပ်ကဲရေးဌာနက ဆီးရီးယားတွင် လေယာဉ်ပျံသန်းမောင်းနှင်ခဲ့ခြင်းသည် အိုင်အက်စ်တို့ကို လုံးဝဂရုမစိုက်သည့်သဘောဖြစ်ကြောင်း ပြောခဲ့သည်။

အမေရိကန် ဦးဆောင်သော တပ်ဖွဲ့များသည် ဆီးရီးယားနှင့် အီရတ်အခြေစိုက် အိုက်အက်စ်စစ်သွေးကြွများကို ဗုံးကြဲတိုက်ခိုက်လျက်ရှိသည်။ "သူတို့မှာ လေ့ကျင့်ထားတဲ့သူတွေရှိတယ်"ဟု ယခင်က ပိုင်းလော့လုပ်ခဲ့ဖူးသူ အဗ္ဗဒူရာမန်က ပြောခဲ့သည်။

"လူတွေ လေယာဉ်တွေကို တွေ့ခဲ့တယ်။ လေယာဉ်တွေက လေဆိပ်ကနေ အကြိမ်များစွာ ပျံသန်းထွက်ခွာပြီး လေဆိပ်အပြင်ဘက်ကောင်းကင်ပေါ်မှာ ပျံသန်းမောင်းနှင်ပြီးတော့ ပြန်ဆင်းလာတယ်"ဟု ၎င်းက မျက်မြင်သက်သေများ၏ ပြောစကားကို အခြေခံကာ ပြောခဲ့သည်။

အဆိုပါ ဂျက်လေယာဉ်များ လက်နက်တပ်ဆင်ထားခြင်း ရှိ မရှိ မသေချာသေးပေ။ ထို့ပြင် လေယာဉ်ကို အမောင်းလေ့ကျင့်နေခြင်းလားဆိုသည်မှာ ယခုအချိန်ထိ ဝေခွဲမရဖြစ်နေသေးသည်။

**(ရိုက်တာ)**

## တောင်ကိုရီးယားပေါ့ပ်ကဇာတ်ရုံပြိုကျ အနည်းဆုံး ၁၆ ဦးသေဆုံးပြီး ၁၁ ဦးဒဏ်ရာရ



**ဆိုးလ် အောက်တိုဘာ ၁၈**

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တောင်ဘက် ဆောင်နမ်မြို့ရှိ ပေါ့ပ်ဖျော်ဖြေပွဲ ကဇာတ်ရုံ၌ မတော်တဆမှု တစ်ရပ်ဖြစ်ပွားခဲ့ရာ အနည်းဆုံး ၁၆ ဦးသေဆုံးပြီး ၁၁ ဦးဒဏ်ရာရရှိသွားခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။

အဆိုပါ ကဇာတ်ရုံရှိ လေဝင်လေထွက်ဂိတ်ပေါက် တစ်ခုပြိုကျပြီး ကပွဲလာ ပရိသတ်တစ်ခုမှာ ၃၃ ပေအနက်ရှိ မြေအောက် ကားရပ်ရန်နေရာတစ်ခုအတွင်း ပြုတ်ကျသွားခဲ့ကြောင်း ၎င်းတာဝန်ရှိသူများက ပြောသည်။ တောင်ကိုရီးယားနာမည်ကြီး ပေါ့ပ်တီးဝိုင်းအဖွဲ့ 4 Minute နှင့် အခြားတီးဝိုင်းများ ဖျော်ဖြေတင်ဆက်နေစဉ် အဆိုပါ ကဇာတ်ရုံပြိုကျမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ကပွဲပြိုကျမှုကြောင့် သေဆုံးဒဏ်ရာရသူများသည် ဖျော်ဖြေတင်ဆက်မှုကို ပို၍မြင်ရစေရန် ဂိတ်အပေါ်သို့ တက်ရောက်ကြည့်ရှုရာမှ ပြိုကျမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ကယ်ဆယ်ရေးအဖွဲ့များက သေဆုံးသူများတိုးလာမည်ကို စိုးရိမ်နေကြသည်။ အဆိုပါဖြစ်ရပ်၌ ၁၂ ဦးသေဆုံးခဲ့ပြီး နှစ်ဦးမှာ ဆေးရုံသို့အသွား လမ်းခုလတ်တွင် သေဆုံးသွားခဲ့သည်။

အဆိုပါ ကပွဲသို့ လူပေါင်း ၇၀၀ ခန့်လာရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။ ယင်းပွဲမှာ ပန်ယိုတက်ခ်ျနိုတောင်ကြားရှိ ဒေသဆိုင်ရာ ပွဲတော်တစ်ခု၏ အစိတ်အပိုင်းအဖြစ် ကျင်းပခဲ့ခြင်းဖြစ်သည်။ လေဝင်လေထွက်အမိုးဂိတ်ပေါ်သို့ လူပေါင်း ၂၀၊ ၃၀ ခန့်တက်ရောက်ကြည့်ရှုခဲ့ရာ ခံနိုင်ဝန်အားလွန်ပြီး ပြိုကျခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ **(ဘီဘီစီ)**

# အများသုံးရေကန်တွင် ရေဆင်းဆော့ကစားသူ ကလေးတစ်ဦးရေနစ်သေဆုံး

**ဆိပ်ကြီးခနောင်တို အောက်တိုဘာ ၁၈**

ဆိပ်ကြီးခနောင်တိုမြို့မရဲခစန်းမှ တပ်ဖွဲ့ဝင်များသည် ဆိပ်ကြီးခနောင်တို မြို့နယ် ဆိပ်ကြီးအရှေ့ရပ်ကွက်၊ တော်ဝင်လမ်းဘေးရှိ အကျယ်ငါးကေခန့်၊ အနက် ၁၂ ပေခန့်ရှိ အများသုံးရေကန်ထဲတွင် ကလေးတစ်ဦး ရေနစ်သေဆုံး ကြောင်း သတင်းအရ အောက်တိုဘာ ၁၆ ရက် ညနေ ၄ နာရီခွဲက သွားရောက် စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ သွားရောက်စစ်ဆေးခဲ့ရာ သေဆုံးသူမှာ ဆိပ်ကြီးအရှေ့ရပ်ကွက်နေ မောင်ချစ်ကို ကိုးနှစ်ဖြစ်ကြောင်း သိရပြီး လူကြီးများမသိချိန် တစ်ဦးတည်း ရေကန်တွင် ရေဆင်းဆော့ကစားရာမှ ရေနစ်သေဆုံးခြင်းဖြစ်ကြောင်း၊ အဆိုပါ သေဆုံးမှုနှင့် ပတ်သက်၍ ဆိပ်ကြီးခနောင်တိုမြို့မရဲစခန်းက အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**တင်လှမောင်**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# ဆီပုံးများတင်ဆောင်လာသည့် ဆူဇူကီးကားမီးလောင်

**ရန်ကုန် အောက်တိုဘာ ၁၈**

အောက်တိုဘာ ၁၈ ရက် နံနက် ၇ နာရီ မိနစ် ၄၀ခန့်က ကြည့်မြင်တိုင် မြို့နယ်အတွင်း ကမ်းနားလမ်းအတိုင်း မောင်းနှင်လာသည့် ဆူဇူကီး 8E/ ---- မှာ သာခုအနောက်ရပ်ကွက် လောကမာန်အောင်စေတီတော်ရှေ့ အရောက်တွင် ကားဘက်ထရီမှ ဝိုင်ယာရှော့ခ်ဖြစ်ပြီး မီးစတင်လောင်မှု ဖြစ်ပွားခဲ့သည်။

မီးမှာ ကားနောက်ခန်းတွင် ပါလာသည့် ဆီပုံးများသို့ ကူးစက်သွားပြီး မီးလောင်မှုအား ပိုမိုကြီးမားလာခဲ့သည်။

ရပ်ကွက်အတွင်းမှ ကြည့်နေသူ အမျိုးသားတစ်ဦးက "ကားဦးခေါင်းက စလောင်တယ်၊ နောက်ခန်းမှာရှိတဲ့ ဒီဇယ်ပုံးသုံးလုံးကို လောင်ပြီး မီးအား



တွေ မြင့်တက်လာတယ်"ဟု သူ့အမြင်ကို ဆိုခဲ့သည်။

မီးလောင်မှုကြောင့် ကားတစ်စီးလုံး ပျက်စီးသွားခဲ့သည်။ ယာဉ်မှုစစ်ကွန်ပျူတာမှ ဖော်ထုတ်ချက်အရ ယာဉ်ပိုင်ရှင်မှာ ဗဟန်းမြို့နယ်အတွင်း နေထိုင်သူတစ်ဦးဖြစ်ပြီး ယာဉ်မောင်းသူကိုလည်း စိစစ်ဖော်ထုတ်နေဆဲဖြစ်သည်ဟု ကြည့်မြင်တိုင်မြို့မ ရဲတပ်ဖွဲ့မှ သိရသည်။

လောင်နေသောမီးကို ကြည့်မြင်တိုင်မြို့နယ် မီးသတ်တပ်ဖွဲ့မှ ငြိမ်းသတ်ရေးယာဉ်နှစ်စီး၊ ရေသယ်ယာဉ်တစ်စီးနှင့်အတူ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများ၏ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် နာရီဝက်အတွင်း မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် ယာဉ်မောင်းသူကို စိစစ်ဖော်ထုတ်အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြည့်မြင်တိုင်မြို့မှ ရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**ကိုကြီးတင်**

# တောင်ကြီး၊ ကသာနှင့် လောက်ကိုင်မြို့များတွင် စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၈**

အောက်တိုဘာ ၁၅ ရက်က ရှမ်းပြည်နယ် အထူးလုံခြုံရေးတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်း အဖွဲ့သည် တောင်ကြီးမြို့ တောင်ကြီး-ပလီလင်းကျေးရွာသွားလမ်းမ နယ်မြေ(၁၆) ဆင်နှစ်ကောင် အတက်လမ်းမတွင် ပြည့်ဖြိုးမောင်(ခ)ကိုဖြိုး မောင်းနှင်ပြီး မိုးနိုင်လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ မိုးနိုင် လွယ်ထားသည့် အနက်ရောင်ဘေးလွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၇၁ ပြား သိမ်းဆည်းရမိသဖြင့် ပြည့်ဖြိုးမောင်(ခ)ကိုဖြိုး (၂၁ နှစ်)နှင့် မိုးနိုင်(၃၆ နှစ်)တို့နှစ်ဦးကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။

ထို့အတူ အောက်တိုဘာ ၁၆ ရက်က မူးယစ်တပ်ဖွဲ့စု (၆)ကသာမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကသာမြို့နယ် ဆင်ကုန်းကျေးရွာနေ တင်ထွန်း၏ နေအိမ်ကို သတင်းအရ ရှာဖွေရာ ၎င်းနှင့်အတူ



**တင်ထွန်းနှင့် မဇင်မာစန်းတို့ နှစ်ဦးကို ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။**

ဇနီးဖြစ်သူ မဇင်မာစန်းတို့ နှစ်ဦးကို တွေ့ရှိပြီး ၎င်းတို့အနီးရှိ ပိုက်ဆံအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၇၀ သိမ်းဆည်းရမိသဖြင့် တင်ထွန်း (၃၉ နှစ်)နှင့် မဇင်မာစန်း (၃၇နှစ်) တို့နှစ်ဦးအပေါ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။

အလားတူ အောက်တိုဘာ ၁၆ ရက်က မူးယစ်တပ်ဖွဲ့စု(၂၁) ကွမ်းလုံမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည်လောက်ကိုင်မြို့ ရန်လုံကျိုင်းမုခ်ဦးအနီးတွင် လောက်ကိုင်မှ ရန်လုံကျိုင်းဘက်သို့ တွမ်းချင် မောင်းနှင်လာသည့်မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ ၎င်းဝတ်ဆင်ထားသည့် အနွေးထည် ယာဘက်အိတ်ကပ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀ နှင့် ဘိန်းဖြူအလေးချိန် နှစ်ဂရမ် သိမ်းဆည်းရမိသဖြင့် တွမ်း ချင်(၄၂ နှစ်) (တစ်ဖက်နိုင်ငံသား)ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကလောမြို့နယ်၌ ဘိန်းစိမ်း ကိုးကီလို ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၈**

အောက်တိုဘာ ၁၆ ရက်က မူးယစ်တပ်ဖွဲ့စု (၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလောမြို့နယ် ပင်လောင်း-အောင်ပန်းလမ်းခွဲ မာတင်ချော်လဲပူးပေါင်းစစ်ဆေးရေးစခန်းတွင် လွိုင်ကော်မှ မန္တလေးသို့ မောင်းနှင်လာသည့် ရွှေရာဇာခရီးသည်တင်မှန်လုံယာဉ်ကို ရပ်တန့်စစ်ဆေးရာ ခုံအမှတ် (၂၉)တွင် လိုက်ပါလာသည့်ခရီးသည် ဦးအမောင် ကိုင်ဆောင်ထားသည့် ခရီးဆောင် ပီနံအိတ်အတွင်းမှ ဘိန်းစိမ်း ကိုးကီလို သိမ်းဆည်းရမိသဖြင့် ဦးအမောင်(၄၈ နှစ်)ကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ဦးအမောင်အား ဖမ်းဆီးရမိဘိန်းစိမ်းများနှင့်အတူ တွေ့ရစဉ်။**

# သိမ်းဆည်းထားသော ကားသုံးစီး ပြုပြင်ပြီး လာရောက်အပ်နှံမည်ဟု ယုံကြည်အောင် လိမ်လည်

**ထီးချိုင့် အောက်တိုဘာ ၁၈**

လားရှိုးခရိုင် သစ်တောလက်ထောက်ညွှန်မှူး ဦးကျော်ဇေယျ ဦးဆောင်သော သစ်ဖမ်းဆီးရေး စစ်ကြောင်းအဖွဲ့သည် ၁၄-၅-၂၀၁၄ ရက်က ထီးချိုင့်မြို့နယ် မောင်းကုန်းဘိနယ် နယ်မြေအတွင်း ဖမ်းဆီးရမိခဲ့သော ကားများကို ထီးချိုင့်မြို့နယ်မောင်းကုန်းသစ်တောဘိနယ်၌ အပ်နှံထားခဲ့သည်။

**လွှဲပြောင်းပေးအပ်**

အဆိုပါ ကားသုံးစီးကို မဘိမ်းမြို့နယ် တရားရုံးတွင် တရားစွဲတင်ရန်အတွက် ကားများ အပ်နှံထားရှိသည့် ထီးချိုင့်မြို့နယ် မောင်းကုန်းသစ်တောဘိနယ်မှ သွားရောက်ထုတ်ယူရန် မဘိမ်းသစ်တောဦးစီးမှူး ဦးရဲထွန်း၏ တာဝန်ပေးချက်အရ ရှမ်းပြည်နယ်(မြောက်ပိုင်း) မဘိမ်းမြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ် ဦးလဘန်နော်သည် ကားပိုင်ရှင်များဖြစ်ကြသော ဦးရဲမြင့်ပါ သုံးဦးနှင့်အတူ သွားရောက်ထုတ်ယူခဲ့ပြီး ထီးချိုင့်မြို့နယ် မြတောင်လမ်းဆုံရှိ ကားဝပ်ရှော့တွင် ပြုပြင်ထားရှိရာ ဦးရဲမြင့်ပါ သုံးဦးမှ ကားများအားပြုပြင်ပြီး လာရောက်ပို့ဆောင်ပေးမည်ဖြစ်ကြောင်း ယုံကြည်အောင်ပြောဆို၍ လာရောက်ပို့ဆောင်ပေးခြင်းမရှိသဖြင့် တောအုပ် ဦးလဘန်နော်က မဘိမ်းမြို့မရဲစခန်းသို့ တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ မဘိမ်းမြို့မရဲစခန်းက အမှုဖွင့်ထားပြီး အဆိုပါ အမှုအား အမှုစစ် ရဲအုပ်စိုးလေးက အောက်တိုဘာ ၁၂ ရက်က ထီးချိုင့်မြို့မ ရဲစခန်းသို့ အမှုတွဲ လွှဲပြောင်းပေးအပ်သဖြင့် လက်ခံရေးဖွင့်ခဲ့သော အမှုဖြစ်ကြောင်း သိရသည်။

အဆိုပါ ကားသုံးစီးမှာ GMC - အမျိုးအစား ခြောက်ဘီးအစိမ်းရောင် ကားတစ်စီး၊ ယာဉ်အမှတ် ဒ/ CARGO အပြာရောင်ခြောက်ဘီးကားတစ်စီးနှင့် HINO ဖြူပြာရောင်ခြောက်ဘီး ကားတစ်စီး စုစုပေါင်း ကားသုံးစီးဖြစ်ပြီး တန်ဖိုးမှာ ငွေကျပ်သိန်း ၁၈၀ ခန့်ဖြစ်ကြောင်း သိရသည်။

**စစ်ဆေး**

ရဲမြင့်တုံးလုံ့ရွာ ထီးချိုင့်မြို့နယ်နှင့် အမည်မသိသူ နှစ်ဦးတို့ကို ထီးချိုင့်မြို့မ ရဲစခန်းက အမှုဖွင့်ခဲ့ပြီး မောင်းကုန်းရဲကင်းစခန်းမှူး ရဲအုပ်ဇော်ဦးက ပြစ်မှုကျူးလွန်သူများကို အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

**မူးယစ်ဆေးဝါးအန္တရာယ် သင့်မိသားစုအတွင်း မကျရောက်မိအောင် အစဉ်သတိပြုပါ**

# အင်းတော်မြို့နယ် မအူကုန်းတောအတွင်း လူတစ်ဦးသစ်ပင်ပိ၍ သေဆုံး

**အင်းတော် အောက်တိုဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မအူကုန်းတောအတွင်းတွင် လူတစ်ဦး သစ်ပင်ပိ၍ သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၆ ရက် မွန်းလွဲ ၂ နာရီက အင်းတော်မြို့နယ် မဲဇာရဲစခန်းမှ ရဲစခန်းမှူး ရဲအုပ် ထွန်းထွန်းသည် မအူကုန်းအရှေ့တောထဲတွင် လူတစ်ဦးသည် သစ်ပင်ပိ၍ လဲကျဒဏ်ရာရရှိနေကြောင်း သတင်းများရရှိသဖြင့် သွားရောက်စစ်ဆေးရာ ကျော်မိုးမှာ တောထဲတွင် ချိန်းဆောဖြင့်ဖြတ်ထားသော သစ်ပင် ခြောက်လက်မခန့်ရှိ သစ်ကိုင်းဖြင့် ဦးခေါင်းနောက်စေ့ အောက်ရိုက်မိကာ မှောက်လျက်လဲကျပြီး သတိလစ်နေသည်ကို တွေ့ရှိရသဖြင့် အင်းတော်မြို့ ပြည်သူ့ဆေးရုံသို့ပို့ဆောင်ကာ ဆေးဝါးကုသမှုခံယူစဉ် ရရှိထားသောဒဏ်ရာဖြင့် သေဆုံးသွားခဲ့သည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ အင်းတော်မြို့မရဲစခန်းက ကျော်မိုးအား အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းမောင်လေး(ကချင်မြေ)**



ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# အောက်ကမြစ်၊ ဝစ္စပေါက်၊ ယပင့်၊ ရရစ်၊ ဝဆွဲ၊ ဟထိုး

မောင်ခင်မင်(ဓနုဖြူ)

အရင်အပတ်က လာဖူးသော မူလတန်းပြ ဆရာမကလေးနှင့် မိန်းကလေးတစ်စု ရောက်လာကြသည်။ ဆရာမကလေးက စကားစသည်။

"ဆရာကြီး၊ သူတို့က သမီးနဲ့ တစ်ကျောင်းတည်းအလုပ်လုပ်နေတဲ့ သူငယ်ချင်းတွေပါ။ သူတို့လည်း သမီးလိုပဲ မူလတန်းကလေးတွေကို သင်ရပါတယ်"

"ဟုတ်ပါပြီကွယ်။ သမီးတို့ မေးစရာရှိလို့ ထပ်လာတာထင်ပါရဲ့"

"ဟုတ်ကဲ့ပါ။ အရင်အပတ်က ဆရာကြီးပြောထားတဲ့ စာလုံးပေါင်းပုံ အခေါ်တွေထဲက ကျန်တာကလေးတွေ ဆက်မေးပါရစေ ဆရာကြီး"

"မေးပါ၊ ဘာတွေကျန်နေပါလိမ့်"

"ဆရာကြီးက တစ်ချောင်းငင်၊ နှစ်ချောင်းငင်တို့ သဝေထိုးတို့အထိ ရှင်းပြတာ သမီးမှတ်ထားပါတယ်။ ဒါဆိုရင် သေးသေးတင်လို့ခေါ်တာက အပေါ်မှာ အစက် သေးသေးကလေး တင်ထားလို့ပေါ့နော် ဆရာကြီး"

"ဟုတ်တာပေါ့။ အပေါ်မှာ အလုံးကြီးတင်လို့ လုံးကြီးတင်လို့ ခေါ်သလို အလုံးသေးသေးတင်ထားလို့ သေးသေးတင်လို့ ခေါ်တာပါ။ အစက်ကလေးလို့လည်း ပြောလို့ရပါတယ်"

"ဟုတ်ကဲ့ပါ"

"အဲဒီသေးသေးတင်က 'မသတ်'နဲ့ အသံချင်းတူတယ်ကွဲ့။ မသတ်ရဲ့ အတိုကောက်လို့လည်း ဆိုနိုင်တယ်"

"ရှင်းပြပါဦး ဆရာကြီး"

"ဆိုပါတော့ကွယ်။ က ကို သေးသေးတင်ပြီး 'ကံ'လို့ရေးရင် ကန်/လို့ အသံ ထွက်တယ်မဟုတ်လား။ အဲဒီလိုပဲ၊ ကကို မသတ်ပြီး 'ကမ်' လို့ ရေးရင်လည်း /ကန်/လို့ ပဲ အသံထွက်တယ်လေ" (ကျွန်တော်က မြန်မာ အဘိဓာန်မှာ အသံထွက်ဖော်ပြပုံအတိုင်း /ကန်/ ဟု ရေးပြလိုက်သည်။)

"ဟုတ်ကဲ့ပါ"

"အဲဒီလိုပဲ၊ ကကိုသေးသေးတင်ပြီး တစ်ချောင်းငင်တဲ့ 'ကုံ'နဲ့ 'မ' သတ်တဲ့ 'ကုမ်' ဟာလည်း အသံထွက် အတူတူပဲလေ"

"နားလည်ပါပြီ ဆရာကြီး။ ဒါဆိုရင် သဝေထိုးရေးချရှေ့ထိုးမှာပါတဲ့ ရှေ့ထိုးကလည်း ရှေ့ကိုထိုးကွေ့ထားတဲ့ အကောက်ကလေးမို့ ရှေ့ထိုးလို့ ခေါ်တာပေါ့နော် ဆရာကြီး"

"ဒါပေါ့ကွယ်"

"ဝစ္စပေါက် ဆိုတာကရော၊ ဘာကြောင့် အဲဒီလိုခေါ်တာပါလဲ ဆရာကြီး"

"အဲ. . . ဒါဆိုရင် အောက်မြစ်နဲ့ ဝစ္စပေါက်ဆိုတဲ့ အစက်ကလေးတွေ အကြောင်းရှင်းပြဖို့ လိုမယ်ထင်တယ်"

"ရှင်းပြပါဆရာကြီး"

"သမီးတို့ မြန်မာစာရေးရင် အဲဒီအောက်မြစ်နဲ့ ဝစ္စပေါက်ကို မကြာခဏ သုံးရတယ် မဟုတ်လား"

"ဟုတ်ပါတယ် ဆရာကြီး"

"ကဲ အောက်မြစ်ကို ဘယ်လိုသုံးရတယ်ဆိုတာ ပြောကြည့်စမ်းကွယ်"

"ဟုတ်ကဲ့ပါ။ 'ငါ့စာအုပ်' လို့ရေးရင် 'င ရေးချငါ' လို့ရေးပြီး အောက်မြစ် ထည့်လိုက်တော့ 'ငါ့'ဖြစ်သွားပါတယ် ဆရာကြီး"

"ဟုတ်ပြီ။ အဲဒီလိုဆိုရင် သမီးတို့ ကလေးတွေကို သင်သလို အောက်မြစ်ပါတဲ့ စာလုံးတစ်လုံးစီ စာလုံးပေါင်းပြပါလား"

"ဟုတ်ကဲ့။ သရေး လုံးကြီးတင်ဆန်ခတ် သီ အောက်ကမြစ် 'သီ့'ပါ"

"လရေးနှစ်ချောင်းငင်လူ၊ အောက်ကမြစ် လူ့ ပါ"

"သဝေထိုး မရေ 'မေ'၊ အောက်ကမြစ် 'မေ့' ပါ"

"ကကြီးရေးနသတ်ကန် အောက်ကမြစ် 'ကန့်' ပါ"

"ဟုတ်ပြီ ဟုတ်ပြီ။ သမီးတို့ ခုဆိုပြတာတွေကို ပြန်စဉ်းစားကြည့်စမ်း။ အောက်မြစ်မထည့်ခင်က စာလုံးနဲ့ အောက်မြစ်ထည့်လိုက်တဲ့စာလုံးဟာ အသံတူသေးသလား"

"မတူပါဘူး၊ ပြောင်းသွားပါတယ်ဆရာကြီး"

> " ဒီတော့ အဲဒီ အောက်မြစ်နဲ့ ဝစ္စပေါက်ဟာ စာလုံးတစ်လုံးကို အသံပြောင်းပေးတဲ့ အမှတ်အသားတွေလို့ နားလည်ရမှာပေါ့ကွယ်။ 'ပန်-ပန့်-ပန်း'၊ 'လေ-လေ့-လေး' ဆိုတဲ့ စာလုံးတွေကို အသံထွက်ပြီး ဆိုကြည့်ရင် အသံပြောင်းတာ ကို သိနိုင်တာပေါ့ "

" ဒီမှာ. . . ဆရာရေးပြမယ်။ ကျွန်တော်က ' ငါ-ငါ့၊ သီ-သီ့၊ လူ-လူ့၊ မေ-မေ့၊ ကန်- ကန့် ' ဟု သူတို့ဆိုသွားသော စာလုံးများကို ရေးပြလိုက်သည်"

" ရှင်းအောင်ပြောရရင် အောက်မြစ်က အသံရှည်ကို တိုသွားအောင် ပြောင်းပစ်လိုက်တယ်လို့ ပြောရမှာပေါ့။ 'ငါ' ဆိုတာ အသံရှည်တယ်။ ငါ. . . လို့ ရှည်ရှည်ဆွဲပြီး ဆိုလို့ရတယ်။ အဲဒီ 'ငါ' ကို အောက်မြစ်ထည့်လိုက်တော့ 'ငါ့' ဆိုပြီး အသံတိုသွားတယ်မဟုတ်လားကွယ်။ ကျန်တဲ့စာလုံးတွေလည်း အသံရှည်ကနေ အသံတိုကို ပြောင်းသွားတာပဲလေ။ အဲဒီ 'အောက်မြစ်' ကို သမီးတို့ဆိုသလို 'အောက်ကမြစ်' လို့လည်း ဆိုကြပါတယ်။ 'အောက်ကမြစ်' ဆိုတဲ့ အဓိပ္ပာယ်ကိုရော သမီးတို့ သိသလား"

" မသိပါဘူး ဆရာကြီး"

" 'မြစ်' ဆိုတာ 'တားမြစ်' တဲ့ အဓိပ္ပာယ်ပဲ။ အသံရှည်ကို တိုသွားအောင် စာလုံးအောက်က တားမြစ်လိုက်တဲ့ အစက်ကလေးမို့ အောက်ကမြစ်လို့ ခေါ်တာပေါ့ကွယ်"

" နားလည်ပါပြီ ဆရာကြီး"

" အဲဒီလိုပဲ။ ဝစ္စပေါက်ဆိုတဲ့ အစက်ကလေးနှစ်စက်ကလည်း အသံရှည်ကို လေးလေးပင်ပင်ဖြစ်သွားအောင် ပြောင်းပေးတဲ့ အစက်ကလေးတွေပဲကွဲ့။ 'ကာ' ဆိုတဲ့ အသံရှည်ကိုနောက်က ဝစ္စပေါက်ထည့်လိုက်ရင် 'ကား' ဆိုပြီး အသံလေးလေးပင်ပင် ဖြစ်သွားတာပေါ့ကွယ်။ ဝစ္စပေါက်ပါတဲ့ စာလုံးတွေအားလုံး အသံရှည်ကနေပြီး လေးလေးပင်ပင်အသံမျိုး ပြောင်းသွားတာပေါ့"

"ဟုတ်ကဲ့ပါ ဆရာကြီး။ ဝစ္စပေါက်ကို ဝစ္စနှလုံးပေါက်လို့ ခေါ်တာလည်း ကြားဖူးပါတယ် ဆရာကြီး"

"အေး. . . ဝစ္စပေါက်ကတော့ ပါဠိစကား'ဝိသဇ္ဇနီယ' ကိုယူပြီး 'ပေါက်' ဆိုတဲ့ မြန်မာစကားနဲ့တွဲထားတာပဲ။ အစက်အပေါက်ကလေး နှစ်စက် ပေါက်ထားတယ်လို့ ဆိုလိုတာပါ။ 'ရှေ့ကပေါက်'၊ 'ရှေ့က နှစ်လုံးပေါက်' လို့လည်း ခေါ်ကြသေးတယ်ကွဲ့"

"ဟုတ်ကဲ့ပါ"

"ဒီတော့ အဲဒီအောက်မြစ်နဲ့ ဝစ္စပေါက်ဟာ စာလုံးတစ်လုံးကို အသံပြောင်းပေးတဲ့ အမှတ်အသားတွေလို့ နားလည်ရမှာပေါ့ကွယ်။ 'ပန်- ပန့်-ပန်း'၊ 'လေ- လေ့-လေး' ဆိုတဲ့ စာလုံးတွေကို အသံထွက်ပြီး ဆိုကြည့်ရင် အသံပြောင်းတာကို သိနိုင်တာပေါ့"

"ဟုတ်ကဲ့ပါ။ မေးလက်စနဲ့ မေးပါရစေ ဆရာကြီး။ ယပင့်၊ ရရစ်၊ ဝဆွဲ၊ ဟထိုးတွေကိုလည်း သမီးတို့ ကလေးတွေကို စာလုံးပေါင်းပြရာမှာ သင်ရတာမို့ အဲဒီစာလုံးတွေအကြောင်းလည်း သိချင်ပါတယ်"

"ဟုတ်တာပေါ့။ ကလေးတွေကိုသင်ရင် မရေး'မ'၊ မယပင့်ရေးချ ဝစ္စနှလုံးပေါက် 'များ'၊ ပစောက်ရရစ်ကသတ် 'ပြက်'၊ သဝေထိုးမဟထိုးရေးချ ငသတ် 'မှောင်' ဆိုတာ တွေလည်း သင်ရတာကိုး"

"ဟုတ်ပါတယ်ဆရာကြီး"

"ယပင့်၊ ရရစ်၊ ဝဆွဲ၊ ဟထိုးဆိုတဲ့ စာလုံးတွေရဲ့ မူရင်းစာလုံးတွေက 'ယ၊ ရ၊ ဝ၊ ဟ' ဆိုတဲ့ ဗျည်းတွေပဲကွဲ့"

"ဟုတ်ကဲ့ပါ"

"အဲဒီဗျည်းတွေကို တခြားဗျည်းတွေနဲ့တွဲပြီး ရေးတဲ့အခါကျတော့ ဟောဒီလို ပုံစံပြောင်းရေးရတယ်၊ အဲဒီတော့ ယပင့်၊ ရရစ်၊ ဝဆွဲ၊ ဟထိုး ဖြစ်သွားတာပေါ့"

ကျွန်တော်က 'ျ၊ ြ၊ ွ၊ ှ' ဟူ၍ရေးပြလိုက်သည်။

"ယပင့်ဆိုတာ တခြားစာလုံးရဲ့ဘေးက ယကလေးပင့်ရေးထားတာပါ။ ပုံစံပြောင်းပြီး ဆရာရေးပြတဲ့ပုံမျိုး ဖြစ်သွားတာပေါ့။ 'မ' နောက်က ယပင့်လိုက်တော့ 'မယ' ကနေပြီး 'မျ' လို့ ပုံစံပြောင်းသွားတာပါ။ အသံ ထွက်တော့လည်း 'မ'သံနဲ့ 'ယ'သံပေါင်းထွက်တော့ 'မျ' ဖြစ်သွားတာပေါ့"

"ရရစ်ကရောဆရာကြီး"

"ရရစ်က ရကောက်နဲ့ ရစ်ထားတာပါ။ ပုံစံပြောင်းနေတာပေါ့။ 'မ'ကို ရနဲ့ရစ် တော့ 'မြ'ဖြစ်သွားတာပေါ့။ ရှေးကတော့ အဲဒီလို ရရစ်ရင် လျှာလိပ် သံနဲ့ မရလို့ အသံထွက်ရတယ်။ ခုတော့ ယပင့်နဲ့ ရရစ်နဲ့ အသံမကွဲတော့ ဘူး"

"ဟုတ်ကဲ့ပါ"

" ဝဆွဲကတော့ အောက်က ဝကလေးဆွဲထားတာပါ။ မကို ဝဆွဲရင် 'မဝ' ကနေပြီး 'မွ' ဖြစ်သွားတာပေါ့။ အဲဒီလိုပဲ အောက်က 'ဟ'ကလေး ဆွဲထားတာ 'ဟထိုး' ပေါ့။ 'ဟဆွဲ' လို့လည်း ခေါ်နိုင်ပါတယ်။ မ အောက်က ဟဆွဲတော့ 'မှ' ဖြစ်သွားတာပေါ့။ ဟကလည်း ပုံစံပြောင်းသွားတာပေါ့ ကွယ်"

" ဟုတ်ကဲ့ပါ"

" အဲဒီလို ယပင့်၊ ရရစ်၊ ဝဆွဲ၊ ဟထိုးတွဲနေတဲ့ ဗျည်းတွေကို ' ဗျည်းတွဲ' လို့ ခေါ်တယ်။ ဒီလေးလုံးကို အခြေခံပြီး ယပင့်ဝဆွဲ၊ ရရစ်ဝဆွဲ၊ ယပင့် ဟထိုး၊ ရရစ်ဟထိုး၊ ဝဆွဲ ဟထိုးဆိုတဲ့ နှစ်လုံးတွဲတွေ၊ ယပင့်ဝဆွဲဟထိုး၊ ရရစ်ဝဆွဲဟထိုးဆိုတဲ့ သုံးလုံးတွဲတွေ ဖြစ်လာတာပေါ့ကွယ်။ ကဲ. . . သမီးတို့ လက်တွေ့ရေးကြည့်ကြဦး။ ခဏနားကြရအောင်"



# ရိုးရာအစဉ်အလာဆင်ကာနွှဲ နမ့်ခမ်းမြို့ ပွဲဆောင်းဆမ်ဘုရားပွဲ

**နမ့်ခမ်း အောက်တိုဘာ ၁၈**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းမြို့၌ နှစ်စဉ်ကျင်းပလေ့ရှိသော ပွဲဆောင်းဆမ် (နှစ်ဆယ့်သုံးရက်ပွဲ)ဘုရားပွဲကို အောက်တိုဘာ ၁၄ ရက်မှ ၁၅ ရက်အထိ မြို့လယ်ဘုရားနှင့် ဘုရားကျောင်းတော်ကွင်းပြင်(ပန်ပွဲ)တွင် သုံးရက်တိုင်စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ ပွဲဆောင်းဆမ်ဘုရား ပွဲတော်ကို မြို့နယ်အတွင်းရှိ ဆရာတော် သံဃာတော်များ၏ ဩဝါဒကို ခံယူလျက် မြို့နယ်သာသနာ့နုဂ္ဂဟနှင့် မြို့မိမြို့ဖများက ဦးဆောင်ကာ ရပ်ကွက်၊ ကျေးရွာများရှိ ပြည်သူများက စုပေါင်းကျင်းပခြင်းဖြစ်သည်။

ပဒေသာပင် လှည့်လည်ခြင်း၊ မိသားစုအလိုက် ဘုရားဖူးခြင်း၊ ရှမ်းရိုးရာဇာတ်ပွဲ ကပြတင်ဆက်ခြင်း၊ ပျော်ပွဲရွှင်ပွဲများ၊ ရှမ်းအိုးစည်ကို စုပေါင်းတီး၍ ရှမ်းရိုးရာအကဖြင့် ဝိုင်းဖွဲ့ကခုန်ခြင်း၊ လူ့အသုံးအဆောင်နှင့် ကလေးကစားစရာများ၊ ရိုးရာအစားအသောက်မျိုးစုံကို ဘုရားပွဲဈေးတွင် ရောင်းချကာ ရပ်ကွက်၊ ကျေးရွာများက ထော်လာဂျီ၊ မော်တော်ကား၊ ဆိုင်ကယ်များဖြင့် ဘုရားပွဲတော်ကို လာရောက်ကြသဖြင့် အလွန်စည်ကား လှသည်။

ရပ်ကွက်၊ ကျေးရွာလူကြီးလူရွယ် လူငယ်အမျိုးသား၊ အမျိုးသမီးများက ရှမ်းရိုးရာ ဝတ်စုံကို ဝတ်ဆင်လျက် မိမိတို့၏ ရပ်ကွက်၊ ကျေးရွာအလိုက် ရှမ်းအိုးစည်တီးရင်း ပဒေသာပင် လှည့်လည်ခဲ့ကြသည်။ ယခုနှစ်တွင် ရပ်ကွက်၊ ကျေးရွာများက လှူဒါန်းကြသော ပဒေသာပင် ၅၀ ကို နှစ်ရက်တိုင်လှည့်လည်ပြီး ဘုန်းတော်ကြီးကျောင်းပေါင်း ၁၂၀ ကို ခွဲဝေလှူဒါန်းခဲ့သည်။

နမ့်ခမ်းမြို့ ပွဲဆောင်းဆမ်ဘုရားပွဲသည် ဗုဒ္ဓမြတ်စွာဘုရား၊ နတ်ပြည်၌ တရားချီးမြှင့်တော်မူအပြီး သီတင်းကျွတ်လပြည့်တွင် လူ့ပြည်သို့ ကြွတော်မူကာ ခုနစ်ရက်တိုင် တရားဟောတော်မူကြောင်း၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက် (၂၃ ရက်မြောက်နေ့ ရှမ်းဘာသာစကား ဆောင်းဆမ်)နေ့တွင် တရားသဘင်အောင်ပွဲအဖြစ် အလှူအတန်းကျင်းပပြီး ရေစက်ချအမျှဝေ ဆင်ယင်ကျင်းပခြင်းကို အထိမ်းအမှတ်အဖြစ် ရှေးနှစ်ပေါင်း ၁၂၀ ကျော်ကတည်းက ဘိုးဘွားများက ကျင်းပခဲ့ကြကြောင်း၊ ပွဲတော်များထဲတွင် အစည်ကားဆုံးနှင့် အနယ်နယ် အရပ်ရပ်က စိတ်အဝင်စားဆုံး ဘုရားပွဲဖြစ်ကြောင်း၊ နမ့်ခမ်းမြို့နယ်အတွင်းသာမကဘဲ ကချင်ပြည်နယ်စပ် မန်စီမြို့နယ်အတွင်းရှိ ကျေးရွာများကလည်း လာရောက်ကြကြောင်း သိရသည်။

**ဉာဏ်မင်း(နမ့်ခမ်း)**

# အဆင့်မြင့်အိမ်ရာတည်ဆောက်ရေးနှင့်သက်ဆိုင်သည့် ဥပဒေဆိုင်ရာကိစ္စရပ်များ ဆွေးနွေးပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် UMFCCI နှင့် VDB Loi Company ကုမ္ပဏီတို့ ပူးပေါင်း၍ အဆင့်မြင့်အိမ်ရာတည်ဆောက်ရေးနှင့်သက်ဆိုင်သည့် ဥပဒေဆိုင်ရာကိစ္စရပ်များ ဆွေးနွေးပွဲကို အောက်တိုဘာ ၂၄ ရက် နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI ၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ပါသည်။

အဆိုပါ ဆွေးနွေးပွဲတွင် အိမ်၊ ခြံ၊ မြေဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေရေးရာပြဿနာ ဖြေရှင်းခြင်း၊ အဆင့်မြင့်အိမ်ရာ တည်ဆောက်ရေးဆိုင်ရာ အတွေ့အကြုံများ၊ မူဝါဒများ၊ BOT စနစ်ဖြင့် တည်ဆောက်မှုတွင် မြေရာဥပဒေပြဿနာများ ဖြေရှင်းခြင်း၊ စာချုပ်မူကြမ်းရေးဆွဲခြင်း၊ ပြည်တွင်းအာမခံပစ္စည်းသတ်မှတ်ပုံများကို ရှင်းလင်းတင်ပြခြင်း၊ မြေကွက်ဆိုင်ရာ ဥပဒေပြဿနာများ ဖြေရှင်းခြင်း၊ နိုင်ငံခြားချေးငွေရယူရန်အတွက် မြေကွက်နှင့် အဆောက်အအုံများကို ဆောင်ရွက်ရမည့်နည်းလမ်းများ၊ အကျိုးခံစားခွင့်ပုံစံများ၊ ကွန်ဒိုတိုက်ခန်းများကို ငွေကြေးပံ့ပိုးမည့် နိုင်ငံခြားလုပ်ငန်းရှင်များအတွက် ဥပဒေဆိုင်ရာ အစီအမံများ၊ ရှယ်ယာကတိကဝတ် အာမခံများ၊ ငွေချေးစာချုပ်ချုပ်ဆိုခြင်းစသည့် ကိစ္စတို့ကို ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

**ခင်ချိုဝင်း**

# ကမ္ဘာ့ခွေးရူးရောဂါ တိုက်ဖျက်ရေးနေ့ ကာကွယ်ဆေးထိုး

**ပေါက် အောက်တိုဘာ ၁၈**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာအောင်ဌေးလွင်နှင့် ဝန်ထမ်းများသည် အောက်တိုဘာ ၁၅ ရက် နံနက် ၉ နာရီက ပေါက်မြို့ပေါ်ရပ်ကွက် လေးရပ်ကွက်ရှိ ခွေးများကို ခွေးရူးပြန်ကာကွယ်ဆေးများ လိုက်လံထိုးပေးခြင်း ဆောင်ရွက်ခဲ့ကြရာ ခွေး ၁၈၅ ကောင်ကို ကာကွယ်ဆေးထိုးပေးခဲ့သည်။ ထို့အပြင် ကျေးရွာများရှိ ခွေးများကိုပါ လိုက်လံကာကွယ်ဆေးထိုးပေးခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဟု သိရသည်။

ယခုလိုခွေးရူးပြန်ကာကွယ်ဆေးထိုးပေးတဲ့အတွက် ခွေးပိုင်ရှင်များအနေဖြင့် မိမိခွေးမှ တခြားလူတစ်ဦးကို ကိုက်မိခဲ့လျှင် ခွေးရူးပြန်ကာကွယ်ဆေးထိုးပြီးသားမို့ စိတ်ချလက်ချဖြစ်ရသဖြင့် ငွေကြေးကုန်ကျမှု သက်သာပြီး ကျန်းမာရေးအထောက်အကူပြုသည့်အတွက် ခွေးပိုင်ရှင် အောင်တံခွန်ရပ်ကွက်သားတစ်ဦးက ကျေးဇူးတင်ဝမ်းသာစကား ပြောကြားသည်။

**အောင်(မန်းတက္ကသိုလ်)**

စာအုပ်စာပေ လူ့မိတ်ဆွေ

ပြည်တွင်းသတင်း

# ကျောက်စိမ်းအသားကျောက်များ ဆက်လက်ရောင်းချ

**နေပြည်တော် အောက်တိုဘာ ၁၈**

မြန်မာ ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ ပြသရောင်းချပွဲ ပဉ္စမနေ့ကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပပြီး အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည့်ကျောက်စိမ်းအသားကျောက်အတွဲ (၁၇၅၁)မှ (၃၅၀၀)၏ တင်ဒါအောင်မြင်သူများစာရင်းထုတ်ပြန်ကြေညာရောင်းချရာ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင် အားပေးကြည့်ရှုသည်။

နံနက်ပိုင်းမှစတင်၍ ပြည်တွင်းကျောက်မျက်ရတနာကုန်သည်များသည် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းတွဲများအား လေ့လာကြည့်ရှု၍ **(ယာပုံ)**ဈေးနှုန်းအဆိုပြုတင်ဒါများကို တင်သွင်းကြသည်။

မွန်းလွဲပိုင်းတွင် သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်သည် မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း တင်ဒါတင်သွင်းနေသူများနှင့် ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံအားပေးပြီး ခင်းကျင်းပြသထားသည့် ကျောက်စိမ်းတွဲများအား လှည့်လည်ကြည့်ရှုသည်။

ကျောက်စိမ်းအသား ကျောက်အတွဲအမှတ်(၃၅၀၁)မှ (၅၂၅၀) အတွက် ဈေးနှုန်းအဆိုပြု တင်ဒါအောင်မြင်သူများကို အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းတွင် ထုတ်ပြန်ကြေညာသွားမည်ဖြစ်သည်။

အဆိုပါပြသရောင်းချပွဲနှင့်ပတ်သက်၍ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (မန္တလေး) ဥက္ကဋ္ဌ ဦးမြင့်ဟန်က "မြန်မာကျပ်ငွေနဲ့ရောင်းချတယ်ဆိုတာ ပြည်တွင်းကျောက်မျက်ရတနာ ကုန်သည်တွေအတွက်ပါ။ ဒီလို ပြည်တွင်းကျောက်မျက်လုပ်ငန်းရှင်တွေကို ရောင်းချပေးခြင်းဖြင့် နိုင်ငံတွင်းကျောက်မျက်အချောထည်ဈေးကွက်ကို ပိုပြီးအကျိုးသက်ရောက်မှုရှိစေပါတယ်။ ပြည်တွင်း ကျောက်မျက်ရတနာလုပ်ငန်းရှင်တွေ၊ မှီခိုနေတဲ့ မိသားစုဝင်တွေနဲ့ နိုင်ငံသားတွေ အလုပ်အကိုင်ရရှိတဲ့အတွက် ဆင်းရဲမှုပပျောက်ရေးလုပ်ငန်းကိုလည်း အထောက်အကူဖြစ်စေပါတယ်" ဟု ပြောကြားသည်။

ထို့အပြင် ပြည်တွင်းကျောက်မျက်ရတနာကုန်သည် ဦးကျော်စွာထွန်းကလည်း "ကျောက်စိမ်းတွဲတွေ ဝယ်ယူတဲ့နေရာမှာ အဆင်ပြေပါတယ်။ ဒါပေမယ့် တင်ဒါအောင်စာရင်းကို နံနက် ၆ နာရီခွဲလောက် ထုတ်ပြန်ကြေညာပေးစေချင်ပါတယ်။ ကျောက်အတွဲတွေ လေ့လာတဲ့နေရာမှာ ကျောက်အတွဲလော့နံပါတ်တွေအလိုက် သူ့အစီအစဉ်အတိုင်း လှည့်ပတ်ကြည့်ရှုလို့ရအောင် စီစဉ်ပေးစေချင်ပါတယ်။ ကျောက်အတွဲထားတဲ့ အကွာအဝေးတွေကိုလည်း ဒီထက်ပိုပြီး နေရာခွဲခြားထားပေးစေချင်ပါတယ်။ ဒါမှ လာရောက်ကြည့်ရှုလေ့လာတဲ့သူတွေအတွက် ပိုပြီး နေရာကျယ်ကျယ်နဲ့ လွယ်လွယ်ကူကူ လေ့လာလို့ရမှာ" ဟု ပြောကြားခဲ့သည်။

**(သတင်းစဉ်)**



# ရေဝတီတံတား(ရတနာပုံ)ရေလမ်းပြောင်းလဲ

**နေပြည်တော် အောက်တိုဘာ ၁၈**

ဧရာဝတီတံတား(ရတနာပုံ)ရေလမ်းတွင် ရေယာဉ်များဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၃)နှင့်(၄)အကြားမှ သတ်မှတ်ဖွင့်လှစ်ထားခဲ့ပါသည်။ ယခုအခါ ရေလမ်းကြောင်း အခြေအနေအရ ရေယာဉ်များဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ၂၀၁၄ ခုနှစ် အောက်တိုဘာ ၂၀ ရက်မှစ၍ အစုန်၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၄)နှင့် (၅)အကြားမှ ပြောင်းလဲဖွင့်လှစ်မည်ဖြစ်ပါသည်။

ပြောင်းလဲမည့်ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာပေ ၇၀၀ ရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်အထက် ၃၆ ပေရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် ဝင်ပေါက်တွင်နေ့အခါ အစိမ်းရောင်တြိဂံအမှတ်အသားပြသ၍ ညအခါမီးစိမ်းထွန်းပြသထားမည်။ မဝင်ရမည့်ရေလမ်းတွင် နေ့အခါ အနီရောင်ကြက်ခြေခတ်အမှတ်အသားပြသ၍ ညအခါမီးနီထွန်းပြသထားပါမည်။

တံတားရေလယ်တိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုကြရန်နှင့် တွဲတွန်း ရေယာဉ်များ တစ်တွဲချင်းသာချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သောအကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် **ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**မှ ရေလမ်းသတိပေးနှိုးဆော်ချက်ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မိုးညှင်းမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးတံတား ၃၁ စင်း တည်ဆောက်မည်

**မိုးညှင်း အောက်တိုဘာ ၁၈**

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကချင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှု လျှော့ချရေးရန်ပုံငွေဖြင့် မိုးညှင်းမြို့နယ်၌ ကျေးလက်တံတား ၃၁ စင်း တည်ဆောက်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများထံမှ သိရသည်။

အဆိုပါ တံတားများ အနက် အရှည်ပေ ၁၈၀၊ အကျယ် ၁၈ ပေနှင့် အမြင့် ၁၈ ပေရှိသော မော်ဟန်လေးတန်ချောင်ကူး သံကူကွန်ကရစ်တံတားကို ငွေကျပ် သန်း ၄၀၀ အကုန်အကျခံ တည်ဆောက်သွားမည်ဖြစ်ကြောင်းနှင့် အခြားကျေးလက်တံတားများအပါအဝင် စုစုပေါင်း မိုးညှင်းမြို့နယ်အတွင်း၌ ကျေးလက်တံတား ၃၁ စင်းအတွက် ငွေကျပ်သန်း ၆၉၆ ဒသမ ၈၅၀ ခန့်မှန်း ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

ယခု ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကချင်ပြည်နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး ရန်ပုံငွေကျပ် ၁၅ ဘီလီယံဖြင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကချင်ပြည်နယ်အစိုးရအဖွဲ့ထံမှ သိရသည်။

**ကေဆိုင်းနော်(ဖားကန့်)**

# မိုးလေဝသအခြေအနေ

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် မိုးဆက်လက် ထစ်ချုန်းရွာမည်။

# ပုလဲသွယ်နှင့်မနော်သုခစံပြကွက်များ ကွင်းဆင်းစစ်ဆေးကြည့်ရှု

**ရမည်းသင်း အောက်တိုဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးလှမြင့်အောင်သည် အောက်တိုဘာ ၁၇ ရက်က ရမည်းသင်းခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးများနှင့် ဝန်ထမ်းများအားတွေ့ဆုံပြီး ရမည်းသင်းမြို့နယ် အင်ကြင်းကန်ကျေးရွာတွင် သီပွံနည်းကျစိုက်နည်းစနစ်ဖြင့် စိုက်ပျိုးထားသော ပုလဲသွယ် (၁၀) ဧက စံပြကွက်နှင့် မနော်သုခမျိုးသန့်မျိုးပွား ၂၅ ဧကကို ကြည့်ရှုစစ်ဆေးသည်။

စံပြစမ်းသပ်ကွက်များနှင့် ပတ်သက်၍ မှတ်တမ်းများ ပြုစုထားရှိရေး၊ မျိုးသန့်မျိုးပွား စံပြကွက်များတွင် မျိုးကွဲနုတ်ပယ်ရေး၊ ထွက်ရှိလာသော မျိုးစေ့များကို တောင်သူများထံသို့ စနစ်တကျဖြန့်ဖြူးနိုင်အောင် ဆောင်ရွက်ရေးသီးနှံအလိုက် အထွက်နှုန်းတိုးတက်ရေးအတွက် အထွက်ကောင်းမျိုးများသုံးစွဲရေး၊ ပြောင်းလဲလာသော ရာသီဥတုနှင့်အညီ တောင်သူများအကျိုးရှိစေမည့် သီးနှံပုံစံများရေးဆွဲ၍ ပညာပေးဆောင်ရွက်ရေးမှာကြားခဲ့ကြောင်း သိရသည်။ **(၀၁၁)**

# ကျေးရွာများဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**လယ်ဝေး အောက်တိုဘာ ၁၈**

နေပြည်တော် ကောင်စီဝင် ဦးမြင့်ဆွေသည် လယ်ဝေးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးလှရှောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၁၆ ရက် နံနက် ၉ နာရီက ဒါးမကျကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ဒေသခံများနှင့် တွေ့ဆုံ၍ ကျေးရွာနေပြည်သူများအတွက် အကျိုးရှိစေမည့် လမ်းပန်းဆက်သွယ်ရေး၊ သန့်ရှင်းသည့် သောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးရရှိရေးတို့အတွက် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ကန်လှကျေးရွာ အထက၌ ပညာရေးဝန်ကြီးဌာန ရန်ပုံငွေဖြင့် ပေ(၉၀×၃၀) နှစ်ထပ်အာရ်စီကျောင်းဆောင်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကာ ကျေးရွာလျှပ်စစ်မီးလင်းရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ပြီး ကျေးရွာနေပြည်သူများ၏ တင်ပြချက်များကို ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကိုကိုရှုပ(နေပြည်တော်)**



အောက်တိုဘာ ၁၇ ရက်က မန္တလေး-နေပြည်တော်အမြန်လမ်းမိုင်တိုင် (၃၂၀/၅)အနီးရှိ တံတားယေပ်တစ်ခုကို ဝင်တိုက်မှုကြောင့် **Probox** အဖြူရောင်ကားတစ်စီး ပျက်စီးသွားသည်ကို တွေ့ရစဉ်။

CL-ထန်းငါ

# အဆက်အသွယ်ပြတ်နေသည့်ဂျာမနီနိုင်ငံသူအား ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေး ရဲတပ်ဖွဲ့ကကူညီစုံစမ်းရှာဖွေ၍ ၎င်း၏မိဘများနှင့်ဆက်သွယ်နိုင်ရေး ကူညီဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၈**

အောက်တိုဘာ ၁၄ ရက် နံနက် ၉ နာရီ ၃ မိနစ်က မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီသံရုံး တာဝန်ရှိသူတစ်ဦးက ဂျာမနီနိုင်ငံသူ Ms.Grafin Plessen Louise Pantanta Ellisabeth Victiora မှာ အောက်တိုဘာ ၉ ရက်က ကလောမြို့၌ ပျောက်ဆုံးနေပြီး ၎င်း၏မိဘများနှင့် အဆက်အသွယ်မရရှိသဖြင့် ကူညီစုံစမ်းရှာဖွေပေးပါရန် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေး ရဲတပ်ဖွဲ့စု(ရန်ကုန်)သို့ ဖုန်းဆက်၍ အကူအညီတောင်းခံခဲ့သည်။

ယင်းသို့ အကူအညီတောင်းခံမှုနှင့်ပတ်သက်၍ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့မှူးရုံး၏ တာဝန်ပေးချက်အရ ရဲတပ်ဖွဲ့စု(ရှမ်း)မှ တပ်ဖွဲ့ဝင်များက ကလောမြို့ပေါ်ရှိ ဟိုတယ်များသို့ လိုက်လံစုံစမ်းခဲ့ရာ Ms. Grafin သည် အောက်တိုဘာ ၁၀ ရက်က ကလောမြို့ "ရွှေကလော" ဟိုတယ်၌ တစ်ညတည်းခို၍ အောက်တိုဘာ ၁၁ ရက် ၈ နာရီက ပြင်သစ်နိုင်ငံသား အမျိုးသားတစ်ဦး၊ အမျိုးသမီးလေးဦးတို့နှင့်အတူ လမ်းပြဖြစ်သူ ကိုစည်သူ လိုက်ပါလျက် ညောင်ရွှေသို့ လမ်းလျှောက်ခရီးစဉ်ဖြင့် ထွက်ခွာသွားကြောင်း သိရှိခဲ့ရသည်။ ကိုစည်သူကို ဆက်သွယ်စုံစမ်းချက်အရ အောက်တိုဘာ ၁၃ ရက် မွန်းလွဲ ၂ နာရီက ညောင်ရွှေမြို့သို့ ရောက်ရှိခဲ့ပြီး Ms. Grafin အား Aquirus Inn သို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရှိရသဖြင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့စု(ရှမ်း) မှ တပ်ဖွဲ့ဝင်များက Aquirus Inn သို့သွားရောက်ရှာဖွေရာ အောက်တိုဘာ ၁၄ ရက် နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် Ms. Grafin နှင့် တွေ့ရှိခဲ့ပြီး ၎င်းအား မိခင်ဖြစ်သူက အဆက်အသွယ်မရသဖြင့် စိတ်ပူနေကြောင်းနှင့် အဆက်အသွယ်ပြုလုပ်ရန် ပြောဆိုခဲ့ရာ Ms. Grafin က အဆက်အသွယ် ပြုလုပ်ပါကြောင်း၊ အင်တာနက်လိုင်းများ မကောင်းသဖြင့် အဆက်အသွယ်မရခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ လာရောက်ကူညီဆောင်ရွက်ပေးမှုအတွက် အထူးကျေးဇူးတင်ရှိပါကြောင်း ပြန်လည်ပြောကြားခဲ့သည်။

**ကိုရဲ**

# ဂန့်ဂေါမြို့နယ်တွင် အမျိုးသားတစ်ဦးကို သိန်း ၁၃၀၀ အမြတ်ခွန်မဲပေါက်သည်ဆိုပြီး ငွေလိမ်မှုဖြစ်ပွား

**ဂန့်ဂေါ အောက်တိုဘာ ၁၈**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ဂန့်ဂေါမြို့နယ် နှမ်းခါးရွာနေ အမျိုးသားတစ်ဦးထံက သိန်း ၁၃၀၀ အမြတ်ခွန်မဲပေါက်သဖြင့် အမြတ်ခွန်ပေးဆောင်ရမည်ဆိုပြီး ငွေကျပ် ၁၂ သိန်းလိမ်လည်ယူမှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဂန့်ဂေါမြို့နယ် နှမ်းခါးကျေးရွာနေသူ ဦးကျော်ဝင်း (၅၂ နှစ်)သည် အောက်တိုဘာ ၁၄ ရက် နံနက် ၉ နာရီခန့်က နေအိမ်တွင်ရှိနေစဉ် ဦးဝင်းမင်းထွန်းဆိုသူက ဖုန်းနံပါတ် ၀၉----- ဖြင့် သိန်း ၁၃၀၀ အမြတ်ခွန်မဲပေါက်၍ ရရှိမည်ဖြစ်ကြောင်း၊ ထိုသိန်း ၁၃၀၀ အတွက် အမြတ်ခွန် ၅၂ သိန်း ပေးအပ်ရမည်ဖြစ်ကြောင်း၊ ဦးကျော်ဝင်းမှ ငွေ ၁၂ သိန်းသာ တတ်နိုင်ကြောင်းပြောသဖြင့် ထိုငွေ ၁၂ သိန်းအား ရန်ကုန်သို့လွှဲပို့ပေးရန် ပြောဆိုသဖြင့် ယင်းနေ့ မွန်းလွဲ ၂ နာရီခွဲခန့်တွင် ကလေးမြို့ ရိုးမဘဏ်မှ ငွေလွှဲပို့ပေးခဲ့ကြောင်း၊ ထိုငွေလွှဲပို့ပေးပြီးနောက် သိန်း ၁၃၀၀ ကိုပြန်လည်လွှဲပို့ခြင်းမရှိခဲ့သဖြင့် မိမိလွှဲပို့ထားသည့် ငွေကျပ် ၁၂ သိန်းကို ကလေးဘဏ်မှ ပြန်လည်သွားရောက်ထုတ်ယူရာ ရန်ကုန်မြို့ရိုးမဘဏ်ခွဲ(မင်္ဂလာဈေးဘဏ်)သို့ လွှဲပို့ပြီးဖြစ်ကြောင်းနှင့် ဦးထွန်းထွန်းစိုး (၄၀ နှစ်) ဒုံ(မြောက်)ရန်ကုန်မြို့နေသူက ထုတ်ယူပြီးဖြစ်ကြောင်း၊ မှတ်ပုံတင်မိတ္တူသာ လက်ခံရရှိခဲ့၍ ငွေကျပ် ၁၂ သိန်းကို ဖုန်းဖြင့်ဆက်သွယ်ပြီး လိမ်လည်ရယူသွားသူကို စုံစမ်းဖော်ထုတ်အရေးယူပေးရန် ဦးကျော်ဝင်းက အောက်တိုဘာ ၁၅ ရက်တွင် တိုင်တန်းခဲ့ရာ ဂန့်ဂေါမြို့နယ် ကန်နယ်မြေ ရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**

## ပြည်တွင်းသတင်း

■ **ရှေ့ဖုံးမှ**

ညပိုင်းတွင် နိုင်ငံတော်သမ္မတသည် မီလန်မြို့ NH President ဟိုတယ်၌ အီတလီနိုင်ငံ စွမ်းအင်ကုမ္ပဏီ Eni မှ အမှုဆောင်အရာရှိချုပ် မစ္စတာ ကလော်ဒီရို ဒက်ကာဇီက တည်ခင်းဧည့်ခံသည့် အလုပ်သဘောညစာစားပွဲသို့ တက်ရောက်ခဲ့သည်။ **(သတင်းစဉ်)**



**အီတလီနိုင်ငံ စွမ်းအင်ကုမ္ပဏီ Eni မှ တည်ခင်းဧည့်ခံသည့် အလုပ်သဘော ညစာစားပွဲသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်ရာ အမှုဆောင်အရာရှိချုပ် မစ္စတာ ကလော်ဒီရို ဒက်ကာဇီက ကြိုဆိုနှုတ်ဆက်စဉ်။**
(သတင်းစဉ်)



**နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်အဖွဲ့ဝင်များ အီတလီ စပါးမျိုးစေ့ သုတေသနဌာန၏ ခေတ်မီစက်မှုလယ်ယာလုပ်ငန်းခွင်၌ သွားရောက် လေ့လာရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြစဉ်။**
(သတင်းစဉ်)

● ***ကျောဖုံးမှ***

သနပ်ခါးပါးတို့ခြင်းမှာ အိမ်ရှင်ရွာခံအမျိုးသမီးများက ပတ်ဝန်းကျင်ကျေးရွာမှ ပါဝင်ဆင်နွှဲကြသည့် မီးကြာကိုင်လှပျိုဖြူများအား သနပ်ခါးဖြင့် ပါးကိုတို့ခြင်းဖြစ်သည်။ မီးကြာလှည့်ပွဲဖြင့် စီတန်းလှည့်လည်လာသော ပတ်ဝန်းကျင်ကျေးရွာမှ မီးကြာကိုင်အမျိုးသမီးများ ဆီမီးပူဇော်မည့် စေတီပရိဝုဏ်အနီးသို့ ရောက်လာသည့်အခါ အသင့်စောင့်နေသည့် အိမ်ရှင်အမျိုးသမီးများက ရင်းရင်းနှီးနှီး နှုတ်ဆက်စကားများ ပြောဆိုလျက် မီးကြာကိုင်အမျိုးသမီးများ၏ ပါးတစ်ဖက်တစ်ချက်ကို သနပ်ခါးတို့ဖတ်နှင့် အသာတို့လိုက်ကြသည်။ ထိုအခါ လုလင်ပျိုနှစ်ယောက်က မှန်တစ်ချပ်နှင့် ဆီးတားပေးပြီး မှန်ကိုကြည့်စေ၍ အတို့ခံထားရသည့်ပါးမှ သနပ်ခါးများ ညီညာလှပအောင် ပြင်ဆင်စေသည်။ ပြင်ဆင်ပြီးလျှင် ဆီးတားထားသော မှန်ကိုအသာမ,ပေးလိုက်ကြသည်။ မီးကြာကိုင်အမျိုးသမီးများ ဆက်သွားသည့်အခါ နောက်တစ်ချီ ပါးတို့ခံရသည်။ မှန်ကြည့်ပြီး ပြန်လည်ပြင်ဆင်ရသည်။ မှန်တန်း ၂၀ ဝန်းကျင်ခန့်ကျော်လျှင် ဘုရားစေတီသို့ရောက်၍ မီးကြာခွက်ကို ဘုရားစေတီတွင် ကပ်လှူပူဇော်ကြသည်။ ဆီမီးလှူဒါန်းပြီးသည့်အခါ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည့် ဒေသ၏ ရိုးရာဓလေ့ဖြစ်ကြောင်း သိရသည်။

"မီးကြာလှည့်ပွဲနဲ့ သနပ်ခါးပါးတို့ပွဲ တွဲပြီးကျင်းပတဲ့အခါ မီးကြာလှည့်ပွဲကို ကြေးစည်၊ မုလေးပွား ကိုင်အဖွဲ့၊ ဆွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင်အဖွဲ့၊ မီးကြာကိုင်ဧည့်သည် အမျိုးသမီးများအဖွဲ့စသည်ဖြင့် စီတန်းလှည့်လည်ကြရပါတယ်၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ကြားမှာ ဒေသရိုးရာဓလေ့ အဆို၊ အကများလည်း ထည့်သွင်းလေ့ရှိပါတယ်၊ နောက်ဆုံးမှာတော့ အိုးစည်၊ ဒိုးပတ်နဲ့ ဝါးလက်အကများ ထည့်သွင်းကျင်းပလေ့ရှိပါတယ်၊ ဘာဘတို့ငယ်ငယ်ကစပြီး ရှိနေ၊ တွေ့နေတဲ့ ဒေသဓလေ့ပွဲတော်လေးပေါ့၊ တစ်ရွာက ပွဲတော်ကျင်းပရင် ပတ်ဝန်းကျင်ရွာတွေပါ ဖိတ်ကြရတယ်၊ ပွဲတော်ကျင်းပတဲ့ အကျိုးအမြတ်ကတော့ တစ်ရွာနဲ့တစ်ရွာ ပိုမိုချစ်ခင်ရင်းနှီးစေတယ်၊ ယဉ်ယဉ်ကျေးကျေး ဆက်ဆံတတ်စေတယ်၊ စည်းလုံးညီညွတ်မှုကို ပိုမိုခိုင်မြဲစေတဲ့ ပျော်ရွှင်စရာပွဲတော်ကလေးပေါ့ကွယ်" ဟု အသက် ၈၀ ကျော်ရှိ ဒေသခံတစ်ဦးကပြောသည်။ **(၁၀၁)**

## မွန်ပြည်နယ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်

**မော်လမြိုင် အောက်တိုဘာ ၁၈**

မွန်ပြည်နယ် ၂၀၁၄ခုနှစ် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၇ ရက် နံနက် ၉နာရီက မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကျင်ဖေ၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ ပြိုင်ပွဲဝင်ဆုရရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ဧည့်ပရိသတ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်အစိုးရအဖွဲ့ဝင်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဒေါက်တာမင်းနွယ်စိုးက ပြိုင်ပွဲကျင်းပခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က တိုင်းရင်းသားရိုးရာအကပြိုင်ပွဲတွင် ဆုရရှိသည့် ယိမ်းအဖွဲ့များနှင့် အဆင့်မြင့်ပညာအဆင့်တွင် ဆုရရှိကြသူများကိုလည်းကောင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ပြိုင်ပွဲအလိုက်ဆုရရှိကြသူများအားလည်းကောင်း ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြပြီး ပြိုင်ပွဲ၌ဆုရရှိသူများ၏ ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာပြည်တွင်းပတ်လည်ဂေါက်ရိုက်ပြိုင်ပွဲ ဆက်လက်ကျင်းပ

**ပုဂံ အောက်တိုဘာ ၁၈**

အာရှစိမ်းလန်းမှု ဖွံ့ဖြိုးရေးဘဏ်က အဓိကကူညီပံ့ပိုးပြီးမြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေက ကျင်းပသော ၂၀၁၄ ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ပဥ္စမပွဲစဉ် (ပုဂံ)၏ ပူပြင်းလှသော ရာသီဥတုအောက်တွင် ကစားသမားများ ယှဉ်ပြိုင်လာကြသည်မှာ အောက်တိုဘာ ၁၈ ရက် တတိယနေ့သို့ ဝင်ရောက်လာသည်။

တတိယမြောက်နေ့အပြီးတွင် Professional အဆင့်ပြိုင်ပွဲတွင် ဇော်ဇော်လတ် (HAN Golf Academ) က စုစုပေါင်းရိုက်ချက် ၂၀၈ ချက်ဖြင့် ပထမ၊ နိုင်နိုင်လင်း (နယူးစတား) က စုစုပေါင်း ရိုက်ချက် ၂၁၁ ချက်ဖြင့် ဒုတိယ၊ လှမျိုး (Mizuno) က ၂၁၃ ချက်ဖြင့် တတိယလိုက်နေပြီး အပျော်တမ်းအဆင့် အမျိုးသားပြိုင်ပွဲတွင် ဇော်ဇော်ထွန်းက စုစုပေါင်းရိုက်ချက် ၂၁၆ ချက်ဖြင့် ပထမ၊ သိန်းနိုင်စိုးက စုစုပေါင်း ရိုက်ချက် ၂၁၉ ချက်ဖြင့် ဒုတိယ၊ လှိုင်မင်းထက်က စုစုပေါင်းရိုက်ချက် ၂၂၁ ချက်ဖြင့် တတိယလိုက်နေသည်။

အပျော်တမ်းအမျိုးသမီးအဆင့် ပြိုင်ပွဲတွင်ယဉ်မေမျိုးက နှစ်ရက်ပေါင်းရိုက်ချက် ၁၅၀ ဖြင့် ပထမ၊ မေဦးခိုင်က ၁၅၂ ချက်ဖြင့် ဒုတိယ၊ ပြုံးပြုံးထွေးက ၁၅၅ ချက်ဖြင့် တတိယလိုက်နေကြသည်။

မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ပဥ္စမပွဲစဉ် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက်အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ် (AGD) က အဓိကကူညီပံ့ပိုးပေးပြီး မြနန္ဒာသောက်ရေသန့်၊ နေပြည်တော် သောက်ရေသန့်၊ မြဝတီသောက်ရေသန့်၊ Dagon Malta Fresh၊ ဗန္ဓုလသယ်ယူပို့ဆောင်ရေး ၊ Official Golf Ball အဖြစ် Volvik Bagan Golf Club နှင့် HAN Event Management တို့က ထပ်မံပံ့ပိုး ပါဝင်ကူညီကြောင်း သိရသည်။ **ဖိုးသော်ဇင်**



**ယခုအခါ နိုင်ငံခြားသားခရီးသွားဧည့်သည်များက ရန်ကုန်မြို့လယ်ကောင်၏ ရှေးကျသော အဆောက်အအုံများအား အမှတ်တရနောက်ခံထားကာ မဟာဗန္ဓုလပန်းခြံအတွင်းဝင်ရောက်အမှတ်တရဓာတ်ပုံရိုက်လာကြသည်ကို အောက်တိုဘာ ၁၈ရက် ညနေက တွေ့မြင်ရစဉ်။** ဓာတ်ပုံ-တင်လှမောင်

❀ ***ရှေ့ဖုံးမှ***

ဒုတိယပွဲတွင် လာအိုအသင်းက တီမောအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ယခုပွဲအပြီးတွင် သုံးပွဲကစား ကိုးမှတ်ရရှိသည့် လာအိုအသင်းနှင့် သုံးပွဲကစား ခုနစ်မှတ်ရရှိသည့် မြန်မာအသင်းတို့မှာ ခြေစစ်ပွဲအောင်မြင်ခဲ့သည်။

ပွဲကုန်လေးပွဲကစား လေးမှတ်ရရှိခဲ့သည့် တီမော၊ သုံးပွဲကစား သုံးမှတ်ရရှိခဲ့သည့် ကမ္ဘောဒီးယားနှင့် သုံးပွဲစလုံးရှုံးထားသည့် ဘရူနိုင်းတို့မှာ ခြေစစ်ပွဲမအောင်မြင်ခဲ့ပေ။ မြန်မာနှင့် လာအိုအသင်းတို့မှာ ပထမနေရာအတွက် အောက်တိုဘာ ၂၀ ရက်တွင် ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

❍ ***ကျောဖုံးမှ***

ကန်သွင်းပေးခဲ့သည်။ ပွဲပြီးဆုံးသည်အထိ ဂိုးထပ်မံမသွင်းနိုင်ဘဲ မန်စီးတီးတို့ လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ယင်းပွဲအပြီး မန်စီးတီးတို့ ၁၇ မှတ်ဖြင့် ဒုတိယနေရာ၌ ရပ်တည်နေသည်။

ဂျာမန်ဘွန်ဒက်စ်လီဂါပွဲစဉ် ၈ ကို စနေနေ့က ယှဉ်ပြိုင်ကစားရာ ဘိုင်ယန်မြူးနစ်က ဝါဒါဘရီမင်ကို ခြောက်ဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရပြီး ဒေါ့မွန်တို့က အဝေးကွင်း၌ ကိုလုံးကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

**မန်စီးတီး တိုက်စစ်မှူး အဂူရို စပါးဘက်သို့ ဂိုးကန်သွင်းစဉ်။**




**မိုးလေဝသ အခြေအနေ**

**ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ** ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

**မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ** လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**(မိုး/ဇလ)**

## ပြည်တွင်းသတင်း

# ကိုရီးယား-မြန်မာချစ်ကြည်ရေး လုပ်အားပေးများ ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၈**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် အောက်တိုဘာ ၁၇ ရက် ညနေ ၃ နာရီက ရန်ကုန်တိုင်းဒေသကြီး အင်းလျားကန်ဟိုတယ်တွင် ကျင်းပသော ကိုရီးယား-မြန်မာ ချစ်ကြည်ရေး လုပ်အားပေး အဖွဲ့များဆိုင်ရာ အတွေ့အကြုံများရှင်းလင်းပွဲနှင့် World Friends Korea (WFK) Conference ကိုရီးယားနိုင်ငံ ကမ္ဘာ့မိတ်ဆွေ Volunteers များတွေ့ဆုံရှင်းလင်းပွဲ အခမ်းအနားသို့ တက်ရောက်၍ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီး Mr.Lee Baek Soon နှင့်အတူ ဂုဏ်ပြုအမှာစကား တက်ရောက်ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့် ကိုရီးယားသံအမတ်ကြီးတို့က ကိုရီးယား-မြန်မာနှစ်နိုင်ငံအကြား ချစ်ကြည်မှုရေရှည်ခိုင်မြဲရေးအတွက် ကိုရီးယားနိုင်ငံနှင့် မြန်မာနိုင်ငံကြား အစိုးရအချင်းချင်းချစ်ကြည်ရေး၊ ပြည်သူများအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာရေး၊ ကိုရီးယား Volunteers လုပ်အားပေးလူငယ်များအားဖြင့် မြန်မာနိုင်ငံရှိဝန်ကြီးဌာနများအလိုက် ကဏ္ဍနေရာအသီးသီးတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နေကြသော ကိုရီးယားလူငယ်များအား ဂုဏ်ပြုစကားပြောကြားကြပြီး နှစ်နိုင်ငံအကြား ပိုမို၍ချစ်ကြည်ရင်းနှီးရေးအတွက် နီးနီးကပ်ကပ် တိုးတက်ပူးပေါင်းဆောင်ရွက်ကြရန်နှင့် တွေ့ကြုံရသော ပူးပေါင်းဆက်ဆံရေးအခြေအနေများကို အရှိန်အဟုန်မြှင့်တင်ရေး၊ ကိုရီးယားနိုင်ငံမှ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပိုမိုထောက်ပံ့အကူအညီပေးရေး၊ ကိုရီးယားသံအမတ်ကြီးမှ မြန်မာနိုင်ငံအား အကူအညီပေးမည့် အစီအစဉ်များနှင့် အစိုးရအချင်းချင်းအကြား၊ ပြည်သူများအချင်းချင်းအကြား ပိုမို၍ ပူးပေါင်းဆောင်ရွက်သွားကြရေး ထည့်သွင်းပြောကြားသည်။

ဇင်းနောက် ကိုရီးယားသံအမတ်ကြီးက လာမည့်ဘဏ္ဍာရေးနှစ်တွင် ကိုရီးယားသမ္မတနိုင်ငံ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ၏ အစီအစဉ်ဖြင့် မြန်မာနိုင်ငံ၏ ကျေးရွာသစ်စီမံကိန်း Saemaul Undong စီမံကိန်းကျေးရွာ စုစုပေါင်း ၁၀၀ အား တစ်ချိန်တည်း တစ်ပြိုင်တည်း ထောက်ပံ့ကူညီဆောင်ရွက်ပေးရန်ရှိကြောင်း၊ အကူအညီပေးမည့် Saemaul Undong စီမံကိန်းအပေါ်ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင်ရှိကြောင်း၊ ထိရောက်အောင်မြင်မှုများရရှိရေး ပါဝင်ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဇင်းနောက် လက်ရှိကိုရီးယားသမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့အကြား လယ်ယာကဏ္ဍနှင့် ကျေးရွာများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ဗီဒီယိုမှတ်တမ်းခွေပြသရှင်းလင်းသည်။

**မြန်မာနိုင်ငံ၏ ကျေးရွာသစ်စီမံကိန်း Saemaul Undong စီမံကိန်းကျေးရွာ စုစုပေါင်း ၁၀၀ အား တစ်ချိန်တည်း တစ်ပြိုင်တည်း ထောက်ပံ့ကူညီ ဆောင်ရွက်ပေးရန်ရှိ။**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ကိုရီးယားသံအမတ်ကြီးနှင့် (KOI- CA)မြန်မာဌာနေ ကိုယ်စားလှယ်အား အထိမ်းအမှတ် မြန်မာ့စပါးအလှ ဓာတ်ပုံပန်းချီကားနှင့် ကိုရီးယားနိုင်ငံ မူရင်းမျိုးအရည်အသွေးကောင်းဆန်ပုံးများနှင့် ဆန်အိတ်များကို နမူနာစားသုံးနိုင်ရန် လက်ဆောင်အဖြစ် ပေးအပ်သည်။

ဇင်းနောက် ကိုရီးယားလုပ်အားပေးမိတ်ဆွေ လူငယ်တစ်ဦးချင်းက မြန်မာနိုင်ငံရှိဝန်ကြီးဌာန အသီးသီးတွင် ဆောင်ရွက်နေမှု အတွေ့အကြုံအခြေအနေများအား လည်းကောင်း၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းနိုင်က မြန်မာနိုင်ငံရှိ ဝန်ကြီးဌာနအသီးသီးတွင် ကိုရီးယားလုပ်အားပေးလူငယ် (Korea Oversea Volunteers ) များ၏ လက်ရှိလုပ်ငန်းဆောင်ရွက်နေမှု၊ အောင်မြင်မှုအခြေအနေများနှင့်ဆက်လက်၍ နှစ်ဖက်တိုးတက် ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများကို အသီးသီးရှင်းလင်းပြောကြားခဲ့သည်။

ကိုရီးယားသမ္မတနိုင်ငံ အစိုးရနှင့် (KOICA)အဖွဲ့အနေဖြင့် မြန်မာနိုင်ငံသို့ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကူအညီများ၊ (Saemaul Undong ) ကျေးရွာသစ်စီမံကိန်းဆိုင်ရာ အကူအညီများ၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကူအညီများအား တိုးတက်ကူညီဆောင်ရွက်ပေးသွားရန်အတွက် နှစ်ဖက်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရုပ်ရှင်ချစ်သူများအတွက် သာကေတမြို့နယ်မှ မြရတနာရုံပြန်လည်အဆင့်မြှင့်တင် ဖွင့်လှစ်

**သတင်း- ခင်ရတနာ**
**ဓာတ်ပုံ -ဝသန်လင်း**

**ရန်ကုန် အောက်တိုဘာ ၁၈**

သာကေတမြို့နယ်အတွင်း မိဘပြည်သူများ လွယ်လင့်တကူ အပန်းဖြေကြည့်ရှုနိုင်ရေးအတွက် နှစ် ၆၀ကျော် သက်တမ်းရင့် မြရတနာရုပ်ရှင်ရုံကို အဆင့်မြှင့်တင်ကာ ယနေ့တွင် ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။

သာကေတမြို့နယ် ၅ ရပ်ကွက်၊ မြင်တော်သာနှင့် ဇဂ်မလမ်းထောင့်ရှိ မြရတနာအဆင့်မြင့် သရီးဒီရုပ်ရှင်ရုံသစ်ဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီက ကျင်းပရာ အခမ်းအနားတွင် အဆင့်မြင့်ရုပ်ရှင်ရုံကို ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်မြှင့်တင်ရေး ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးလူမင်းနှင့် အဆင့်မြင့်ရုပ်ရှင်ရုံသစ်ကို တာဝန်ယူ ဖွင့်လှစ်ခဲ့သော Ace Construction Group မှ ဒုဥက္ကဋ္ဌ ဦးစံကိုကိုတင့်ဆန်းတို့က ဖွင့်လှစ်ပေးခဲ့ပြီး အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ရုပ်ရှင်ရုံဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးခဲ့သည်။ **(အောက်ပုံ)**



ထို့နောက် တာဝန်ရှိသူများက မြရတနာအဆင့်မြင့် ရုပ်ရှင်ရုံအတွင်းရှိ ရုပ်ရှင်ခန်းမနှစ်ခုအတွင်း စုန်းပြူးဇာတ်ကားနှင့် နိုင်ငံခြားဇာတ်လမ်း သရီးဒီနှင့် တူးဒီရုပ်ရှင်များကို စမ်းသပ်ကြည့်ရှုခဲ့ကြသည်။

ဇင်းနောက် ပထမဆုံးစတင်ပြသမည့် စုန်းပြူးဇာတ်ကားမှ အကယ်ဒမီသက်မွန်မြင့် အပါအဝင် အနုပညာရှင်များက ပထမဆုံးလာရောက် လက်မှတ်ဝယ်ကြည့်ရှုသူများကို အမှတ်တရလက်မှတ်များရေးထိုးပေးခဲ့ကြပြီး ပရိသတ်များကို မြရတနာအဆင့်မြင့်ရုပ်ရှင်ရုံက ဗလာမပါလက်ဆောင်များ ချီးမြှင့်ပေးခဲ့သည်။

"ရန်ကုန်မြို့မှာ ရုပ်ရှင်ရုံ ၁၃ ရုံသာရှိပါတယ်။ ပြည်သူတွေအပန်းပြေစေဖို့နဲ့ လွယ်လင့်တကူ ကြည့်ရှုနိုင်ဖို့ရည်ရွယ်ပြီး အခုလို မြရတနာရုံကို အဆင့်မြှင့်တင်ရခြင်းဖြစ်ပါတယ်။ ခန်းမနှစ်ခုပါဝင်ပြီး စုစုပေါင်း လူဦးရေ ၄၀၀နီးပါး တစ်ပြိုင်နက်ကြည့်ရှုနိုင်ပါတယ်။ ဇာတ်ကားတွေကိုလည်း တစ်ပတ်တစ်ခါ လဲလှယ် ပေးသွားမှာပါ။ ရန်ကုန်မြို့လယ်ကောင်က ရုပ်ရှင်ရုံတွေနည်းတူ ကိုယ့်မြို့နယ်အတွင်းမှာပဲ အဆင့်အတန်းမြင့်စွာ ကြည့်ရှုစေဖို့ ရည်ရွယ်ပါတယ်"ဟု မြရတနာအဆင့်မြင့် ရုပ်ရှင်ရုံမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

တစ်နေ့လျှင် ငါးကြိမ်ခန့် ပြသပေးသွားမည်ဖြစ်ပြီး လက်မှတ်တန်ဖိုးမှာ ငွေကျပ် ၁၀၀၀မှ ၅၅၀၀ အထိ အသီးသီးရှိကြောင်းသိရသည်။

"မြန်မာ့ရုပ်ရှင်အဆင့်အတန်း မြင့်မားလာစေဖို့အတွက် ရုပ်ရှင်ရုံတွေ အများကြီးပေါ်ထွက်လာဖို့ကလည်း အရေးကြီးပါတယ်။ ရန်ကုန်မြို့မှာရှိတဲ့ လူဦးရေနဲ့ နှိုင်းယှဉ်မယ်ဆိုရင် ရုပ်ရှင်ရုံအရေအတွက်က အလွန်နည်းနေပါသေးတယ်။ သာကေတမြို့နယ်က ရုပ်ရှင်ချစ်ပရိသတ်တွေအတွက်တော့ မြရတနာရုံက အများကြီး အဆင်ပြေမယ်လို့ ထင်ပါတယ်"ဟု ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌက ပြောသည်။

# နေပြည်တော်ကောင်စီနယ်မြေတွင် ပုလဲသွယ် F-1 မျိုးစေ့ဝတ်မှုန်ကူးခြင်းစတင်

**နေပြည်တော် အောက်တိုဘာ ၁၈**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ဟိုတယ်ဇုန်အနီး အဆင့်မြင့်လယ်ယာဧက ၃၀၀၀ အတွင်း စိုက်ပျိုးရေးဦးစီးဌာနက ပုလဲသွယ်စပ်မျိုးစပါး F-1 မျိုးစေ့ထုတ်လုပ်ရေးဧက ၁၀၀ သတ်မှတ်ထားရှိရာ အောက်တိုဘာ ၁၇ ရက် နံနက် ၁၀ နာရီက အဆိုပါစပ်မျိုးစပါးများဝတ်မှုန်ကူးခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

ထိုသို့ ဝတ်မှုန်ကူးရာတွင် အဖိုလိုင်း (R)မှာ ဝတ်မှုန်များပေါက်ချိန်နှင့် အမလိုင်း (A)မှ ဝတ်မှုန်ကို လက်ခံနိုင်ချိန် (Peak-Time)ကို အမိအရစောင့်ကြပ်ကြည့်ရှု၍ (A) လိုင်းမှ စပါးပန်းပွင့်များ သန္ဓေတည်နိုင်စေရန် စီမံဆောင်ရွက်ရသည်ဖြစ်ကာ(R)လိုင်းမှဝတ်မှုန်များ အများဆုံးပေါက်ကွဲချိန်နှင့် (A) လိုင်း၏ ဝတ်မှုန်ကို အကောင်းဆုံးလက်ခံနိုင်ချိန်မှာ နံနက် ၁၀ နာရီမှ နံနက် ၁၁ နာရီခွဲအချိန်သည် အကောင်းဆုံးဖြစ်ကြောင်း ဒုတိယဦးစီးမှူးပညာရှင် ဦးအောင် မြင့်ထွေးထံမှ သိရသည်။

ပြီးခဲ့သည့် စက်တင်ဘာ ၂၁ ရက်က အနှံ့သန္ဓေလောင်း(အဖို၊ အမ) အောင်မြင်မှုအဆင့်(၁) (Stage-1)ကို ရရှိပြီးချိန်မှ ရက် ၃၀ အကြာတွင် ဝတ်မှုန်ကူးခြင်းအဆင့် ရောက်ရှိမည်ဖြစ်ရာ ယခုဝတ်မှုန်ကူးခြင်းပထမနေ့ဖြစ်ကြောင်း သိရသည်။

**ကိုပေါက်(ဥက္ကာမြေ)**

# ကူးစက်မြန်အီဘိုလာရောဂါ စောင့်ကြပ်ကြည့်ရှုရေးဆွေးနွေး

**ညောင်ဦး အောက်တိုဘာ ၁၈**

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး) ဒေါက်တာစိုးလွင်ငြိမ်းသည် အောက်တိုဘာ ၁၈ ရက် နံနက် ၉ နာရီက ညောင်ဦးခရိုင် ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ခရိုင်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး၊ အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံ၍ ကူးစက်မြန်အီဘိုလာ ရောဂါစောင့်ကြပ် ကြည့်ရှုရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးမှာကြားခဲ့သည်။

ဆက်လက်၍ ပုဂံညောင်ဦး လေဆိပ်သို့ သွားရောက်ပြီး (Fever Screening) စက်တပ်ဆင်ထားမှု အခြေအနေများကို ကြည့်ရှုပြီးလိုအပ်သည်များကို တာဝန်ရှိသူများနှင့် တွေ့ဆုံပြီးညှိနှိုင်းဆွေးနွေးမှာကြားခဲ့သည်။

**ရဲဝင်းနိုင်(iprd)**

# တောင်သူပညာပေး ဆွေးနွေးပွဲနှင့် သီးနှံသရုပ်ပြပွဲကျင်းပ

**တောင်ငူ အောက်တိုဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့ဌာနခွဲ အုတ်ဖြတ်မျိုးသန့်ခြံ၏ မျိုးစေ့ထုတ်စိုက်ကွင်း၌ မျိုးစေ့နည်းပညာနှီးနှောဖလှယ်ပွဲနှင့် သီးနှံသရုပ်ပြပွဲကို အောက်တိုဘာ ၁၅ ရက် နံနက် ၈ နာရီက ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာန တောင်ငူခရိုင် ဦးစီးမှူး ဦးမြင့်သွင်နှင့် ခရိုင် SMS အဖွဲ့များ၊ ဖြူးမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးမှူး ဦးသန်းအောင်နှင့် မြို့နယ်ဌာနဆိုင်ရာများ၊ တောင်ငူခရိုင်အတွင်းရှိ မြို့နယ်ခြောက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးများ၊ ကွင်းဝန်ထမ်းများ၊ စပါးစိုက်တောင်သူများ တက်ရောက် လေ့လာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ မျိုးစေ့နည်းပညာနှီးနှောဖလှယ်ပွဲတွင် ခရိုင်ဦးစီးမှူးက မျိုးကောင်း မျိုးသန့်စိုက်ပျိုးထုတ်လုပ်မှုနှင့် သုံးစွဲမှုဆိုင်ရာ အချက်အလက်များကို ဆွေးနွေးပြောကြားပြီး ခြံတာဝန်ခံဒေါ်စန်းစန်းမြင့်က မျိုးစေ့အဆင့်အလိုက် စပါးမျိုးကောင်း မျိုးသန့်ထုတ်လုပ်နည်းပညာ ဆွေးနွေးခြင်းနှင့် ဆင်းသုခမျိုးသန့်မျိုးပွားမျိုးစေ့ စိုက်ကွက်တွင် မျိုးကွဲနုတ်ပယ်ခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်းနှင့် လက်တွေ့သရုပ်ပြသခြင်းတို့ကို ဆောင်ရွက်ရာ တက်ရောက်သူ ဝန်ထမ်းများနှင့် တောင်သူများက ဝင်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(၁၃၆)**



ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# တောင်ကြီးမြို့၌ မိုးသည်းထန်ပြီး မြေပြိုပိမိ၍ ငါးဦးသေဆုံး၊ လေးဦးဒဏ်ရာရ

**တောင်ကြီး အောက်တိုဘာ ၁၈**

ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် အောက်တိုဘာ ၁၇ ရက် ညနေ ၆ နာရီက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက် ခွာညိုလမ်း အမှတ် (၇/ပ-၈၃)နေ မသျှမ်းမ(ခ) မနန်းမွေခမ်း (၄၈နှစ်) ရှမ်း/ဗမာ ကျပန်းလုပ်ကိုင်သူ နေထိုင်သော အိမ်နောက်ဘက်ကုန်းမြင့်ပေါ်၌ စိုက်ထူကာရံထားသော အမြင့် ၁၅ ပေခန့်ရှိ အုတ်တံတိုင်းမှာ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပြိုလဲကျ၍ မသျှမ်းမ(ခ)မနန်းမွေခမ်း၏ နေအိမ်ကို ပိကျ၍ နေအိမ်အတွင်းရှိ လူများမြေပြိုပိတ်မိနေကြောင်း သိရသည်။

အခင်းဖြစ်နေရာသို့ ရှမ်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သူ၊ ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းထွန်း၊ တောင်ကြီးခရိုင် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး မြင့်ထူး၊ တောင်ကြီးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဦး ဦးစီးသော အဖွဲ့နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ရှမ်းပြည်နယ် မီးသတ်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပြည်နယ်ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်သူ ရပ်ကွက်သားများက မြေပြိုပိမိနေသော နေရာများကို ဖယ်ရှားရှင်းလင်းကြကြောင်း သိရသည်။

အခင်းဖြစ်ရာနေရာ အနီးဝန်းကျင်တွင် ဒဏ်ရာရရှိသူ နန်းလောင်ခေး(၁၃နှစ်)အဌမတန်း ကျောင်းသူ၊ နန်းလောင်စံခေး (၁၇ နှစ်) ဒသမတန်းကျောင်းသူ၊ စိုင်းထွန်းလင်း (၁၃ နှစ်) အဌမတန်း ကျောင်းသား၊ စိုင်းဇေယျာ(၂၄နှစ်) မိုင်းတုံမြို့ မြို့မရပ်ကွက်နေသူတို့ကို ဒဏ်ရာဖြင့်(မစိုးရိမ်ရ) တွေ့ရှိရ၍ စဝ်စံထွန်းဆေးရုံကြီးသို့ ပို့ဆောင်ဆေးကုသလျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ အခင်းဖြစ်နေရာကို ပူးပေါင်းအဖွဲ့က ဖော်ဆောင်ရှင်းလင်းရာ ဒေါ်နန်းချော(၄၅နှစ်) မိုင်းတုံမြို့ မြို့မရပ်ကွက် မိုင်းဆတ်ခရိုင်နှင့် ဒေါ်သန်းမေ (၆၀နှစ်) အိမ်အမှတ် (ရပ/၈၃)ခွာညိုလမ်းသွယ် နမ(၁၀) ကျောင်းကြီးစုရပ်ကွက် တောင်ကြီးမြို့နေသူတို့ နှစ်ဦး၊ မသျှမ်းမ (ခ)ဒေါ်နန်းမွေခမ်း (၄၈နှစ်)၊ ဒေါ်နန်းနေ (၅၆နှစ်) မိုင်းတုံမြို့ မြို့မရပ်ကွက် မိုင်းဆတ်ခရိုင်၊ ဦးစိုင်းစံညွန့် (၅၀နှစ်) မိုင်းတုံမြို့ မြို့မရပ်ကွက် မိုင်းဆတ်ခရိုင်နေသူတို့ သေဆုံးနေကြောင်း ရှာဖွေတွေ့ရှိခဲ့သည်။

၎င်းသေဆုံးမှုနှင့် ပတ်သက်၍ အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**







# ရှေးစေတီဟောင်းဌာပနာမှ ရှေးဟောင်းဘုရားဆင်းတုတော်များ၊ ဓာတ်တော်များ၊ လက်ကောက်၊ လက်စွပ်၊ ပတ္တမြားကျောက်မျက်မျိုးစုံ တွေ့ရှိ

**မိုးညှင်း အောက်တိုဘာ ၁၈**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နန့်ပုတ်ကျေးရွာနှင့် သုံးဖာလုံခန့် အကွာရှိရှေးစေတီဟောင်း၌ အောက်တိုဘာ ၁၃ ရက်က နန့်ပုတ်တောကျောင်းဆရာတော် ဦးဒေဝိန္ဒနှင့် ရန်အောင်မြင်ဘုရားကြီး အကျိုးဆောင်များ၊ ကျေးရွာ ကျောင်းသား ကျောင်းသူ ၅၀ ကျော်တို့က ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းရာတွင် ဆွေးမြည့်နေသော အုတ်မြေပုံအချို့ပြိုကျရာမှ ရှေးဘုရားဆင်းတုတော်များ၊ ဘုရားဓာတ်တော်များ၊ ငွေပုရပိုက်နှင့် သယံဇာတမျိုးစုံ၊လက်ကောက် လက်စွပ်များ၊ ဓာတ်သား၊ ဓာတ်လုံးများကို တွေ့ရှိကြသဖြင့် သက်ဆိုင်ရာသို့တင်ပြထားပြီး စနစ်တကျထားရှိ အပူဇော်ခံလျက်ရှိသည်။

ရှေးစေတီဟောင်းမှ တွေ့ရှိသည့် နှစ်ကိုပ်ရှစ်ဆူဘုရား၊ လာဘမုနိမုဒြာဘုရား နှစ်ဆူ၊ ရေအိုင်ကန်နှင့် တွဲလျက် နဂါးရုံဘုရားတစ်ဆူ၊ (ရေအိုင်ကန်တွင်လိပ်၊ မြွေ၊ ငါးများပါရှိသည်။) စကျင်ကျောက် ဘူမိဖဿမုဒြာဘုရားတစ်ဆူ၊ ကြေးဓာတ်သား ဘူမိဖဿမုဒြာဘုရားတစ်ဆူ၊ ကျောင်းဆောင်နှင့် ဘုရားရုပ်တုတော်တစ်ဆူ၊ ဝန်ကြီးရုပ်တုပုံရှစ်ခု၊ မြေသပိတ်ငယ်နှစ်လုံးအတွင်း ထည့်ထားသည့် ဘုရားဓာတ်တော်များ၊ အလျား ၁၀ လက်မခန့် အနံ ၁ လက်မခွဲခန့်ရှိ ငွေပုရပိုက်တစ်ခု၊ (ငွေပုရပိုက်တွင် ရေးသွင်းအမှာစာ ဓမ္မစကြာတရားတော်ကို ပူဇော်ထားခြင်းဖြစ်သည်)၊ လက်ကောက်တစ်ရံနှင့် ငွေလက်စွပ် ၁၁ ကွင်း၊ ပတ္တမြား လုံးချောများ၊ ပတ္တမြားအရိုင်းတုံးလေးများ၊ အရောင်အသွေးစုံ ကျောက်စိမ်းအတုံးအစလေးများ၊ အမြုတေမျိုးစုံနှင့် စလင်းကျောက်များ၊ ရွှေဖြင့် မွမ်းမံသော တံခွန်ကုက္ကားနှစ်ခု၊ စာတန်းပါရှိသော ရှစ်ထောင့်ပြားတစ်ခု၊ အဂ္ဂိရတ်ဓာတ်သားများ၊ ဓာတ်လုံးများ ပါဝင်ကြသည်။ **(အပေါ်ပုံ)**

ရှေးစေတီဟောင်း၏ မြေဝင်အုတ်မြစ်တွင် အရပ်လေးမျက်နှာ၌ အုတ်လှေကားအဆင့်ဆင့် လျှောက်လမ်းအရှည်ဖြင့် ထူးခြားစွာ ပြုလုပ်ထားခြင်းကို တွေ့ရသည်။ ရှေးစေတီဟောင်းနှင့် ဌာပနာများကို မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်မည်ကို မေးမြန်းစေ့ငုရာ စေတီတော်ဟောင်းကို ပြန်လည်ငုံ၍ တည်မည်ဖြစ်ကြောင်း တောကျောင်းဆရာတော် ဦးဒေဝိန္ဒက ပြောကြားသည်။

**(ဝ၆၃)**

# ကမ်းပါးပြို ပြောင်းရွှေ့အိမ်ထောင်စုများအား ထောက်ပံ့ပေးအပ်

**ဟသ်ာတ အောက်တိုဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ် အိပ်ပျက်ကျေးရွာအုပ်စုအတွင်း ရုတ်တရက် လေပြင်းတိုက်ခတ်မှုကြောင့် ပြိုကျပျက်စီးသွားသော အိမ်ထောင်စုများနှင့် ကမ်းပြိုဘေး ပြောင်းရွှေ့ အိမ်ထောင်စုများအား ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို အိပ်ပျက်ကျေးရွာရှိ အမက (မူလွန်)ကျောင်း၌ အောက်တိုဘာ ၁၈ ရက်က ကျင်းပခဲ့သည်။

ထို့နောက် ယခုလ အောက်တိုဘာ ၅ ရက် ညသန်းခေါင်ယံအချိန်တွင် ရုတ်တရက် လေပြင်းတိုက်ခတ်၍ မိုးရွာသွန်းမှုကြောင့် ပြိုကျပျက်စီးသွားသော အိပ်ပျက်ကျေးရွာအုပ်စုအတွင်းရှိ အိမ်ထောင်စု ၃၂ စုနှင့် အိပ်ပျက်အုပ်စု တာငုတ်ကျေးရွာရှိ ကမ်းပြိုဘေး အိမ်ထောင်စု ၁၁ စုတို့ကို ငွေကျပ်လေးသိန်းနှစ်သောင်းနှင့် အိပ်ပျက်ကျေးရွာ အမက(မူလွန်) ကျောင်းရှိ ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ် ဒါဇင် ၄၀ ကို ဧရာဝတီတိုင်းဒေသကြီး သစ်တောနှင့်သတ္တုဝန်ကြီး ဦးစိုးမြင့်က ထောက်ပံ့ပေးအပ်လှူဒါန်းပြီး ဟသ်ာတခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှ အမျိုးသား၊ အမျိုးသမီးပုဆိုး၊ လုံချည်များ၊ မျက်နှာသုတ်ပဝါနှင့် ဆပ်ပြာများကိုလည်းကောင်း ထောက်ပံ့ပေးအပ်ရာ လေဘေးနှင့် ကမ်းပြိုဘေး အိမ်ထောင်စုများက လက်ခံယူခဲ့သည်။



ထို့နောက် ကျေးရွာ ဒေသခံ ဦးစံဝင်းက ကျေးဇူးတင်စကား ပြောကြားသည်။ **ကျော်ကျော်**

**စာပေမြင့်မှ လူမျိုးတင့်မည်**

# ကသာမြို့၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပျဉ်ခင်းလမ်းလွှဲတံတား ပြတ်တောက်မျောပါမှုဖြစ်ပွား

**ကသာ အောက်တိုဘာ ၁၈**

ကသာခရိုင် ကသာမြို့နယ် ကပ္ပလိပ်ကျေးရွာအနီးရှိ ကပ္ပလိပ်တံတားမှာ စက်တင်ဘာ ၁၈ ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေထဲ မျောပါပျက်စီးသွားခဲ့ရာ တာဝန်ရှိသူများ၏ ကြိုးပမ်းဆောင်ရွက်မှုဖြင့် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှု မရှိစေရေးအတွက် ပျဉ်ခင်းလမ်းလွှဲတံတားကို ပြန်လည်တည်ဆောက်ပေးခဲ့သည်။

ကသာမြို့တွင် အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အဆိုပါ ပျဉ်ခင်းလမ်းလွှဲတံတားအရှည်ပေ ၃၀ ရှိသည့် အနက် ခြောက်ပေသုံးခန်း အရှည် ၁၈ ပေမှာ ရေထဲမျောပါသွားခဲ့ရပြီး လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှုမရှိစေရေးအတွက် အင်ဂျင်နီယာအဖွဲ့ ၂၀၊ ကျေးရွာသူ ကျေးရွာသား ၈၀ စုစုပေါင်း ၁၀၀ တို့က ပြတ်တောက်သွားခဲ့သော တံတားကို ချက်ချင်းပြန်လည် တည်ဆောက်ခဲ့ရာ ယင်းနေ့ ညနေ ၄ နာရီတွင် ပြီးစီးသွားခဲ့ကြောင်း သိရသည်။

အဆိုပါ တံတားကို ချက်ချင်းပြန်လည် ဆောက်လုပ်ပြီးစီးသွားသဖြင့် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှုမရှိတော့ဘဲ သွားလာနိုင်ပြီဖြစ်၍ ဒေသခံပြည်သူများ ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**


**မွေးသက္ကရာဇ်အမှန်**

လှိုင်ကော်မြို့၊ အထက(ခွဲ)၊ နာနတ်တောကျောင်း၊ တက္ကသိုလ်ဝင်တန်း(ခ)မှ မအန်ဂျေလီနာ၏မွေးသက္ကရာဇ်အမှန်မှာ ၈-၁၂-၁၉၉၆ ဖြစ်ပါကြောင်း။

**မိခင်အမည်မှန်**

လှိုင်ကော်မြို့၊ အထက(ခွဲ)၊ နာနတ်တောကျောင်း၊ တက္ကသိုလ်ဝင်တန်း(က)မှ မခင်စိုးလင်း၏ မိခင်အမည်မှန်မှာ ဒေါ်မူဒေသ ၂/လကန(နိုင်)၀၄၁၅၆၈ဖြစ်ပါကြောင်း။ **ဒေါ်မူဒေသ**

**ဖခင်အမည်မှန်**

မဆုမြတ်အောင် ၁၂/ဒပန(နိုင်)၀၅၃၂၇၁၏ဖခင်အမည်မှန်မှာ ဦးညွန့်အောင် ၁၂/ဒပန(နိုင်)၀၃၄၇၈၇ ဖြစ်ပါသည်။

**မိဘအမည်မှန်**

လှိုင်ကော်မြို့၊ အထက(ခွဲ)၊ နာနတ်တောကျောင်း၊ တက္ကသိုလ်ဝင်တန်း(ခ)မှ မလေးလေးချော၏ မိဘအမည်မှန်မှာ ဦးစေးအီ-ဒေါ်ဒဲမယ်ဖြစ်ပါကြောင်း။ **ဦးစေးအီ-ဒေါ်ဒဲမယ်**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ဦးကရီ၏သမီး လှိုင်ကော်မြို့၊ အထက(ခွဲ)၊ နာနတ်တောကျောင်း၊ တက္ကသိုလ်ဝင်တန်း(ခ)မှ မမူကြပ်(ခ)မမူကလားရဲသည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **မမူကြပ်(ခ)မမူကလားရဲ**

**ပျောက်ဆုံးကြောင်းကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁၀/တောင်၊ (၁၃)ရပ်ကွက်၊ ဇေယျဝတီ၃လမ်းအနောက်၊ အမှတ် ၂၁၄၂/က နေ ကျွန်မနော်မြဇာဝင်း ၁၂/သကတ(နိုင်)၁၅၉၆၀၈ ကိုင်ဆောင်သူပိုင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၈၇)ရပ်ကွက်၊ အင်းဝလမ်းသွယ် ၁ လမ်း၊ မြေကွက်အမှတ် ၉၇၇/က၊ မြေဧရိယာပေ(၂၀×၆၀)၊ ဦးမျိုးကျော် ၁၂/ဒဂန(နိုင်)၀၈၆၇၅၈ အမည်ပေါက် စလစ်ပြားစာရွက်စာတမ်းများသည် ၁၆-၁၀-၂၀၁၄ ရက် ညနေ၄း၀၀နာရီခန့်တွင် ယုဇနပလာဇာရှေ့၌ ပျောက်ဆုံးသွားပါ၍ တွေ့ရှိသူများ ပြန်လည်ပေးအပ်ပါက ကျေးဇူးဆပ်ပါမည်။ **ဆက်သွယ်ရန် ဖုန်း-၀၉-၅၁၄၄၀၁၊ ၀၉-၂၅၄၂၅၇၉၅၇၊ ၀၉-၇၃၀၁၅၃၃၄**

**မိခင်အမည်မှန်**

လှိုင်ကော်မြို့၊ အထက(ခွဲ)၊ နာနတ်တောကျောင်း၊ တက္ကသိုလ်ဝင်တန်း(ခ)မှ မောင်နိုင်လင်းအောင်၏မိခင်အမည်မှန်မှာ ဒေါ်ရီးမြာ ၂/လကန(နိုင်)၀၂၉၆၅၉ ဖြစ်ပါကြောင်း။ **ဒေါ်ရီးမြာ**

**မိဘအမည်မှန်**

လှိုင်ကော်မြို့၊ အထက(ခွဲ)၊ နာနတ်တောကျောင်း၊ တက္ကသိုလ်ဝင်တန်း(ခ)မှ မပါစကွာလီနာ၏ မိဘအမည်မှန်မှာ ဦးသန်းတက်-ဒေါ်မူပိုင်ဖြစ်ပါကြောင်း။ **ဦးသန်းတက်-ဒေါ်မူပိုင်**

**မိခင်အမည်မှန်**

လှိုင်ကော်မြို့၊ အထက(ခွဲ)၊ နာနတ်တောကျောင်း၊ တက္ကသိုလ်ဝင်တန်း(က)မှ မလှမေ၏မိခင်အမည်မှန်မှာ ဒေါ်မူဘိုင် ၁၃/ဖခန(နိုင်)၀၄၂၉၉၄ ဖြစ်ပါကြောင်း။ **ဒေါ်မူဘိုင်**

**ဖခင်အမည်မှန်**

လှိုင်ကော်မြို့၊ အထက(ခွဲ)၊ နာနတ်တောကျောင်း၊ တက္ကသိုလ်ဝင်တန်း(ခ)မှ မောင်မိုးဦး၏ ဖခင်အမည်မှန်မှာ ဦးအာကိုစတီးနို ၂/လကန(နိုင်)၀၆၃၉၇၆ ဖြစ်ပါကြောင်း။ **ဦးအာကိုစတီးနို**

**မီးသတိပြု**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# စက်ရုံပိတ်သွားသည့် ဖိနပ်စက်ရုံမှ အလုပ်သမားများအား လုပ်ခလစာနှင့် နစ်နာကြေးထုတ်ပေး



**နေပြည်တော် အောက်တိုဘာ ၁၈**

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်သည် အောက်တိုဘာ ၁၇ ရက်က လှိုင်သာယာစက်မှုဇုန် ကနောင်ခန်းမ၌ ကျင်းပသည့် Master Sports ဖိနပ်စက်ရုံမှ အလုပ်သမား ၇၅၇ ဦး၏ ၂၀၁၄ ခုနှစ် ဇွန်လအတွက် လုပ်ခလစာနှင့် ဥပဒေနှင့်အညီ ခံစားခွင့်ပေးအပ်ရမည့် စက်ရုံပိတ်နစ်နာကြေးပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

Master Sports ဖိနပ်စက်ရုံပိုင်ရှင် Mr.In Ho Bandက အလုပ်သမား ၇၅၇ဦး၏ ၂၀၁၄ ခုနှစ် ဇွန်လအတွက် လုပ်ခလစာနှင့် ဥပဒေနှင့်အညီ ခံစားခွင့်ပေးရမည့် စက်ရုံပိတ်နစ်နာကြေးများကို မပေးချေနိုင်ဘဲ ကိုရီးယားနိုင်ငံသို့ တိမ်းရှောင်သွားခြင်းကြောင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန လက်အောက်ရှိဦးစီးဌာနများက ၂၀၁၂ ခုနှစ် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေနှင့်အညီ အဆင့်ဆင့် ညှိနှိုင်းဖြေရှင်းပေးခဲ့ခြင်း ဖြစ်ပါသည်။

ယင်းသို့ဆောင်ရွက်ရာတွင် အလုပ်ရှင်ကိုယ်တိုင် လာရောက်ညှိနှိုင်းဖြေရှင်းခြင်းမရှိသည့်အတွက် အလုပ်ရှင်ကိုယ်စားလှယ်နှင့် မြန်မာမန်နေဂျာတို့သာ ညှိနှိုင်းရသဖြင့် တိကျသည့်အဖြေမရှိခဲ့သည့်အတွက် ပြည်ထောင်စုဝန်ကြီးက ကိုရီးယားသံအမတ်ကြီးအား ၂၀၁၄ ခုနှစ် ဇူလိုင် ၁၀ ရက်တွင် နေပြည်တော်၌ ခေါ်ယူတွေ့ဆုံပြီး အလုပ်သမားများ၏ အခက်အခဲများကို အမြန်ဆုံးဖြေရှင်းပေးနိုင်ရေး ကိုရီးယားနိုင်ငံရှိ ပိုင်ရှင် Mr. In Ho Band ကိုယ်တိုင်လာရောက်ဖြေရှင်းပေးရန် အကြောင်းကြားစာပေးပို့ခဲ့ကြောင်း အလုပ်သမားများ၏ လုပ်ခလစာများနှင့် နစ်နာကြေးများကို ၂၀၁၄ ခုနှစ် ဇူလိုင် ၁၆ ရက်နောက်ဆုံးထားပြီး ထုတ်ပေးရန်နှင့် လာရောက်ဖြေရှင်းပေးနိုင်ခြင်းမရှိပါက တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကိုလည်း ဆွေးနွေးပြောကြားခဲ့သော်လည်း လုပ်ငန်းရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ဖြေရှင်းခဲ့ခြင်းမရှိသည့်အတွက် တည်ဆဲအလုပ်သမား ဥပဒေများနှင့်အညီ မြန်မာနိုင်ငံရှိ ကိုရီးယားလူမျိုး Export / Inport မန်နေဂျာ Mr. Jeoung Hae Un နှင့် မန်နေဂျာ ဒေါ်ခင်ခင်ထွေးတို့ကို အမှုလေးမှုဖြင့် လှိုင်သာယာမြို့နယ်တရားရုံးတွင် ပြစ်မှုကြောင်းနှင့် ၂၀၁၄ ခုနှစ် ဇူလိုင် ၁၇ ရက်မှာ တရားစွဲဆိုခဲ့ကြောင်း။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဖိနပ်လုပ်ငန်းဆိုင်ရာ CMP ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဖိနပ်လုပ်ငန်းဆိုင်ရာ မြို့နယ်အလုပ်သမားအဖွဲ့အစည်းနှင့် လှိုင်သာယာစက်မှုဇုန် စီမံခန့်ခွဲမှုကော်မတီတို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာ ၉ ရက်တွင် Master Sports ဖိနပ်စက်ရုံမှပစ္စည်းများကို ဥပဒေနှင့်အညီ လေလံတင်ရောင်းချခဲ့ပြီး ဈေးပြိုင်စနစ်ဖြင့် အမြင့်ဆုံးလေလံတင်ခဲ့ရာ ငွေကျပ်သိန်းပေါင်း ၂၈၈၀ ရရှိခဲ့ပြီး ယခုလို သက်ဆိုင်သည့်အလုပ်သမားများအတွက် လက်ကျန်လုပ်ခလစာနဲ့ အလုပ်ပိတ်နစ်နာကြေးတွေကို ပေးအပ်နိုင်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အလုပ်သမား ၆၉၉ ဦး၏ လုပ်ခလစာနှင့် နစ်နာကြေးများကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားရေးရာဝန်ကြီးက အလုပ်သမား ၅၈ ဦး၏ နစ်နာကြေးများကိုလည်းကောင်း အသီးသီးပေးအပ်ခဲ့ပြီး လှိုင်သာယာစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်သင်းအောင်နှင့် Master Sports ဖိနပ်စက်ရုံမှ အလုပ်သမားများကိုယ်စား ဦးထွန်းထွန်းနိုင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယနေ့ကျင်းပသည့်အခမ်းအနားတွင် Master Sports ဖိနပ်စက်ရုံမှ အလုပ်သမားများ၏ လုပ်ခလစာနှင့် စက်ရုံပိတ်နစ်နာကြေးများကို တစ်ဦးချင်းစီပေးအပ်ခဲ့ရာ စုစုပေါင်းအလုပ်သမား ၇၅၇ ဦးအတွက် လုပ်ခလစာနှင့် စက်ရုံပိတ်နစ်နာကြေး ငွေကျပ် ၂၁၄၅၄၈၃၇၆ ကျပ်ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဒေသဖြစ်လာတော့မည့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသ ဇုန်ဝင်ကြေးတိုးမြှင့်ကောက်ခံ

**နေပြည်တော် အောက်တိုဘာ ၁၈**

ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသသည် သမိုင်းတန်ဖိုး၊ ယဉ်ကျေးမှုတန်ဖိုး၊ ဗိသုကာတန်ဖိုးများ မြင့်မားလှသည့် ရှေးဟောင်းအဆောက်အအုံစေတီပုထိုးများကို နေရာဒေသတစ်ခုတည်း၌ တစုတဝေးတည်း လေ့လာနိုင်သည့်နေရာဖြစ်ခြင်း၊ ဤသို့ တန်ဖိုးမြင့်မားသည့် ရှေးဟောင်းအဆောက်အအုံများ ထောင်ချီ၍ တစုတဝေးတည်း တည်ရှိရာနေရာသည် ကမ္ဘာပေါ်တွင် ပုဂံဒေသတစ်ခုတည်းသာရှိခြင်း၊ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းရှိ ရှေးဟောင်း စေတီပုထိုး တစ်ခုချင်းစီသည် တစ်မူထူးခြားကွဲပြားသော ယဉ်ကျေးမှုအနုပညာ ဗိသုကာလက်ရာများ အသီးသီးရှိနေကြပြီး စေတီတစ်ဆူချင်းစီ၌ လေ့လာစရာအနုပညာလက်ရာများစွာရှိနေခြင်း၊ မကြာမီကာလတွင် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဒေသဖြစ်လာတော့မည်ဖြစ်ခြင်း စသည့် ဂုဏ်အင်္ဂါများနှင့် ပြည့်စုံသည့်ဒေသတစ်ခုဖြစ်ပါသည်။

ထိုသို့ထူးခြားသော ဂုဏ်အင်္ဂါများနှင့်ပြည့်စုံပြီး စိတ်ဝင်စားဖွယ်လေ့လာနိုင်သည့် ရှေးဟောင်းစေတီပုထိုးများရှိရာ ပုဂံဒေသအတွက်ကောက်ခံသည့် ဇုန်ဝင်ကြေးနှုန်းထားသည် အိမ်နီးချင်းနိုင်ငံများနှင့် အာဆီယံနိုင်ငံအချို့တွင် ကောက်ခံနေသည့် ယဉ်ကျေးမှုအမွေအနှစ်ဒေသဝင် ကြေးနှုန်းထားများနှင့် နှိုင်းယှဉ်ပါက အလွန်နည်းပါးလှသည်ကို တွေ့ရှိရသည်။

ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသသည် အမျိုးသားယဉ်ကျေးမှုဇုန်အဖြစ် သတ်မှတ်ထားခြင်းကြောင့် အခြားယဉ်ကျေးမှုအမွေအနှစ်ဒေသများ၏ ဇုန်ဝင်ကြေးများကို မြန်မာကျပ်ငွေဖြင့် သတ်မှတ်ရယူသော်လည်း ပုဂံဒေသတွင်မူ အမေရိကန်ဒေါ်လာဖြင့်ကောက်ခံကာ နိုင်ငံတော်ဘဏ္ဍာအဖြစ်ပေးသွင်းပါကြောင်း၊ ရှေးဟောင်းအမွေအနှစ်ဇုန်များကိုလည်း နိုင်ငံတော်က နှစ်စဉ်ငွေကျပ် သိန်းပေါင်းများစွာအကုန်ကျခံ၍ ထိန်းသိမ်းလျက်ရှိပါကြောင်း၊ ပုဂံဒေသကိုပိုမိုတိုးတက်လှပရေး ဆောင်ရွက်ရန်ရှိကြောင်း၊ ဒေသဖွံ့ဖြိုးရေးကိုလည်း သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပုဂံဒေသသို့ပြည်ပဧည့်သည်များ တစ်နှစ်ထက်တစ်နှစ်ပိုမိုရောက်ရှိရန် မျှော်မှန်းရကြောင်း၊ ပုဂံဇုန်ဝင်ကြေးကို ယခုလက်ရှိ နိုင်ငံခြားသားတစ်ဦးလျှင် ၁၅ ဒေါ်လာ ကောက်ခံနေရာမှ ၁. ၁. ၂၀၁၅ ရက်မှစ၍ နိုင်ငံခြားသား တစ်ဦးလျှင် ဒေါ်လာ ၂၀ကောက်ခံပြီး ငါးရက်အထိ နေထိုင်လည်ပတ်ခွင့် ပြုမည်ဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ ခရီးသွားကုမ္ပဏီများ၊ ဧည့်လမ်းညွှန်များ၊ ဆက်စပ်ဝန်ကြီးဌာနများကလည်း ပုဂံဒေသတွင်ဇုန်ဝင်ကြေးတိုးမြှင့် ကောက်ခံခြင်းကို ကြိုတင်သိရှိနိုင်စေရန်နှင့် နိုင်ငံအကျိုးအတွက် ပူးပေါင်းကူညီဆောင်ရွက်ရန် မေတ္တာရပ်ခံထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မန္တလေးတက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးပညာ ဘွဲ့လွန်ဒီပလိုမာ သင်တန်းဖွင့်မည်

**မန္တလေး အောက်တိုဘာ ၁၈**

မန္တလေးတက္ကသိုလ် (လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန)က ကြီးမှူး၍ မန္တလေးတက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးပညာဌာနတွင် နိုင်ငံတကာဆက်ဆံရေးပညာဘွဲ့လွန်ဒီပလိုမာ (Diploma in International Relations (DIR) အမှတ်စဉ်(၃/၂၀၁၄)ကို သင်တန်းကာလကိုးလဖြင့် ဒီဇင်ဘာ ၁ ရက် (တနင်္လာ)နေ့မှစတင်၍ ဖွင့်လှစ်သင်ကြားပို့ချမည်ဖြစ်သည်။

အဆိုပါ နိုင်ငံတကာဆက်ဆံရေးပညာ ဘွဲ့လွန်ဒီပလိုမာ (Diploma in International Relations (DIR) အမှတ်စဉ်(၃/၂၀၁၄) သင်တန်းအတွက် တက္ကသိုလ်၊ ဒီဂရီကောလိပ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိပြီး၊ သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသူများသည် သင်တန်းဝင်ခွင့်လျှောက်လွှာပုံစံဖြင့် နိုင်ငံတကာဆက်ဆံရေးပညာဌာန မန္တလေးတက္ကသိုလ်တွင် (၂-၁၀-၂၀၁၄)ရက်မှ (၁၅-၁၁-၂၀၁၄)ရက်ထိ တင်သွင်းလျှောက်ထားနိုင်သည်။

သင်တန်းနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များသိရှိလိုပါက ကျောင်းသားရေးရာဌာန မန္တလေးတက္ကသိုလ် ဖုန်း(၀၂-၆၂၁၂၉) နှင့် နိုင်ငံတကာဆက်ဆံရေးပညာဌာန မန္တလေးတက္ကသိုလ် ဖုန်း ၀၂-၂၁၀၈၀ တို့ထံသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(၀၂၁)**

ဂုဏ်ပြုအပ်ပါသည်

နယူးဇီလန်တွင်ကျင်းပမည့် ၂၀၁၅ ယူ-၂၀ ကမ္ဘာ့ဖလားဝင်ခွင့်ရအောင် စွမ်းစွမ်းတမံဆောင်ရွက်ပေးခဲ့ကြသည့် ချစ်လှစွာသောနည်းပြကြီးမစ္စတာဂဇ်၊ ယူ-၁၉ကစားသမားများနှင့်အတူ ဥက္ကဋ္ဌကြီးနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မှ တာဝန်ရှိသူများအား နှလုံးသားဖြင့်အားပေးနေကြသော ပြည်သူများ၏ကိုယ်စား SportTimes ဂျာနယ်မှလှိုက်လှဲစွာ ဂုဏ်ပြုအပ်ပါသည်။ မြန်မာ့အားကစား ကမ္ဘာကသိပြီ။

SportTimes အားကစားဂျာနယ်

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲဆုချီးမြှင့်

**မန္တလေး အောက်တိုဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး၏ (၂၁) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၆ ရက်က အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့် တက်ရောက်အမှာစကား ပြောကြားပြီး ဆုရရှိသူများကို ဆုများ ပေးအပ်ချီးမြှင့်သည်။ **(ယာပုံ)**



ဆက်လက်၍ အလှူငွေများ ပေးအပ်ပွဲကျင်းပရာ မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီ အပါအဝင် အလှူရှင် ၁၉ ဦးတို့က အလှူငွေများကို ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးဟန်စိုးထံ ပေးအပ်ကြသည်။

ထို့နောက် ဆုများချီးမြှင့်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များနှင့် တာဝန်ရှိသူများက ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲတွင် ပြိုင်ပွဲဘာသာရပ်အသီးသီး၌ ဆုရရှိကြသူများကို ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ ယင်းနောက် ဆုရရှိသူများက ဆို၊ က၊ ရေး၊ တီးတို့ဖြင့် ဖျော်ဖြေကြပြီး ပြိုင်ပွဲတွင် ကူညီဆောင်ရွက်ပေးကြသည့် အကဲဖြတ်ပညာရှင်ဒိုင်အဖွဲ့တို့အား တာဝန်ရှိသူတစ်ဦးက ဂုဏ်ပြုလက်ဆောင်ပစ္စည်း ပေးအပ်ချီးမြှင့်ခဲ့သည်။ အဆိုပါ ပြိုင်ပွဲကို အောက်တိုဘာ ၁၄ ရက်က အမျိုးသားဇာတ်ရုံ မန္တလေး၌ ကျင်းပခဲ့ပြီး တိုင်းဒေသကြီးအတွင်းရှိ ခရိုင်များမှ ပြိုင်ပွဲဝင် ၄၀၀၊ ပြိုင်ပွဲဘာသာရပ်ပေါင်း ၂၁ မျိုး၌ ပါဝင်ယှဉ်ပြိုင်ကြရာ ရွှေ ၉၃ဆု၊ ငွေ ၆၂ ဆု၊ ကြေး ၃၅ ဆု စုစုပေါင်း ဆု ၁၉၀ တို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၈-၁၀-၂၀၁၄

| ရွှေဈေးနှုန်း(အောင်သမာဓိ) | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၅၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၁၈၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၅၇၆၀၀ |

| စက်သုံးဆီဈေးနှုန်း(Max/ Newday စက်သုံးဆီအရောင်းဆိုင်) | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၄ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၁၀၀၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၉၅၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၁၂၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၄၀ |

| သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ) | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၃၂၀၀-၃၅၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၂၇၀၀-၃၀၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၅၅၀၀-၇၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၅၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၄၅၀၀-၇၅၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၉၀၀၀-၁၇၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၀၀၀-၇၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၅၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၂၀၀၀-၁၇၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |

| နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ) | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၉၉၄-၉၉၇ |
| ဥရောပ | တစ်ယူရို | ၁၃၄၀-၁၃၄၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၇၉-၇၈၅ |
| ထိုင်း | တစ်ဘတ် | ၃၂.၅-၃၂.၇ |
| အိန္ဒိယ | တစ်ရူပီး | ၁၆-၁၆.၂၃ |
| တရုတ် | တစ်ယွမ် | ၁၆၂-၁၆၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၀-၃၀၇ |

| ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း | | |
|---|---|---|
| မိုးဆန်(ဧည့်ယာအသစ်) | တစ်အိတ် | ၁၆၀၀၀-၁၆၂၀၀ |
| ပေါ်ကျွဲ (အသစ်) | တစ်အိတ် | ၂၂၅၀၀-၂၃၀၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၂၈၅၀၀-၃၂၅၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၃၉၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၃၅၅ |
| ဆိပ်ဖြူကြက်သွန်နီ | တစ်ပိဿာ | ၁၀၀-၄၅၀ |
| ရှမ်းကြက်သွန်ဖြူ | တစ်ပိဿာ | ၁၄၅၀-၁၉၅၀ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၁၆၀၀ |
| အာလူး(ရှမ်း) | တစ်ပိဿာ | ၅၅၀-၇၇၀ |
| ရေတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၂၃၅၀ |
| ရေတ်ပွ (စိမ်းစား) | တစ်ပိဿာ | ၄၀၀၀-၅၀၀၀ |
| သကြား | တစ်ပိဿာ | ၉၀၀-၉၂၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ | ခင်ဆိုင်-စေ့ငုတင်ပြသည်။

## တောင်တွင်းကြီး၌ မိုးသည်းထန်စွာရွာသွန်း စပါးစိုက်တောင်သူများ ဝမ်းသာပီတိဖြစ်

**တောင်တွင်းကြီး အောက်တိုဘာ ၁၈**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်အတွင်း ယခုနှစ် အစိုးရဆည်ရေသောက်ဧရိယာများ၊ မြေအောက်ရေသောက် ဧရိယာများတွင် မိုးစပါးစိုက်ခင်းများအောင်မြင်ဖြစ်ထွန်းလျက်ရှိသော်လည်း မိုးကောင်းသောက် ဧရိယာများမှ ဒေသခံတောင်သူများ စိုက်ပျိုးထားသည့် စပါးစိုက်ခင်းများ အောင်ရေအခက်အခဲများ ကြုံတွေ့လျက်ရှိသည်။ အောက်တိုဘာ ၁၇ ရက် ည ၁၀ နာရီမှ အောက်တိုဘာ ၁၈ ရက် နံနက် ၄ နာရီခွဲအထိ မိုးများ အဆက်မပြတ် သည်းထန်စွာ ရွာသွန်းခဲ့သဖြင့် မိုးရေချိန် ၂ ဒသမ ၈၀ လက်မခန့် ရရှိသောကြောင့် ဒေသခံ တောင်သူများ စိုက်ပျိုးထားသည့် မိုးစပါးစိုက်ခင်းများ၌ လိုအပ်လျက်ရှိသည့် အောင်ရေများရရှိပြီဖြစ်၍ ဒေသခံများ ဝမ်းသာပီတိဖြစ်လျက်ရှိကြောင်းသိရသည်။

(ဝ၂၁)

## မင်းလှ၌ ဆင်းသုခမျိုးစပါး ဧက ၁၀၀ စိုက်ပျိုး



**မင်းလှ အောက်တိုဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန သည် စပါးမျိုးသန့်ပွားများရေးအတွက် အုတ်တွင်းအုပ်စုတွင် ဆင်းသုခမျိုးသန့် ဧက ၁၀၀ စိုက်ပျိုးခဲ့သည်။

အဆိုပါ စပါးမျိုးသန့် စိုက်ခင်းတွင် စိုက်ပျိုးထားသော တောင်သူဦးမြင့်ဦး၏ လယ်ယာမြေတွင် အောက်တိုဘာ ၁၅ ရက် နံနက် ၉ နာရီက စပါးရိတ်ခြွေစက်ဖြင့်ရိတ်သိမ်းခဲ့ရာ တစ်ဧကလျှင် ၉၈ တင်းထွက်ရှိသည်။ အဆိုပါ အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ စိုက်ပျိုးရေး၊ မြေစာရင်းနှင့် တောင်သူများ လေ့လာကြကြောင်း သိရသည်။

**ပေါက်စ(iprd)**


ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၄ ခုနှစ် ဖွန်လတွင် Management Agreement လက်မှတ်ရေးထိုးပြီး (၃)လမျှသော အချိန်တိုအတွင်း ကမ္ဘာ့အဆင့်မီ American Brand 5 Star အဆင့် Hilton ကို နေပြည်တော်တွင် Hilton Nay Pyi Taw အဖြစ် (မြန်မာနိုင်ငံတွင် ပထမဦးဆုံးသော American Brand Hotel အဖြစ်) ဖွင့်လှစ်နိုင်၍ Eden Group, Eden Hotels & Resorts အားများစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း နှင့် Hilton Mandalay, Hilton Bagan, Hilton Inle, Hilton Nagapali Beach တို့ကိုလည်း အမြန်ဆုံး အောင်မြင်စွာ ဖွင့်လှစ်နိုင်ရေးအတွက် ဆုမွန်ကောင်းတောင်း အပ်ပါသည်။

MRF Myanmar Rice Federation

MAPCO MYANMAR AGRIBUSINESS PUBLIC CORPORATION LIMITED

# သံဖြူဇရပ် သေမင်းတမန်လမ်းတွင် ရထားပြတိုက်အတွက် တင်ဒါခေါ်ယူ

**သံဖြူဇရပ် အောက်တိုဘာ ၁၈**

မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့က သံဖြူဇရပ်မြို့နယ်ရှိ စည်ပင်သာယာရေးအဖွဲ့ပိုင် သေမင်းတမန် မီးရထားပြတိုက်နှင့် အခြားအဆင့်မြှင့်တင်ရေးလုပ်ငန်းများ လုပ်ဆောင်ရန် ဝဲရက်ကျေးရွာ ကွင်းအမှတ်(၁၃၁၆)တွင် တည်ရှိသည့် မြေဧရိယာ ၆ ဒသမ ၆၁ ဧက အနက် ၂ ဒသမ ၅ ဧကတွင် မီးရထားပြတိုက်နှင့် အပန်းဖြေပန်းခြံ၊ ၁ ဒသမ ၆၆ ဧကတွင် ကားရပ်နားစခန်း၊ အခြားဆိုင်ခန်းနှင့် စားသောက်ဆိုင်များ၊ ၂ ဒသမ ၄ ဧကတွင် ဟိုတယ်၊ ရေကူးကန်နှင့်ခန်းမများ တည်ဆောက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူထားကြောင်း သိရသည်။

ယင်းတင်ဒါရရှိသည့် ကုမ္ပဏီသည် ဆောက်လုပ်ရေးလုပ်ငန်း ကုန်ကျစရိတ်အားလုံးကို အကုန်အကျခံတည်ဆောက်ရမည်ဖြစ်ပြီး ဆောက်လုပ်ပြီးစီးပါက သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြေတန်ဖိုးကို ရှယ်ယာအဖြစ်ထည့်ဝင်ပြီး လစဉ်ပေးချေမှုများနှင့် ပတ်သက်၍ ပြည်နယ်စည်ပင်သာယာရေးကော်မတီနှင့် အကျိုးတူပူးပေါင်းပြီး အိတ်ဖွင့်တင်ဒါကို အောက်တိုဘာ ၅ ရက်မှ ၂၁ ရက်အတွင်း တင်ဒါတင်သွင်းရမည်ဟု စည်ပင်သာယာရေးဝန်ကြီးဒေါက်တာ တိုးတိုးအောင်က ပြောသည်။

စည်ပင်သာယာရေးဥပဒေအရ စည်ပင်သာယာမြေနှင့် အဆောက်အအုံတို့ကို အခြားနည်းလမ်းဖြင့် အသုံးပြုလျှင် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့က ဆုံးဖြတ်ပိုင်ခွင့်ရှိသည့်အတွက် ဝင်ငွေအားလုံးကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ ပေးသွင်းရမည်ဟု သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်သိန်းက ရှင်းပြသည်။

သေမင်းတမန် မီးရထားလမ်းသည် မြန်မာနိုင်ငံ သံဖြူဇရပ်မြို့နယ်မှ ထိုင်းနိုင်ငံ ကန်ချနာပူရီခရိုင် ဘန်ပေါင်ကျေးရွာအထိ ဆက်သွယ်ထားသည့် ရထားလမ်းဖြစ်ပြီး ဒုတိယကမ္ဘာစစ်အတွင်းက ဂျပန်က ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။

အရှေ့တောင်အာရှမှတစ်ဆင့် တောင်အာရှကို ဆက်လက်သိမ်းပိုက်ရန် ရည်ရွယ်ထားသည့် ဂျပန်နိုင်ငံနှင့် ဝင်ရိုးတန်းသုံးနိုင်ငံက ဆက်လက်သိမ်းပိုက်ရန် ထောက်ပံ့ရေးလမ်းကြောင်းလိုအပ်သဖြင့် သေမင်းတမန်မီးရထားလမ်းကို မဟာမိတ် ချွေးတပ်သားများနှင့် မြန်မာနိုင်ငံအနှံ့အပြားမှ ချွေးတပ်သားများဖြင့် တစ်နှစ်အတွင်း ပြီးစီးအောင် ဖောက်လုပ်ခဲ့ခြင်းကြောင့် လူအသေအပျောက်များပြားခဲ့သည်။

မဟာမိတ်အဖွဲ့ဝင်နိုင်ငံများက သေမင်းတမန်မီးရထားလမ်း ဖောက်လုပ်ရာတွင် အသက်ပေးဆပ်ခဲ့ရသည့် တပ်သားများကို ဂုဏ်ပြုသည့်အနေဖြင့် သံဖြူဇရပ်မြို့တွင် မဟာမိတ်စစ်သင်္ချိုင်းတစ်ခု ဆောက်လုပ်ထားရှိခဲ့ပြီး ဂျပန်တို့ကလည်း ယခုပြတိုက်ဆောက်လုပ်မည့် နေရာအနီးတွင် ရန်ပြေမာန်ပြေလွမ်းစေတီတစ်ဆူကို တည်ထားခဲ့သည်။ **(၁၀၈)**

# မြန်မာနိုင်ငံသား ၁၇ ဦးကို ထိုင်းနိုင်ငံက လွှဲပြောင်းပေးအပ်

**တာချီလိတ် အောက်တိုဘာ ၁၈**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ရှိ မြန်မာ-ထိုင်းအမှတ်(၁) ချစ်ကြည်ရေးတံတား၌ အောက်တိုဘာ ၁၇ ရက် မွန်းလွဲ ၁ နာရီခွဲက ခရိုင်/မြို့နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဝင်များဖြစ်သည့် ဦးစီးအရာရှိဇော်မင်းမြင့်၊ ခေတ္တဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လင်းထွန်း၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ရဲအုပ် လှဘုန်းနှင့် ဌာနဆိုင်ရာများ ပါဝင်သောအဖွဲ့သည် ထိုင်းနိုင်ငံလဝကဦးစီးအရာရှိ Saesiton၊ မယ်ဆိုင်ခရိုင် လဝကမှူး Kanlayar Phommalin၊ မယ်ဆိုင်ခရိုင် ဒုလဝကမှူး Sadar yansukyan တို့က တရားမဝင် မြန်မာအလုပ်သမား အမျိုးသား ၁၀ ဦးနှင့် အမျိုးသမီး ခုနစ်ဦးတို့ကို လာရောက်လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

လွှဲပြောင်းပေးသည့် မြန်မာနိုင်ငံသား ၁၇ ဦးတို့အား မကာဟိုခမ်းရပ်ကွက်ရှိ မဟာမြတ်မုနိကျောင်းဝင်းအတွင်း၌ အခြေပြုပြီး ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးခဲ့ရာ ထိုင်းနိုင်ငံအတွင်း တာချီလိတ်-မယ်ဆိုင် ချစ်ကြည်ရေးတံတားအမှတ်(၁)မှ တံတားကူးလက်မှတ်ဖြင့် ဝင်ရောက်ပြီး တရားမဝင် နေထိုင်အလုပ်လုပ်ကိုင်ခြင်း၊ တရားမဝင်ဝင်ရောက်ခြင်း၊ တံတားကူးကတ်(နယ်စပ်ဖြတ်သန်းခွင့်) ခုနစ်ရက်ကျော်လွန်ခြင်းတို့ကြောင့် ရှောင်တခင်စစ်ဆေးချက်အရ ဖမ်းဆီးခံရခြင်းဖြစ်ပြီး ၎င်းတို့မှာ လူကုန်ကူးခံရခြင်းမရှိကြောင်း၊ ၎င်းတို့အား အခကြေးငွေရယူကာ စည်းရုံးပို့ဆောင်ပေးသူများမရှိဘဲ ၎င်းတို့၏ သဘောအလျောက် ကိုယ်တိုင်သွားရောက်အလုပ်ရှာဖွေလုပ်ကိုင်နေကြသူများဖြစ်ကြောင်း စိစစ်သိရှိရ၍ လွှဲပြောင်းအလုပ်သမား ၁၇ ဦးကို မြို့နယ်အုပ်ချုပ်ရေးမှူး၏ အစီအစဉ်ဖြင့် ၎င်းတို့၏ မိဘဆွေမျိုးများထံ ညနေ ၄ နာရီခွဲတွင် ခံဝန်ဖြင့် အပ်နှံပေးခဲ့ကြောင်းသိရသည်။



အဆိုပါ လွှဲပြောင်းပေးအပ်သည့် မြန်မာအလုပ်သမားများမှာ ၂၀၁၀ ခုနှစ်၊ နိုဝင်ဘာ ၁၉ရက်မှ ၂၀၁၄ခုနှစ်၊ အောက်တိုဘာ ၁၇ ရက်ထိ လွှဲပြောင်းပေးအပ်သည့် မြန်မာအလုပ်သမား အမျိုးသား ၅၆၇၇ ဦး၊ အမျိုးသမီး ၁၉၃၀၊ ပေါင်း ၇၆၀၇ ဦးရှိကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

## ပြည်တွင်းသတင်းနှင့် ကြော်ငြာ

# ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-3 တွင် Appraisal Wells တူးဖော်ခြင်းလုပ်ငန်းကို Drilling Rig, NAGA-5 ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၄ ရက်မှ ၂၀၁၅ ခုနှစ် ဩဂုတ် ၃၁ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

၂။ ကမ်းလွန်လုပ်ကွက်အမှတ် M-3 တွင် Appraisal Wells တွင်း တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည့် ဧရိယာတည်နေရာများမှာ Point ASK-7 မြောက်လတ္တီ တွဒ် ၁၅ ဒီဂရီ ၂၆ မိနစ် ၄၈ ဒသမ ၂၂၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၃ မိနစ် ၅၇ ဒသမ ၈၁၆ စက္ကန့်၊ Point ASK-8 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၄ မိနစ် ၄၇ ဒသမ ၉၀၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၈ မိနစ် ၁၄ ဒသမ ၃၇၁ စက္ကန့်၊ Point ASK-9 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၅ မိနစ် ၅၉ ဒသမ ၄၄၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၄ မိနစ် ၂၇ ဒသမ ၉၂၃ စက္ကန့်၊ Point ASK-10 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၇ မိနစ် ၄၃ ဒသမ ၆၀၇ စက္ကန့်၊ အရှေ့ လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၃ မိနစ် ၁၇ ဒသမ ၈၈၁ စက္ကန့်၊ Point ASK-11 မြောက်လတ္တီ တွဒ် ၁၅ ဒီဂရီ ၂၅ မိနစ် ၅၉ ဒသမ ၁၄၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၀ မိနစ် ၆ ဒသမ ၉၉၉၃ စက္ကန့်နှင့် Point ASK-12 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၆ မိနစ် ၅၂ ဒသမ ၆၄၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၇ မိနစ် ၄၁ ဒသမ ၁၃၈ စက္ကန့်အတွင်းတွင်ဖြစ်သည်။

၃။ သို့ဖြစ်ပါ၍ မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-3 တွင် Appraisal Wells တွင်းတူးဖော်ခြင်းလုပ်ငန်းကို တွင်းတူးစက် Drilling Rig, NAGA-5 ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ လေးကီလိုမီတာ ပတ်လည်အတွင်းကို ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချ ရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။ **ငါးလုပ်ငန်းဦးစီးဌာန**

# ပြည်သူ့အကျိုးဖော်ဆောင်ဖို့ အခွန်မှန်စွာပေးဆောင်စို့


**ရွှေကြေးစည် မှ ကျိုက်ထီးရိုး / ချောင်းသာ(နေ့စဉ်)**

▲ တောင်ကြီးမီးပုံးပျံပွဲတော်(၂-ညအိပ်)၊ မွေတော်ကက္ကူ၊ ထမ်စမ်းဂူ၊ မြစ်မ်းတောင်နှင့် လိုက်ဂူဘုရားများ၊ အင်းလေး။ ပင်းတယ၊ ကိုလို(၅)ရက်။ ဆက်၍ မန္တလေး၊ ပြင်ဦးလွင်အနှံ့(သို့) ပုဂံ၊ ပုပ္ပါး၊ ရွှယ်တော်လေးဆူ(၇)ရက်။

▲ ပုဂံ၊ ပုပ္ပါး၊ ရွှယ်တော်လေးဆူ၊ ပခုက္ကူ(၃)ရက်။ ဆက်၍-မန္တလေး၊ ပြင်ဦးလွင်အနှံ့(၅)ရက်

▲ ကျိုက္ကဝိ၊ စက်စဲ၊ မော်လမြိုင်၊ နွားလပိုတောင်(၃)ရက်။ ဆက်၍-ထားဝယ်၊ ရှင်ကိုးရှင်၊ နှစ်ကျိပ်ရှစ်ဆူဘုရားပွဲ၊ မောင်းမကန်(၆)ရက်။ ▲(နေပြည်တော်အနှံ့)(ဝလွန်-တနင်္ဂနွေ) [illegible] Nov 1,3,4,5

ပန်းဆိုးတန်း 01-240860/372290 ဒေါပုံ 09-49282825 ကမာကြည်အိမ်ရာ 09421029191


# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်အတွင်းရှိ အထူးစီမံကိန်းကြီးအဖွဲ့(၁)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ရွှေဘို-မြစ်ကြီးနားလမ်း၊ ကျွန်းလှ-ချပ်သင်း-ကောလင်းလမ်း လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သည့်ပစ္စည်းများကို(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

| | | |
|---|---|---|
| **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** | - | ၂၀-၁၀-၂၀၁၄ ရက် |
| **တင်ဒါလျှောက်လွှာပိတ်ရက်** | - | ၂၇-၁၀-၂၀၁၄ ရက် |
| **တင်ဒါလျှောက်လွှာပိတ်မည့်အချိန်** | - | ညနေ ၄း၀၀ နာရီ |
| **တင်ဒါဖွင့်မည့်ရက်** | - | ၂၈-၁၀-၂၀၁၄ ရက် |
| **တင်ဒါဖွင့်မည့်နေရာ** | - | အင်ဂျင်နီယာမှူးရုံး၊ ကသာခရိုင် |

၂။ အသေးစိတ်အချက်အလက်များအား ကသာခရိုင် အင်ဂျင်နီယာမှူးရုံးတွင် လည်းကောင်း ရုံးချိန်အတွင်း ဖုန်း-၀၆၇-၂၄၇၆၂၊ ၀၇၅-၂၅၀၄၈ တို့သို့ စုံစမ်း မေးမြန်းနိုင်ပါသည်။

**အထူးစီမံကိန်းကြီးအဖွဲ့(၁)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**

# အိမ်နှင့်ခြံရောင်းမည်

2 RC ပေ(၆၀×၈၀) H-Lot, FMI City လှိုင်သာယာမြို့နယ်၊ Master Bedroom (၃)ခန်း၊ အခန်းကျယ်(၂)ခန်း၊ ကားဂိုဒေါင် (၂)စီး၊ လိုင်းဖုန်း (၂)လုံး၊ aircon (၃)လုံး၊ ပါကေး၊ ကြွေပြားနှင့်အဆင့်မြင့်ပြင်ဆင်ပြီးနေထိုင်ရန်အသင့် သိန်း(၆၀၀၀)။

**ဆက်သွယ်ရန် ဖုန်း-၀၉-၂၅၄၀၄၅၆၇၂၊ ၀၉-၄၂၀၁၃၀၈၂၈**

**အကျိုးဆောင် ၂ရာခိုင်နှုန်း**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် စောဂျွန်ဆင် ၁၂/အစန (နိုင်)၀၂၈၀၆၀ ၏ (PSC-RB)အောင်လက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ **ဖုန်း-၀၉-၄၂၁၇၄၄၃၂၀**

# မိဘအမည်မှန်

လှိုင်ကော်မြို့၊ အထက(ခွဲ)၊ နာနတ်တောကျောင်း၊ တက္ကသိုလ်ဝင်တန်း(က)မှ မအာဆောင်းတာ၏ မိဘအမည်မှန်မှာ ဦးအေးမောင်(ခ)ဦးမောင်အေး-ဒေါ်မူန ဖြစ်ပါကြောင်း။

**ဦးအေးမောင်(ခ)ဦးမောင်အေး-ဒေါ်မူန**

# ဖခင်အမည်မှန်

လှိုင်ကော်မြို့၊ အထက(ခွဲ)၊ နာနတ်တောကျောင်း၊ တက္ကသိုလ်ဝင်တန်း(က) မှ မအမားတာအေးသန်း၏ ဖခင်အမည်မှန်မှာ ဦးဆု(ခ)ဆုရီ(ခ)ဆူရယ် ၂/လကန(နိုင်)၀၄၁၀၈၂ဖြစ်ပါကြောင်း။

**ဦးဆု(ခ)ဆုရီ(ခ)ဆူရယ်**

# ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ချိပ်ပိတ်တင်ဒါ(၂/၂၀၁၄)

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်မြတ်ကြီးတွင် အသုံးပြုရန် (X Ray-Screening Machine) တစ်လုံးဝယ်ယူလိုပါသဖြင့် ပစ္စည်းရောင်းချလိုသူများသည် ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီ နောက်ဆုံးထားပြီး ဂေါပကအဖွဲ့ရုံး ချိပ်ပိတ်တင်ဒါတင်သွင်းနိုင်ပါသည်။

အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဂေါပကအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**ဂေါပကအဖွဲ့**
**ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်**
**ဖုန်း-၂၉၂၁၆၉၊ ၂၀၁၇၆၄**

# တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပွဲတော်ဖိတ်ကြားလွှာ

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ တန်ဆောင်တိုင်မီးပုံးပျံပြိုင်ပွဲနှင့် မြို့လုံးကျွတ်မဟာဘုံကထိန် လှည့်လည်ပွဲတော်များအား ၂၀၁၄ခုနှစ် အောက်တိုဘာ ၃၀ ရက် ၁၃၇၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၈ ရက်မှ နိုဝင်ဘာ ၇ ရက် တန်ဆောင်မုန်းလပြည့်ကျော် ၁ရက်အထိ အဝေယာမီးပုံးပျံပြိုင်ကွင်းတွင် ကျင်းပမည်ဖြစ်ပါသည်။ ပွဲတော်ကာလအတွင်း နေ့/ည မီးပုံးပျံပြိုင်ပွဲများ (နေ့လွှတ်အရုပ်မျိုးစုံ/ညမီးကြီး/စိန်နားပန်)၊ မီးပဒေသာလှည့်လည်ပြိုင်ပွဲ၊ မသိုးသင်္ကန်းရက်ပြိုင်ပွဲ၊ Miss တန်ဆောင်တိုင်ရွေးပွဲ၊ အလွတ်တန်းဓာတ်ပုံပြိုင်ပွဲနှင့် ဈေးပွဲတော်များ၊ အရောင်းမြှင့်တင်ရေးပွဲများဖြင့်စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသည်။

တောင်ကြီးတန်ဆောင်တိုင်ပွဲတော်သည် ၁၉၄၁ ခုနှစ်ခန့်ကပင် စတင်လွှတ်တင်ခဲ့ပြီး ၁၉၅၃-၅၄ခုနှစ်လောက်တွင် ပြိုင်ပွဲအသွင် တဖြည်းဖြည်းစည်ကားလာခဲ့သည်မှာ ယနေ့ဆိုပါလျှင် နှစ်ပေါင်း (၇၃)နှစ်တိုင်ခဲ့ပြီး ကမ္ဘာသိမြန်မာသိ ပွဲတော်ကြီးတစ်ခု ပင်ဖြစ်နေပါသည်။ မြို့လုံးကျွတ်ဘုံကထိန်ပွဲတော်မှာလည်း လွတ်လပ်ရေးမရမီကပင် စတင်ကျင်းပလာခဲ့ပြီး ၂၀၀၁ခုနှစ်မှစတင်ပြီး ပြည်နယ်အစိုးရအဖွဲ့မှ ဦးစီးကျင်းပလာခဲ့သည်မှာ ယနေ့ထိတိုင်ကြာမြင့်ခဲ့ပြီး အလွန်ပင်စည်ကားသိုက်မြိုက်လှသည့်ပွဲတော်ကြီးအား ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများ လာရောက်လည်ပတ်ရင်း အတူတကွ ပါဝင်နွှဲပျော်ကြပါရန် သတင်းကောင်းပါးအပ်ပါသည်။

**တောင်ကြီးမြို့တန်ဆောင်တိုင်ပွဲတော်ကျင်းပရေးဦးစီးကော်မတီ**

# ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ဒီဇယ်ဆီအိတ်ဖွင့်တင်ဒါအမှတ်(၁)ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ခရိုင်အဖွဲ့များမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သည့်ဒီဇယ်ဆီများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ခရိုင် | ပစ္စည်းအမျိုးအစား | အရေအတွက် |
|---|---|---|---|
| (က) | တောင်ကြီးခရိုင် | ဒီဇယ် | ၅၀၀၀၀ ဂါလန် |
| (ခ) | လွိုင်လင်ခရိုင် | ဒီဇယ် | ၁၀၀၀၀၀ ဂါလန် |
| (ဂ) | လင်းခေးခရိုင် | ဒီဇယ် | ၂၀၀၀၀ ဂါလန် |
| | | စုစုပေါင်း | ၁၇၀၀၀၀ဂါလန် |

| | | | |
|---|---|---|---|
| (ဃ) | **တင်ဒါရောင်းချမည့်ရက်** | - | ၂၄-၁၀-၂၀၁၄ ရက်မှ ၃၀-၁၀-၂၀၁၄ ရက်အထိ |
| | | - | နံနက် ၉း၀၀ နာရီမှ ၁၆း၀၀ နာရီ (ရုံးချိန်အတွင်း) |
| (င) | **တင်ဒါပုံစံရောင်းချမည့်နေရာ** | - | အင်ဂျင်နီယာမှူးကြီးရုံး၊တောင်ကြီးမြို့၊ |
| (စ) | **တင်ဒါလျှောက်လွှာပိတ်ရက်** | - | ၃၁-၁၀-၂၀၁၄ ရက်၊ မွန်းတည့် ၁၂း၀၀နာရီ |
| (ဆ) | **တင်ဒါဖွင့်လှစ်မည့်ရက်နှင့် အချိန်** | - | ၃-၁၁-၂၀၁၄ ရက်၊ ၁၃း၀၀ နာရီ |

၂။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အင်ဂျင်နီယာမှူးကြီးရုံးသို့ ရုံးချိန်အတွင်း ဖုန်း-၀၈၁-၂၁၂၁၀၁၆၊ ၀၈၁-၂၁၂၁၁၆၂တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

# ကန့်ကွက်နိုင်ကြောင်းနှင့်အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ထန်းပင်ကုန်းအုပ်စု(၉)၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ မဈေးလမ်း၊ အမှတ်(၇၂) ခေါ်တွင်သော နေအိမ်နှင့်တကွ ယင်းနေအိမ်တည်ရှိရာ အင်းစိန်မြို့နယ်၊ ကွင်းအမှတ်-၃၉၈ (ပဲမှီကုန်း)၊ ဧရိယာ ၀ ဒသမ ၂၅ ဧကရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်သူ ဦးစန္ဒယားနှင့် ဒေါ်ကြည်တို့၏ သားသမီးများဖြစ်သော ဦးကြည်မြိုင် ၉/ပမန(နိုင်)၀၆၁၉၁၇၊ ဒေါ်ဝင်းကြည် ၁/မကန(နိုင်)၁၂၉၀၇၅နှင့် မဖြူဖြူ ၁၂/အစန(နိုင်)၁၃၅၇၆၃တို့ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေက စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်တို့ထံ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးလိမ္မော် LL.B** တရားလွှတ်တော်ရှေ့နေ (စဉ်-၄၃၁၄)

**ဦးမျိုးသူရအောင် (စဉ်-၄၂၂၁၀)၊ ဦးဝေယံဦး(စဉ်-၄၂၂၂၇)** အထက်တန်းရှေ့နေများ

**အမှတ်(၄၆/ပထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၃၇၃၄၉၉၊ ၀၉-၈၆၃၀၇၀၄**

နိုင်ငံတကာအားကစားနှင့်ကြော်ငြာ

# အသင်းကြီးတွေရလဒ်ကောင်းအောင် အားထုတ်မယ့် ချန်ပီယံလိဂ်ပွဲစဉ်(၃)

ဒီတစ်ပတ်ရဲ့ အောက်တိုဘာ ၂၂ ရက်နဲ့ ၂၃ ရက်တွေမှာ ချန်ပီယံလိဂ်ပွဲစဉ်တွေကို ဆင်နွှဲကြပါတော့မယ်။ ချန်ပီယံလိဂ်အုပ်စုပွဲစဉ်(၃)ရဲ့ စိတ်ဝင်စားစရာကောင်းတဲ့ပွဲတွေကတော့ မန်စီးတီး၊ ဘာစီလိုနာ၊ ချယ်လ်ဆီး၊ ဘိုင်ယန်မြူးနစ်တို့ပါဝင်တဲ့ ပြိုင်ပွဲတွေပဲဖြစ်ပါတယ်။ ပွဲတိုင်းဟာ ရင်ခုန်စိတ်လှုပ်ရှားစရာတွေနဲ့ ပြည့်နေတာမို့ တစ်ပွဲမှမလွတ်အောင် အားပေးကြရဦးမယ့်ပွဲတွေပါပဲ။

**CSKA မော်စကိုနှင့် မန်စီးတီး**

နိုင်ပွဲတွေဆက်တိုက်ရယူနေတဲ့ မော်စကိုအသင်းကို မန်စီးတီးတို့ ဘယ်လိုရင်ဆိုင်မလဲ စိုးရိမ်စရာပါပဲ။ ဒါပေမယ့် ချန်ပီယံလိဂ်ပွဲစဉ်တွေမှာတော့ အိမ်ကွင်းမှာလည်း ရှုံးပွဲကြုံတွေ့နေတဲ့ CSKA မော်စကိုအပေါ် မန်စီးတီးတို့ အင်အားပြည့်ထုတ်သုံးပြီး နိုင်ပွဲရယူဖို့ကြိုးစားပါလိမ့်မယ်။ ပြီးခဲ့တဲ့နှစ်က ချန်ပီယံလိဂ်မှာ နှစ်ကျော့စလုံး အနိုင်ယူထားတဲ့ မန်စီးတီးကိုပဲ ရွေးချယ်အားပေးရမှာပါ။

**ဘာစီလိုနာနှင့် အိုင်းယက်စ်**

ဘာစီလိုနာအသင်းအတွက် ဒီပွဲမှာ အနိုင်ကိုရအောင်အားထုတ်မယ့် အိမ်ရှင်တို့ရဲ့ ခြေစွမ်းကို အိုင်းယက်စ်တို့ ကြာရှည်တောင့်ခံဖို့မလွယ်ပါဘူး။ ဒီပွဲမှာ တိုက်စစ်မှူးဆွာရက်ဇ်ပါဝင်လာနိုင်တာမို့ ဘာစီလိုနာရဲ့ စွမ်းဆောင်မှုတွေက အိုင်းယက်စ်ကို အမှတ်လက်မဲ့ဖြစ်စေပါလိမ့်မယ်။

**ရိုးမားနှင့် ဘိုင်ယန်မြူးနစ်**

ခြေစွမ်းကျဆင်းနေတဲ့ ရိုးမားတို့ အိမ်ကွင်းဆိုပေမယ့် ဒီပွဲမှာ ပြိုင်ဘက်က ဘိုင်ယန်မြူးနစ်ဖြစ်နေတာမို့ ပွဲကျပ်ဖြစ်နေပါတယ်။ ရိုးမားနဲ့ ဘိုင်ယန်မြူးနစ်တို့ နောက်ဆုံးတွေ့ဆုံမှုရလဒ်ကိုကြည့်ရင်တော့ ရိုးမားတို့က အနိုင်ရထားတာမို့ အခုပွဲမှာ အဲဒီရလဒ်ကိုဖော်ဆောင်ဖို့ လက်ရှိခြေစွမ်းနဲ့ မရနိုင်ပါဘူး။ အနိုင်ဆိုတာ ဧည့်သည်တို့အတွက် ဖြစ်မှာပါ။

**ပေါ်တိုနှင့် ဘီလ်ဘာအို**

အိမ်ရှင်ပေါ်တိုဟာ နောက်ဆုံးကစားခဲ့တဲ့ အိမ်ကွင်းခြောက်ပွဲမှာ ငါးပွဲအနိုင်ရထားလို့ ဘီလ်ဘာအိုတို့ အခုပွဲမှာ မလွယ်ပါဘူး။ အခုတလော ရလဒ်တွေဆိုးရွားနေတဲ့ ဧည့်သည်တို့အတွက် အမြင့်ဆုံး မျှော်လင့်နိုင်တာက သရေဖြစ်ပြီး အိမ်ရှင်တို့က အသာစီးယူသွားမယ့်ပွဲပါ။

**ချယ်လ်ဆီးနှင့် မာရီဘော**

ခံစစ်ပိုင်းမာကျောတဲ့ မာရီဘောကို ချယ်လ်ဆီးတို့ အိမ်ကွင်းဖြစ်ပေမယ့် ခက်ခက်ခဲခဲကစားရပါလိမ့်မယ်။ တိုက်စစ်ပိုင်းအားနည်းတဲ့ ချယ်လ်ဆီးတို့အတွက် အိမ်ကွင်းမှာ ဂိုးသွင်းအားကောင်းရင်တော့ အခြေအနေကောင်းနိုင်ပါတယ်။ ခြေစွမ်းအတက်အကျရှိနေတဲ့ မာရီဘောတို့ကို အိမ်ရှင်တို့ နိုင်ပွဲရအောင်အားထုတ်မှာမို့ ဒီပွဲမှာ ချယ်လ်ဆီးနဲ့အတူ အားပေးတာအကောင်းဆုံးပါပဲ။

**မိုးမြင့်လင်းလက်**

# မြောက်အိုင်ယာလန်အသင်းခေါင်းဆောင် ဆောက်သမ်တန်က လေးနှစ်စာချုပ်



မြောက်အိုင်ယာလန်အသင်းခေါင်းဆောင် စတီဗင်ဒါးဗစ်အား ပရီမီယာလိဂ်ကလပ် ဆောက်သမ်တန်အသင်းက ၂၀၁၈ ခုနှစ်အထိ လေးနှစ်စာချုပ်လိုက်သည်။ ဆောက်သမ်တန်အသင်းက ထပ်မံစာချုပ်လိုက်သည့်အတွက် အသင်းကို ယခုထက်အောင်မြင်မှုရရှိအောင် ကြိုးစားသွားမည်ဖြစ်ကြောင်း အသက် ၂၉ နှစ်ရှိ ကွင်းလယ်ကစားသမား စတီဗင်ဒါးဗစ်က ပြောသည်။

"ကျွန်တော့်အနေနဲ့ အသင်းအတွက် အောင်မြင်မှုတွေရအောင် ကြိုးစားပေးသွားမှာပါ။ လာမယ့်နှစ်များအတွင်း ဆောက်သမ်တန်အသင်းရဲ့ အောင်မြင်မှုတွေကို တွေ့ရမှာပါ"ဟု ၎င်းကပြောသည်။ ဒါးဗစ်သည် ၂၀၁၂ ခုနှစ်က ရိန်းဂျားစ်အသင်းမှ ဆောက်သမ်တန်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ သည်။ ၎င်းသည် မြောက်အိုင်ယာလန်အတွက် အားထားရသူအသင်းခေါင်းဆောင်ဖြစ်ပြီး ၆၉ ပွဲအထိ ပါဝင်ကစားပေးနိုင်ခဲ့သည်။

**ကောင်းမြတ်သူ-စုစည်းသည်**

# ဒေးဗစ်မိုယက်စ် ပရီမီယာလိဂ်သို့ ပြန်လာမည်

မန်ယူတွင် နာမည်ပျက်ခဲ့ရပြီးနောက် ပရီမီယာလိဂ်နည်းပြအဖြစ် ပြန်လာရန်အသင့် ဖြစ်နေပြီဖြစ်ကြောင်း ဒေးဗစ်မိုယက်စ်က ပြောသည်။ "ကျွန်တော့်အနေနဲ့ ပရီမီယာလိဂ်နည်းပြတစ်ယောက်အဖြစ် ပြန်လာဖို့အသင့်ပါပဲ"ဟု ဧပြီလတွင် အိုးထရက်ဖို့ဒ်မှထွက်ခဲ့ရသော အသက် ၅၁ နှစ်အရွယ် အဲဗာတန်နည်းပြဟောင်း မိုယက်စ်က ဘီဘီစီတွေ့ဆုံမေးမြန်းခန်းတွင် ပြောသည်။အဲဗာတန်အသင်းနှင့်အတူ ၁၁ နှစ်ကြာ အောင်ပွဲဆင်ခဲ့သည့် နည်းပြမိုယက်စ်သည် မန်ယူတွင် ၁၀ လမပြည့်မီ နည်းပြအလုပ်မှ နုတ်ထွက်ခဲ့ရသည်။

## ဥရောပပြည်တွင်းလိဂ် ပွဲစဉ်များ (သီဟ)

**အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၈)    အောက်တိုဘာ ၁၉**

| | | | |
|---|---|---|---|
| ကျူပီအာ | - | လီဗာပူး | ည ၇း၀၀ |
| စတုတ်စီးတီး | - | ဆွမ်ဆီး | ည ၉း၃၀ |

**ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၈)    အောက်တိုဘာ ၁၉**

| | | | |
|---|---|---|---|
| ဟမ်းဘတ် | - | ဟော့ဖ်ဖန်ဟိမ်း | ည ၈း၀၀ |
| ပါဒါဘွန်း | - | ဖရန့်ဖတ် | ည ၁၀း၀၀ |

**အီတလီစီးရီးအေ ပွဲစဉ်(၇)    အောက်တိုဘာ ၁၉/၂၀**

| | | | |
|---|---|---|---|
| ဖီအိုရင်တီးနား | - | လာဇီယို | ညနေ ၅း၀၀ |
| အတ္တလန္တာ | - | ပါးမား | ည ၇း၃၀ |
| ကက်ဂလီယာရီ | - | ဆမ်ဒိုးရီးယား | ည ၇း၃၀ |
| ဗီရိုနာ | - | အေစီမီလန် | ည ၇း၃၀ |
| ပါလာမို | - | ဆီစီနာ | ည ၇း၃၀ |
| တိုရီနို | - | အူဒီးနိစ် | ည ၇း၃၀ |
| အင်တာမီလန် | - | နာပိုလီ | နံနက် ၁း၁၅ |

**စပိန်လာလီဂါ ပွဲစဉ်(၈)    အောက်တိုဘာ ၁၉/၂၀**

| | | | |
|---|---|---|---|
| အက်သလက်တီကို | - | အက်စ်ပန်ညို | ညနေ ၄း၃၀ |
| ဒီပို့တီဗို | - | ဗလင်စီယာ | ည ၉း၃၀ |
| အယ်လ်ချီ | - | ဆီဗီယာ | ည ၁၁း၃၀ |
| ဗီလာရီးရဲလ် | - | အယ်လ်မာရီးယား | နံနက် ၁း၃၀ |

**ပြင်သစ်လီဂူး ပွဲစဉ်(၁၀)    အောက်တိုဘာ ၁၉/၂၀**

| | | | |
|---|---|---|---|
| မာဆေး | - | တူးလော့စ် | ညနေ ၆း၃၀ |
| ဘော်ဒိုး | - | ကန်း | ည ၉း၃၀ |
| လိုင်ယွန် | - | မောင့်ပယ်လီယာ | နံနက် ၁း၃၀ |

**ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၇)အပြီး ရပ်တည်မှု**

| စဉ် | အသင်း | ပွဲစဉ် | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|---|
| ၁ | ဘိုင်ယန်မြူးနစ် | ၇ | ၅ | ၂ | ၀ | ၁၇ |
| ၂ | ဟော့ဖ်ဖန်ဟိမ်း | ၇ | ၃ | ၄ | ၀ | ၁၃ |
| ၃ | မိုချန်ဂလက်ဘတ် | ၇ | ၃ | ၄ | ၀ | ၁၃ |
| ၄ | လေဗာကူဆင် | ၇ | ၃ | ၃ | ၁ | ၁၂ |
| ၅ | ဖရန့်ဖတ် | ၇ | ၃ | ၃ | ၁ | ၁၂ |
| ၆ | မိန့်ဇ် | ၇ | ၂ | ၅ | ၀ | ၁၁ |
| ၇ | ဝုဖ်ဘတ် | ၇ | ၃ | ၂ | ၂ | ၁၁ |
| ၈ | ဟန်နိုဗာ | ၇ | ၃ | ၁ | ၃ | ၁၀ |
| ၉ | ပါဒါဘွန်း | ၇ | ၂ | ၃ | ၂ | ၉ |
| ၁၀ | အော့စ်ဘတ် | ၇ | ၃ | ၀ | ၄ | ၉ |
| ၁၁ | ရှော်လ်ကေး | ၇ | ၂ | ၂ | ၃ | ၈ |
| ၁၂ | ဟာသာဘာလင် | ၇ | ၂ | ၂ | ၃ | ၈ |
| ၁၃ | ဒေါ့မွန် | ၇ | ၂ | ၁ | ၄ | ၇ |
| ၁၄ | ကိုလုံး | ၇ | ၁ | ၃ | ၃ | ၆ |
| ၁၅ | ဖရိုင်းဘတ် | ၇ | ၀ | ၅ | ၂ | ၅ |
| ၁၆ | စတုဂတ် | ၇ | ၁ | ၂ | ၄ | ၅ |
| ၁၇ | ဟမ်းဘတ် | ၇ | ၁ | ၂ | ၄ | ၅ |
| ၁၈ | ဝါဒါဘရီမင် | ၇ | ၀ | ၄ | ၃ | ၄ |


## မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နေ
ဦးလှမြင့်-ဒေါ်ခင်ဝင်းတို့၏သားကြီး၊ ဦးသန်းဌေး-ဒေါ်စန်းစန်းထွန်းတို့၏တူသား

**ဗိုလ်ကြီးအောင်မျိုးမင်း**

**B.E(Naval Architecture),D.S.T.A**

**ME (Ship Building and Ocean Engineering),Russia**

**နှင့်**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ အောင်မင်္ဂလာအဝေးပြေးနေ
ဗိုလ်မှူးကျော်ဆန်းဦး(ငြိမ်း)-ဒေါ်စပယ်တို့၏သမီးကြီး

**မထက်ထက်ဆောင်းဦး**

**Third Year(Zoology), IDCS(NCC,UK)**

တို့၏ ၁၈-၁၀-၂၀၁၄ရက်တွင် Sky Star Hotel ၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲ အခမ်းအနားတွင် မင်္ဂလာပန်းကုံးချီးမြှင့်ပေးပါသော ဗိုလ်ချုပ်ခင်မောင်မြင့်(ငြိမ်း) (ဆောက်လုပ်ရေးဝန်ကြီး-ငြိမ်း)နှင့်ဇနီး ဒေါ်ဝင်းဝင်းနုအားလည်းကောင်း၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော ဗိုလ်မှူးကြီးမြင့်ဦး(ဌာနချုပ်မှူး)ရေတပ်သင်္ဘောကျင်းဌာနချုပ်နှင့်ဇနီး ဒေါ်မာလာထွန်းအားလည်းကောင်း၊ စစ်တက္ကသိုလ်အမှတ်စဉ်(၂၈)၊ (၂၉)၊ (၃၀)တို့မှ သူငယ်ချင်းများနှင့် ဇနီးများအားလည်းကောင်း ဝတ်စားဆင်ယင်မှုအား ကူညီပံ့ပိုးပေးသော သီတဂူ(သစ်ခွခြံ)နှင့် မိတ်ကပ်ကျော်မိုးအားလည်းကောင်း၊ မှတ်တမ်းတင် ဗီဒီယို၊ ဓာတ်ပုံရိုက်ကူးပေးသော မိုးကိုဦးအဖွဲ့သားများအားလည်းကောင်း၊ First agency musicမှ မဟေမာနှင့်အဖွဲ့များအားလည်းကောင်း၊ Sky Star Hotelမှ ဝန်ထမ်းများအားလည်းကောင်း၊ အတူနေဖူးသော စစ်ဘက်နယ်ဘက် မိတ်ဆွေသူငယ်ချင်းများနှင့် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးခဲ့ကြသောသူများအားလုံးကို အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးအောင်မျိုးမင်း-မထက်ထက်ဆောင်းဦး**










# မန္တလေး၌ နိုင်ငံတကာ မျက်မမြင်လမ်းလျှောက်တုတ်နေ့ အထိမ်းအမှတ်ကျင်းပ

**မန္တလေး အောက်တိုဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသည့် ၂၀၁၄ ခုနှစ် နိုင်ငံတကာမျက်မမြင် လမ်းလျှောက်တုတ်နေ့ အထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲကို အောက်တိုဘာ ၁၅ ရက် နံနက် ၆ နာရီခွဲက ၂၆ လမ်းနှင့် ၈၄ လမ်းထောင့် ဈေးချိုတော်နာရီစင်ရှေ့တွင် ကျင်းပရာ မန္တလေးမြို့တော်ဝန် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မောင်း၊ တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ဇံ၊ တိုင်းဒေသကြီး အဆင့်ဌာနဆိုင်ရာများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ မျက်မမြင်ကျောင်းများနှင့် မျက်မမြင်အဖွဲ့အစည်း ၁၄ ဖွဲ့မှ မျက်မမြင်ဦးရေ ၃၂၀ နှင့် ကူညီပံ့ပိုးကြသူ ၁၃၆ ဦး တက်ရောက်ပါဝင်ဆင်နွှဲကြသည်။

ရှေးဦးစွာ တက်ရောက်လာကြသည့် လမ်းလျှောက်ပွဲဝင် မျက်မမြင်များသည် ဈေးချိုတော်နာရီစင်ရှေ့တွင် နေရာယူပြီးနောက် မန္တလေးမြို့တော်ဝန်က သေနတ်ပစ်ဖောက်၍ တာလွှတ်အချက်ပေးလိုက်ရာ တာဝင်ပန်းတိုင် မြို့တော်ခန်းမအထိ စုပေါင်းလမ်းလျှောက်ကြသည်။ လမ်းတစ်လျှောက်တွင် ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ကူညီပံ့ပိုးကြသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက မျက်မမြင်များအန္တရာယ်မဖြစ်စေရေးအတွက် ကူညီစောင့်ရှောက်ပေးကြပြီး အလှူရှင်များက ဖျော်ရည်၊ သောက်ရေသန့်၊ ကော်ဖီအေးနှင့် မုန့်များ ကျွေးမွေးလှူဒါန်းကုသိုလ်ပြုကြသည်။

ထို့နောက် အခမ်းအနားကို နံနက် ၈ နာရီတွင် မြို့တော်ခန်းမ၌ ဆက်လက်ကျင်းပရာ အစီအစဉ်အရ မန္တလေးမြို့တော်ဝန်က အမှာစကားပြောကြားပြီး မျက်မမြင်တစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီးက မျက်မမြင်ကျောင်းများနှင့် အဖွဲ့အစည်း ၁၄ ခုတို့ကို အထိမ်းအမှတ်ဖလားအား ပေးအပ်ချီးမြှင့်ပြီးနောက် တိုင်းဒေသကြီး ဥပဒေချုပ်ဦးရဲအောင်မြင့်က အလှူငွေများ လှူဒါန်းခဲ့ကြသည်။ အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြင်ဦးလွင်၊ မြောင်၊ စစ်ကိုင်းမျက်မမြင်ကျောင်းမှ ကျောင်းသား ကျောင်းသူများ အာရုံဦးရောင်ခြည်အဖွဲ့၊ မေတ္တာဥယျာဉ် အဖွဲ့တို့မှ မျက်မမြင်တီးဝိုင်း၊ တေးသီချင်းများဖြင့် သီဆိုတီးခတ်ဧည့်ခံဖျော်ဖြေခဲ့သည်။ **တင်မောင်(မန္တလေး)**



**မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား ငါးခရိုင် ကာယဗလမောင်နှင့် ကာယကြံ့ခိုင်မှုမယ်ပြိုင်ပွဲကို အောက်တိုဘာ ၁၆ ရက်က မကွေးမြို့တွင် ကျင်းပရာ ကာယကြံ့ခိုင်မှုမယ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နေသည့် မယ်တစ်ဦးကိုတွေ့ရစဉ်။** (ကာယဗလ မောင်ပြိုင်ပွဲတွင် ပွဲစဉ်(၁) ၇၅ ကီလိုတန်းသုံးဦး၊ ပွဲစဉ်(၂) ၆၀ ကီလိုတန်း ခြောက်ဦး၊ ပွဲစဉ်(၃) ၆၅ ကီလိုတန်း ခုနစ်ဦးနှင့် ကာယကြံ့ခိုင်မှုမယ်ပြိုင်ပွဲတွင် အရပ် ငါးပေသုံးလက်မအောက် ၁၄ဦး၊ အရပ်ငါးပေသုံးလက်မအထက် ၁၂ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့သည်) **ခင်မာလာ(မကွေး)**

# မွေးဖွားမှုမှတ်ပုံတင်ခြင်း ရက်သတ္တပတ်လှုပ်ရှားမှုအကြိုညှိနှိုင်းဆွေးနွေး

**မြိုင် အောက်တိုဘာ ၁၈**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ်အတွင်း မွေးဖွားမှုမှတ်ပုံတင်ခြင်း ရက်သတ္တပတ်လှုပ်ရှားမှုစီမံချက်အတွက် အကြိုညှိနှိုင်းဆွေးနွေးပွဲကို အောက်တိုဘာ ၁၄ ရက် နံနက် ၉ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲလင်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးအဆင့်-၁ ဒေါ်မိုးမိုးမြင့်၊ မြို့နယ်စီမံကိန်းဦးစီးမှူး ဦးမျိုးမြင့်အောင်နှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးမှူး ဦးခင်ဆွေတို့က အောက်တိုဘာ ၂၀ ရက်မှ ၂၄ ရက်အထိ ကျင်းပမည့် မွေးဖွားမှုမှတ်ပုံတင်ခြင်း ရက်သတ္တပတ် လှုပ်ရှားမှုစီမံချက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို အသေးစိတ်ရှင်းလင်းဆွေးနွေးကြသည်။

အဆိုပါ ရက်သတ္တပတ်လှုပ်ရှားမှုစီမံချက်ကို မြိုင်မြို့နယ်အတွင်း စုရပ်နေရာ ၂၀ ၌ ကျင်းပသွားမည်ဖြစ်၍ ယင်းလှုပ်ရှားမှုတွင်အသုံးပြုမည့် လှုံ့ဆော်ရေးပိုစတာများ၊ လက်ကမ်းစာစောင်များ၊ ဖိတ်စာများ၊ ဗီနိုင်းစများနှင့်စက္ကူဖိုင်များကို ယူနီဆက် (UNICEF)က ကူညီထောက်ပံ့မှုဖြင့် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား ပေးအပ်ခဲ့ကြောင်း သိရသည်။ **အောင်ကျော်မြင့်**

## ပြည်တွင်းသတင်းနှင့် ကြော်ငြာ

## မြန်မာ့အလင်း စာတည်းထံပေးစာများ

### ကျူးကျော်အိမ်သုံးအိမ်ကို ဖယ်ရှားပေးပါရန်

**စာတည်းခင်ဗျား–**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အမရဋ္ဌာနီအရှေ့(၃၆)ရပ်ကွက် ၇၈လမ်းနှင့် ၉လမ်းထောင့်တွင် အိမ်သုံးအိမ်မှာ မီးရထားသံလမ်းနှင့် ၇၈လမ်းကြားတွင် စည်ပင်လမ်းမြေနှင့် ရထားသံလမ်းမြေအား အခိုင်အမာကျူးကျော်နေထိုင်နေပါသဖြင့် သက်ဆိုင်ရာက ကွင်းဆင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။ **အန္တရာယ်စိုးရိမ်သူ**

### သံပန်းသံတံခါးလုပ်ငန်း ဖယ်ရှားပေးစေလို

**စာတည်းခင်ဗျား–**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (ဆိပ်ကမ်းမြို့နယ်) (၉၄)ရပ်ကွက် ယုဇနဥယျာဉ်မြို့တော် အင်ကြင်းလမ်း ဘီလမ်း၌ သံပန်းသံတံခါးလုပ်ငန်း ရိုက်ထုသံဆူညံခြင်းကြောင့် ကျောင်းသားကျောင်းသူများ စာမေးပွဲနီး၍စာကျက်နေစဉ် စိတ်အနှောင့်အယှက်ဖြစ်ရခြင်း၊ သံဂဟေဆော်အညှော်နံ့ကြောင့် ကျန်းမာရေးမကောင်းသည့် သက်ကြီးရွယ်အိုများ လေကောင်းလေသန့် ရှူရှိုက်၍မရခြင်းတို့ကြောင့် ယုဇနဥယျာဉ်မြို့တော် အင်ကြင်းလမ်းဘီလမ်း၌ သံပန်းသံတံခါးလုပ်ငန်းကို လမ်းအတွင်းမှ ဖယ်ရှားပေးစေလိုကြောင်း လမ်းသူလမ်းသားများက လိုလားလျက်ရှိသည်။ **စိတ်အနှောင့်အယှက်ဖြစ်ရသူ**

### ယာဉ်စီးခပိုတောင်းခြင်း ကြပ်မတ်ပေးစေချင်

**စာတည်းခင်ဗျား–**

ယခုအခါတွင် ရန်ကုန်မြို့တွင် ပြေးဆွဲသောကားအားလုံးသည် အထူးကားများမှအပလိုင်းကားများစီးခနှစ်ဆတိုး၍ တောင်းခံလာကြသည်။ လစာနည်းဝန်ထမ်းများ မှတ်တိုင်တစ်တိုင်စီးရုံဖြင့် ယာဉ်စီးခငွေကျပ် ၁၀၀ ပေး၍ စီးကြရသည်။ အချို့ကားများမှာ ယာဉ်စီးခသတ်မှတ်ချက် စာရွက်အတုများကို ကွန်ပျူတာစာစီစာရိုက်ပြီး ကားများပေါ်တွင် ကပ်ကာတောင်းခံသဖြင့် ယာဉ်စီးခသုံးဆအထိ ပေးနေရပါသည်။ ပိုဆိုးသည်မှာ စည်းကမ်းပျက် ယာဉ်နောက်လိုက် အချို့၏ နှုတ်မှသတ်မှတ်သည့်အတိုင်း ယာဉ်စီးခပေးချေနေရပါသည်။

သို့ပါ၍ ရန်ကုန်မြို့တွင် ပြေးဆွဲသော ယာဉ်လိုင်းအားလုံးတွင် တရားဝင်ယာဉ်စီးခသတ်မှတ်နှုန်းထားများကို သက်ဆိုင်ရာတာဝန်ရှိ အဖွဲ့အစည်း၏ စည်းတံဆိပ်ဖြင့်ကပ်၍ ယာဉ်စီးခပိုမိုတောင်းခံခြင်းကို ကြပ်မတ်ကွပ်ကဲပေးပါရန် တင်ပြအပ်ပါသည်။ **ခရီးသည်တစ်ဦး**

### မီးစက်ကြီးအား အများနည်းတူ ပြောင်းရွှေ့ထားရှိပေးရန်

**စာတည်းခင်ဗျား–**

မင်္ဂလာတောင်ညွန့်မြို့နယ် ဖို့မြေရပ်ကွက် သိမ်ဖြူလမ်းရှိ အိမ်တစ်အိမ်၏ မြေညီထပ်နှင့်ပထမထပ်တို့အတွက်အသုံးပြုရန် လုပ်ငန်းသုံးမီးစက်ကြီးကို သိမ်ဖြူလမ်းနှင့်ဖို့မြေလမ်း စည်ပင်နောက်ဖေးလမ်းကြားတွင် ချထားပါသည်။

အများမြင်သာသည့်နေရာတွင်ထားရှိခြင်း မဟုတ်သည့်အတွက် အကြောင်းတစ်စုံတစ်ရာပေါ်ပေါက်လာပါက လမ်းသူလမ်းသားများအနေဖြင့် မီးဘေးအန္တရာယ်စိုးရိမ်နေကြ၍ အဆိုပါမီးစက်ကြီးကို အခြားကုမ္ပဏီလုပ်ငန်းများနည်းတူ သိမ်ဖြူလမ်းမကြီးပေါ်တွင် ပြောင်းရွှေ့ထားရှိရေးအတွက် ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။ **လမ်းသူလမ်းသားများ**

## လူကုန်ကူးရန် ကင်းဝေးဖို့ အားလုံးကူညီပါဝင်စို့


**ဖခင်အမည်မှန်**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့ အမှတ်(၂) အထက၊ တက္ကသိုလ်ဝင်တန်း (D)မှ မဟေမာဝင်း၏ဖခင်အမည်မှန်မှာ ဦးဘိုးလှိုင် ၉/ကပတ(နိုင်)၂၈၁၆၅၁ ဖြစ်ပါသည်။ **ဦးဘိုးလှိုင်**

**ဖခင်အမည်မှန်**

ပေါက်ခေါင်းမြို့၊ အထက ပေါက်ခေါင်း တက္ကသိုလ်ဝင်တန်း(က)မှ မအိကလျာဖြိုး၏ ဖခင်အမည်မှန်မှာ ဦးမိုးဇယ် ၇/ပခတ(နိုင်)၀၅၂၅၈၅ဖြစ်ပါကြောင်း။
**ဦးမိုးဇယ် ၇/ပခတ(နိုင်)၀၅၂၅၈၅**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၅ယ/၅၄၅၆၂ ANBO-125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျန်ချင်တန် ၁၃/လရန(နိုင်) ၀၇၇၇၆၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ တွဲဖက်ပြည်နယ်ရုံး(လားရှိုး)**

**ကန့်ကွက်နိုင်ပါကြောင်း**

ယာဉ်အမှတ်၃၆ယ/၅၄၁၈၅ ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းဟွမ်ခမ်း ၂/လကန(နိုင်)၀၇၇၁၂၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ကယားပြည်နယ်ရုံး(လွိုင်ကော်)**

**ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၈ယ/၆၉၉၄၀ ယာဉ်လက်ဝယ်ရှိသူ ဦးသန်းထွေး ၄/ဖလန(နိုင်) ၀၄၂၂၃၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ကလေးမြို့)**

**ဖခင်အမည်မှန်**

နွားထိုးကြီးမြို့၊ အထက နဝမတန်း (B)မှ မအေးမိစံ၊ အထက (ခွဲ)ဘုံသာကျေးရွာ၊ ဆဋ္ဌမတန်းမှ မောင်ညီထွား၊ လှည်းစတွန်း၊ အမက၊ ဒုတိယတန်းမှ မမေမိုးတို့၏ ဖခင်အမည်မှန်မှာ ဦးပေါ်ထင် ၁၂/လကန(နိုင်) ၀၃၇၃၈၄ဖြစ်ပါသည်။

**ဖခင်အမည်မှန်**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့၊ မြို့ရှေ့ အထက တက္ကသိုလ်ဝင်တန်း (A)မှ မအုန်းမြင့်သန်းနှင့် နဝမတန်းမှ မအုန်းမြင့်ဆန်းတို့၏ ဖခင်အမည်မှန်မှာ ဦးအောင်ရှင် ၉/ကပတ(နိုင်)၀၆၁၃၃၇ဖြစ်ပါသည်။ **ဦးအောင်ရှင်**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ်၇ယ/၂၆၈၆၇ Jialing 90, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြတ်ဦး ၁၃/လရန(နိုင်) ၀၁၀၄၆၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

**ကန့်ကွက်နိုင်ပါကြောင်း**

ယာဉ်အမှတ်၇ယ/၅၄၁၈၅ ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးမူ ၂/လကန(နိုင်)၀၁၅၆၁၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ကယားပြည်နယ်ရုံး(လွိုင်ကော်)**

**ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃ယ/၂၉၉၇၅ ယာဉ်လက်ဝယ်ရှိသူ ဦးစံလှ ၅/ကလထ(နိုင်) ၀၁၅၉၂၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(ကလေးမြို့)**

**အများသိစေရန်ကြေညာခြင်း**

လားရှိုးမြို့၊ အမှတ်(၇)သံလွင်တိုးချဲ့ရပ်ကွက်၊ ဦးပိုင်အမှတ်(၁၇၂)၊ဧရိယာ ၀.၁၁၁၃၉ ဧကရှိ မြေဂရန်အမှတ်တွဲ ၇၂၆-၅/၂၀၀၀-၂၀၀၁ ဖြင့် ဦးနေဝင်း အမည်ပေါက် ပိုင်ဆိုင်သော မြေကွက်အား မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် ၂၈၂I၂၀၀၇ဖြင့် မောင်ရှောက်ကျိန်မှ ဝယ်ယူပိုင်ဆိုင်ထားပြီး မြေဂရန်ပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ရာကန့်ကွက်လိုသူများရှိပါက အထောက်အထားအပြည့်အစုံဖြင့် ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း။
**ဦးရှောက်ကျိန်**

**သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၊ ရပ်ကွက်(၇)နေ ဦးစန်းမောင်၊ ဒေါ်အေးမွန်းတို့၏သား စိုင်းစန်းသွင်သည် မိဘများ၏ ဆိုဆုံးမမှုကို နားမထောင်ဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၄င်းနှင့်ပတ်သက်သည့်ကိစ္စများကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။
**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**
**ဦးစန်းမောင်၊ ဒေါ်အေးမွန်း**

**ကန့်ကွက်နိုင်ပါကြောင်း**

ယာဉ်အမှတ်၂၈ယ/၂၅၃၄၄ ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းစန်းထွေး ၂/လကန(နိုင်)၀၁၀၀၈၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ကယားပြည်နယ်ရုံး(လွိုင်ကော်)**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၁၀ယ/၂၇၅၆၅ Yin Xiang-110 ယာဉ်လက်ဝယ်ရှိသူ ဦးဇင်လင်းနိုင်၈/မကန(နိုင်)၁၈၄၃၁၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး(မကွေး) သို့လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။
**ကညန၊ တိုင်းရုံး(မကွေး)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၇ယ/၃၈၂၃၇၊ Honda Click 110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သိန်းသန်းစိုး ၉/မရတ(နိုင်) ၁၁၇၀၂၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၄ယ/၄၁၉၀၃၊ Yin Xiang 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဇော်ဦး ၉/စကတ(နိုင်)၀၆၆၂၃၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးညွန့်တင် ၁၂/လမန (နိုင်)၁၂၁၉၄၂ ၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၀၁၅၄၅၇၅**

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

# မဒေါက်မြို့ တန်ဆောင်တိုင် မီးမျှောပွဲကျင်းပမည်



မဒေါက်တန်ဆောင်တိုင်မီးမျှောပူဇော်ပွဲတော်ကို စစ်တောင်းမြစ်အတွင်း ကျင်းပခဲ့မှုမြင်ကွင်း။

**ညောင်လေးပင် အောက်တိုဘာ ၁၈**

ဝါလကင်းလွတ် သီတင်းကျွတ်ပြီးသည်နှင့် တန်ဆောင်မုန်းလရာသီ ရောက်တိုင်း ဒေသအလိုက်ကျင်းပသော ပွဲတော်များအနက် ညောင်လေးပင်မြို့နယ် မဒေါက်မြို့၌ကျင်းပသော တန်ဆောင်တိုင် မီးမျှောပွဲတော်မှာလည်း မြန်မာနိုင်ငံတွင် အထူးထင်ရှားသော ပွဲတော်တစ်ခုပင်ဖြစ်သည်။

ယခုနှစ်မဒေါက်မြို့ တန်ဆောင်တိုင် မီးမျှောပွဲတော်ကို တန်ဆောင်မုန်းလဆန်း ၁၄ ရက် (နိုဝင်ဘာ ၅ ရက်)မှ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်(နိုဝင်ဘာ ၇ ရက်) အထိ ကျင်းပမည်ဖြစ်ပြီး တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်(နိုဝင်ဘာ ၇ ရက်) နံနက် ၉ နာရီတွင် မြို့မ(၂) ယိမ်းအဖွဲ့က ဦးဆောင်ကာ ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးကို မဒေါက်မြို့ အနီးပတ်ဝန်းကျင်ရှိ ကျေးရွာ ၁၁ ရွာမှ အမျိုးသား၊ အမျိုးသမီး တက်ခုတ်တက်ပျံယိမ်းအဖွဲ့များ၊ ဒေသခံတိုင်းရင်းသားများ၏ ကရင်ဒိုးယိမ်းအကအလှုများဖြင့် ပါဝင်မည်ဖြစ်ပြီး ည ၆ နာရီ၌ စစ်တောင်းမြစ်အတွင်း ရောင်စုံမီးကြာခွက် ၅၀၀၀၀ ဖြင့် မီးမျှောပူဇော်ကြမည်ဖြစ်သည်။

အဆိုပါ တန်ဆောင်တိုင် မီးမျှောပွဲတော်ကို အနယ်နယ်အရပ်ရပ်မှဈေးသည်များ၊ မြို့ခံဈေးသည်များ၊ ဘုရားဖူးဧည့်သည်များဖြင့် စည်ကားစွာကျင်းပခဲ့သည်မှာ ယခုနှစ်ဆိုလျှင် ၄၂ နှစ် ရှိပြီဖြစ်ကြောင်းလည်း သိရသည်။ **(အပေါ်ပုံ) သိန်းညွန့်(ပိန်းဇလုပ်)**



အင်းသားဆုံစည်းရာနေ့ကို ပထမဆုံးအကြိမ်အဖြစ် ၂၀၁၁ ခုနှစ်တွင် အင်းလေးကန်ရေလယ်ဧည့်ရိပ်သာ (ရေလယ်ဗိုလ်တဲ)၌ ကျင်းပခဲ့စဉ်။

# စတုတ္ထအကြိမ်မြောက် အင်းသားဆုံစည်းရာနေ့ ကျင်းပမည်

**ညောင်ရွှေ အောက်တိုဘာ ၁၈**

စတုတ္ထအကြိမ်မြောက် အင်းသားဆုံစည်းရာနေ့ကို တန်ဆောင်မုန်းလဆန်း ၁ ရက်(အောက်တိုဘာ ၂၃ ရက်) တွင် အင်းလေးဖောင်တော်ဦး ဘုရားရင်ပြင်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အင်းသားလူမျိုးတို့၏ စာပေ၊ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးတမ်းစဉ်လာများကို ထိန်းသိမ်းစောင့်ရှောက်ရန်၊ အင်းလေးကန်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အင်းသားတိုင်းရင်းသားများက ညီနောင်တိုင်းရင်းသားများနှင့်အတူ စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်သွားရန် စသည့်ရည်ရွယ်ချက်များဖြင့် စတုတ္ထအကြိမ် အင်းသားဆုံစည်းရာနေ့ကို ကျင်းပသွားမည်ဖြစ်ကြောင်း အင်းသားဆုံစည်းရာနေ့ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးတင်အောင်ကျော်က ပြောသည်။

အင်းသားဆုံစည်းရာနေ့တွင် ကျေးရွာများမှ အင်းသားရိုးရာ ရာကျော်ဆွဲလှေကြီးများဖြင့် လှော်ခတ်ပြသခြင်း၊ စုပေါင်းမဟာဘုံကထိန်ပွဲ၊ ဆုံစည်းရာနေ့စုဝေးပွဲ အခမ်းအနား၊ အဆင့်မြင့်ဘော်လီဘောပြိုင်ပွဲများ ကျင်းပခြင်း၊ အင်းတိုင်းရင်းသား ရိုးရာအကများနှင့်အတူ ညီနောင်တိုင်းရင်းသားတို့၏ ရိုးရာအကများ၊ တေးဂီတများဖြင့် ဖျော်ဖြေခြင်း၊ အင်းလေးကန်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ စာပေ၊ ယဉ်ကျေးမှု ထိန်းသိမ်းရေးအလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်းဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးသူရိန်**

# မြန်မာ-ထိုင်း ချစ်ကြည်ရေး ထားဝယ်တန်ဆောင်တိုင်ပွဲတော်ကျင်းပမည်

**ထားဝယ် အောက်တိုဘာ ၁၈**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့တွင် သာမညဖလအခါတော်နေ့ကို ပူဇော်ခြင်း၊ ရှေးထားဝယ်ရိုးရာ အစဉ်အလာမပျက် ကျင်းပလာသော ထားဝယ်တန်ဆောင်တိုင် နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ပိုမိုထင်ရှားလာစေခြင်း၊ သံဃာတော်အရှင်သူမြတ်တို့အား တစ်နေရာတည်းတစ်ပေါင်းတည်း တစုတဝေးတည်း ဖူးမြော်ကြည်ညို လှူဒါန်းခွင့်ရရှိစေနိုင်ခြင်း၊ ဗုဒ္ဓဘာသာ နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိစေနိုင်ခြင်း၊ ဗုဒ္ဓဘာသာဝင်များ၏ ဓလေ့ရိုးရာများကို ကမ္ဘာအနှံ့ပြန့်ပွားသိရှိလာစေနိုင်ခြင်းတို့ကို ရည်ရွယ်လျက် "သာမညဖလအခါတော်နေ့ အထိမ်းအမှတ်" မြန်မာ-ထိုင်း ချစ်ကြည်ရေး ထားဝယ်တန်ဆောင်တိုင်ပွဲတော်ကို နိုဝင်ဘာ ၆ ရက် (၁၃၇၆ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့) နံနက် ၇ နာရီမှအစပြု၍ ညချမ်းအချိန်အခါအထိ ထူးခြားခမ်းနားစွာ ကျင်းပမည်ဖြစ်သည်။

နိုဝင်ဘာ ၆ ရက် နံနက် အရုဏ်တက်ချိန်တွင် သံဃာတော်အရှင်သူမြတ်အပါး ၃၀၀၀ ကျော်ကို အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းပြီး နံနက် ၇ နာရီတွင် မြန်မာနိုင်ငံအတွင်းမှ သံဃာတော်အပါး ၂၉၀၀ နှင့် ထိုင်းနိုင်ငံအပါအဝင် နိုင်ငံတကာမှ သံဃာတော်အပါး ၁၀၀ စုစုပေါင်း သံဃာတော်အပါး ၃၀၀၀ကို ထားဝယ်ဒေသခံပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ စေတနာရှင်များက ထားဝယ်မြို့ရှမ္မလည်ဆွဲရပ် လမ်းဆုံမှအစပြု၍ အာဇာနည်လမ်းတစ်လျှောက် ထားဝယ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းဝင်းအထိ ဆွမ်းခြောက်လောင်းလှူဒါန ပြုကြမည်ဖြစ်ပြီး နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းကြမည်ဖြစ်သည်။

ဆက်လက်၍ မွန်းလွဲ ၁ နာရီတွင် သံဃာတော်အပေါင်း ၁၀၀၀ သည် ထားဝယ်မြို့ဘုရားကြီးဝင်းရွှေတောင်စားစေတီရင်ပြင်တွင် သာမညဖလသုတ်ကို ရွတ်ဆိုပူဇော်ကာ ဘုရားကြီး အရှေ့ဘက်မုခ်မှ အစပြု၍ ရွှေဝယ်သီရိအားကစားကွင်းအထိ သတ်မှတ်လမ်းများအတိုင်း (သုံးမိုင်ခန့်) ဒါယကာ ဒါယိကာမများက ပန်းမျိုးစုံ ဆင်ယင်ခင်းကျင်းထားသော လမ်းမထက်မှ ကြွချီလှည့်လည်အပူဇော်ခံမည်ဖြစ်သည်။

ညနေ ၄ နာရီခွဲတွင် ရွှေဝယ်သီရိအားကစားရင်ပြင်၌ သံဃာတော်အရှင်သူမြတ်ထံမှ ပရိသတ်အပေါင်းတို့က ဩဝါဒခံယူကာ ဘာဝနာပွားများ တရားထိုင်ကြပြီး ဆီမီးတစ်သောင်းပူဇော်ခြင်း၊ မီးပုံးပျံအလုံးရေ ၅၀၀၀၀ လွှတ်တင်ခြင်းများဖြင့် သာမညဖလအခါတော်နေ့ အထိမ်းအမှတ်အဖြစ် ဗုဒ္ဓမြတ်စွာဘုရားရှင်အားပူဇော်ကာ ကုသိုလ်ဘာဝနာပွားများကြမည်ဖြစ်သည်။

မြန်မာ-ထိုင်း ချစ်ကြည်ရေး ထားဝယ်တန်ဆောင်တိုင် ဗုဒ္ဓပူဇနိယပွဲတော်တွင် ကုသိုလ်ရှင်များအဖြစ် ပါဝင်လှူဒါန်းလိုပါက ဦးယူစိန် ဖုန်း ၀၉-၈၇၄၀၈၈၈၊ ဦးအောင်နိုင် ၀၉-၅၀၉၀၄၅၄၊ ဦးအောင်သန်းဦး ၀၉-၅၁၀၈၄၅၀၊ မြို့မယဉ်ငေးသာသနာ့ရိပ်သာ ထားဝယ်မြို့ ဖုန်း ၀၉-၂၅၄၈၂၆၉၅၉၊ ကျင်းပရေးကော်မတီရုံး အမှတ်(၂၈)နိဗ္ဗာန်လမ်း မြို့တွင်းရပ် ထားဝယ်မြို့ ဖုန်း၀၉-၂၅၄၈၂၉၆၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **ဖိုးရွှေသွန်း(ထားဝယ်)**


**၁၉၄၅ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ရွှေဘိုမြို့ အထက(၁)**
**ကျောင်းသားဟောင်းများ၏**

**(၂၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ**

ရွှေဘိုမြို့၊ အထက(၁) ကျောင်းသူ/ကျောင်းသားဟောင်းများ၏ အသက်(၆၀) ပြည့်ပြီး အငြိမ်းစား ဆရာ/ဆရာမကြီးများအားပူဇော်ပွဲကို ရွှေဘိုမြို့ အထက(၁) ခန်းမကြီးတွင် ၁၃၇၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ ရက်၊ ၅-၁၁-၂၀၁၄ ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၉ နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကျောင်းသူ/ ကျောင်းသားဟောင်းတိုင်း မပျက်မကွက်တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

| | | |
|---|---|---|
| **ရန်ကုန်** | **၁။ အကယ်ဒမီ ဦးကြည်စိုးထွန်း** | **ဖုန်း-၀၉-၇၃၂၄၁၇၈၅** |
| | **၂။ ဦးကျော်မင်း** | **ဖုန်း-၀၉-၅၀၁၇၆၇၈** |
| | **၃။ ဦးကိုကို-ဒေါ်သန်းသန်းဆင့်** | **ဖုန်း-၀၁-၂၂၀၇၈၆၊ ၀၉-၅၀၁၇၁၀၁** |
| | **၄။ ကိုကျော်မင်းလွင်** | **ဖုန်း-၀၉-၇၃၂၀၆၃၉၀** |
| **ရွှေဘို** | **၁။ ဒေါက်တာအိုကေ** | **ဖုန်း-၀၇၅-၂၁၃၇၁** |
| | **၂။ ဦးအုန်းညွန့်** | **ဖုန်း-၀၇၅-၂၁၆၄၄၊ ၀၉-၂၁၀၀၆၄၄** |
| | **၃။ ဦးမြင့်အောင်** | **ဖုန်း-၀၉-၃၃၂၂၇၅၈၉** |
| | **၄။ ဦးချစ်ကိုကို** | **အိမ်-၂၁၀၅၉၊ ရုံး-၂၁၁၀၂** |
| | | **၀၉-၂၁၀၀၁၄၃** |
| **မန္တလေး** | **၁။ ဒေါက်တာဌေးကြွယ်** | **ဖုန်း-၀၉-၆၉၇၁၂၈၈** |
| | **၂။ ဒေါက်တာထွန်းထွန်းဦး** | **ဖုန်း-၀၉-၅၁၅၃၀၅၀** |
| | **၃။ ကိုမျိုးသန့်ဇော်** | **ဖုန်း-၀၉-၅၁၄၁၂၃၀** |
| | **၄။ ဦးခင်မောင်ဌေး (အရှေ့မိုးကောင်းကင်)** | **ဖုန်း-၀၉-၂၀၂၈၈၂၄** |

**အမည်မှန်**

ဦးပန်းစိန်၏သမီး လားရှိုးမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(ဆ)မှ နန်းဆိုင်မွန်၏အမည်မှန်မှာ နန်းဆိုင်မွန်(ခ) မဆိုင်းမွမ်း ဖြစ်ပါကြောင်း။

**နန်းဆိုင်မွန် (ခ)မဆိုင်မွမ်း**

**အမည်မှန်**

ဦးလုံးကုမ္မာ၏သမီး လားရှိုးမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(ဆ)မှ နန်းအေးဆေး၏ အမည်မှန်မှာ နန်းဇုန်း (ခ) နန်းဇင်မာထွေး ဖြစ်ပါကြောင်း။

**နန်းဇုန်း(ခ)နန်းဇင်မာထွေး**

**ဖခင်အမည်မှန်**

လားရှိုးမြို့၊ အထက(၁)၊ တက္ကသိုလ် ဝင်တန်း(ဆ)မှ မောင်အိုက်စံခွက်၏ ဖခင်အမည်မှန်မှာ ဦးအိုက်ခွက် ဖြစ်ပါသည်။

**ဦးအိုက်ခွက် ၁၃/ဟပတ(နိုင်)၀၁၀၆၇၁**

**(၂၅)နှစ်ပြည့် ငွေရတု စန္ဒိမာ ပညာရည်ချွန်ဆုပေးအပ်ချီးမြှင့်ပွဲ ဖိတ်ကြားလွှာ**

သမိုင်းမြို့မ (အထက-၁) မရမ်းကုန်းကျောင်းကြီးကို စတင်တည်ထောင်တော်မူခဲ့သော ဆရာတော်ကြီး ဘဒ္ဒန္တစန္ဒိမာဘိဝံသ၏ ဂုဏ်တော်ကျေးဇူးတော်များကို ရည်မှန်းပြီး တပည့်ကျောင်းသားဟောင်းများမှ ကျေးဇူးဆပ်သည့်အနေဖြင့် အထက (၁) မရမ်းကုန်းကျောင်းမှ (၂၀၁၃-၂၀၁၄)ပညာသင်နှစ်အတွင်း တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင်ထူးချွန်စွာအောင်မြင်ခဲ့ကြသူများ၊ အတန်းအသီးသီးတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသူများ၊ မရမ်းကုန်း အမက (၂)၊ အမက (၉)၊ အမက (၁၄)နှင့် အလက (၄)ကျောင်းများမှ ယခုချီးမြှင့်သည့် နှစ်အတွင်းအတန်းအသီးသီး၌ ထူးချွန်စွာ အောင်မြင်ခဲ့ကြသူများကို စန္ဒိမာပညာရည်ချွန်ဆု၊ ဆင့်ပွားစန္ဒိမာပညာရည်ချွန်ဆုနှင့် ထပ်ဆင့်ဆင့်ပွားစန္ဒိမာပညာရည်ချွန်ဆုများကို အဖွဲ့၏မူနှင့်အညီ အောက်ပါအစီအစဉ်အတိုင်း ဆုပေးပွဲကိုကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့်၊ ဆုရကျောင်းသားများ၊ အလှူရှင်များ၊ ကော်မတီဝင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့်သက်ဆိုင်ရာ ကျောင်းများမှ ဆရာ ဆရာမများအားလုံး တက်ရောက်ကြပါရန် နှိုးဆော်အပ်ပါသည်။

**ကျင်းပမည့်နေ့ရက်** - ၂-၁၁-၂၀၁၄ရက် (တနင်္ဂနွေနေ့)
**ကျင်းပမည့်အချိန်** - နံနက် ၉း၀၀နာရီ
**ကျင်းပမည့်နေရာ** - အထက (၁) မရမ်းကုန်းမြို့နယ်၊ စန္ဒိမာခန်းမ

**ဆက်သွယ်ရန်**

**၁။ ဦးထွန်းအောင် ဖုန်း-၀၉-၇၃၂၂၁၅၅၅၊** **၆။ ဒေါက်တာအောင်မြတ်သိန်း ဖုန်း-၀၉-၄၂၀၀၇၈၈၇၇**
**၂။ ဦးမြတ်စိုး(လှိုင်) ဖုန်း-၀၉-၅၀၂၅၄၅၆၊** **၇။ ဦးအောင်ကြည် ဖုန်း-၀၉-၃၁၀၆၃၇၇၃၅**
**၃။ ဦးတင်ဝင်း ဖုန်း-၀၉-၄၃၀၉၁၈၂၂၊** **၈။ ဒေါ်အေးအေးလှိုင် ဖုန်း-၀၉-၅၀၄၀၈၂၃**
**၄။ ဦးမောင်မောင်သိန်း ဖုန်း-၀၉-၅၁၃၁၆၀၈၊** **၉။ ဦးအောင်မြင့်ဦး ဖုန်း-၀၉-၂၅၀၃၇၄၄၀၀**
**၅။ ဦးကျင်စိုး ဖုန်း-၀၉-၄၀၁၆၅၁၂၈၈၊** **၁၀။ ဒေါ်နီနီ ဖုန်း-၀၉-၃၁၂၉၀၅၈၅**

**အမည်ပြောင်း**

ကျိုင်းတုံမြို့၊ အထက(၅)၊ တက္ကသိုလ်ဝင်တန်း (A) မှ မဂျူလီယာအား မနှင်းဝေဖြိုးဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်နှင့် ၎င်း၏ဖခင်အမည်မှန်မှာ ဦးစန်းလှိုင် ၁၄/ပသန(နိုင်)၀၀၄၁၈၉ ဖြစ်ပါကြောင်း။

**အမည်မှန်**

ဦးသန်းအောင်၏သား ပျဉ်းမနားမြို့နယ်၊ အထက (၂) တက္ကသိုလ်ဝင်တန်း အခန်း (B) မှ မောင်တည်တန့်အောင်၏ အမည်မှန်မှာ မောင်တည်တံ့အောင် ဖြစ်ပါသည်။ **မောင်တည်တံ့အောင်**

**တစ်ဦးတည်း ဖြစ်ကြောင်း**

ဦးအောဝိတ(ခ)ဦးစိုင်းလီ၏သမီး မိုင်းပျဉ်းမြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း နဝမတန်း(A)မှ နန်းလောင်ခမ်းနှင့် နန်းလိတ်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **နန်းလောင်ခမ်း(ခ)နန်းလိတ်**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

မိုင်းပျဉ်းမြို့နယ်၊ အထက နဝမတန်း(A) မှ နန်းဆီဟွမ်ခမ်း(ခ)နန်းဆိုင်ဟွမ်ခမ်း ၁၃/မပတ(နိုင်)၀၄၆၀၅၅ မှာတစ်ဦးတည်းဖြစ်ပြီး ၎င်း၏ဖခင် ဦးစိုင်းရီ(ခ)ဦးအောင်ညွန့် ၁၃/တယန(နိုင်)၀၁၅၉၀၁မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

မိုင်းပျဉ်းမြို့နယ်၊ အထက တက္ကသိုလ်ဝင်တန်းမှ မမြဉ္စူအေး ၁၃/မပတ(နိုင်) ၀၄၆၀၈၈၏ ဖခင်အမည်မှန်မှာ ဦးမောင်အေး ၁၃/မပတ(နိုင်)၀၄၆၃၄၅ ဖြစ်ပါကြောင်း။ **ဦးမောင်အေး**

**ဖခင်အမည်မှန်**

မိုင်းပျဉ်းမြို့နယ်၊ အထက အဌမတန်း(B) မှ နန်းလှိုင်လှိုင်ဝင့်မောင်၏ ဖခင်အမည်မှန်မှာ ဦးဆန်းရင် ၁၃/ကတန(နိုင်)၀၁၃၉၉၁ ဖြစ်ပါကြောင်း။

**ဦးဆန်းရင်**

**အမည်မှန်**

မိုင်းပျဉ်းမြို့နယ်၊ ဟောင်ကန်ကျေးရွာအုပ်စု၊ လွှန်ကျိုင်းရွာနေ ဦးစိုင်းပန်းရင်၏ သမီးမနန်းဆိုင်မွန်း၏အမည်မှန်မှာ မနန်းဆိုင်နွမ်း ၁၃/မပတ(နိုင်)၀၄၅၄၂၁ ဖြစ်ပါကြောင်း။ **နန်းဆိုင်နွမ်း**


**သတိပေး နှိုးဆော်ချက်**

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမိုစီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

# ယခုနှစ်စိုက်ပျိုးရာသီတွင် ယခင်နှစ်ကထက် မျိုးမြေပဲဈေး မြင့်တက်နေ

ရေစကြို အောက်တိုဘာ ၁၈

ရေစကြိုမြို့နယ်သည် မြေပဲ၊ နှမ်း၊ နေကြာ၊ ပန်းနှမ်းစသည့် ဆီထွက်သီးနှံအမျိုးမျိုးကို အဓိကထား စိုက်ပျိုးသော မြို့နယ်ဖြစ်သည်။ ဆီထွက်သီးနှံအမျိုးမျိုး စိုက်ပျိုးကြရာတွင် မိုးတွင် တစ်ကြိမ်၊ ဆောင်းတွင် တစ်ကြိမ် စိုက်ပျိုးကြပြီး မြို့နယ်အတွင်း ဆီထွက်သီးနှံ စိုက်ပျိုးမှုပမာဏမှာ မိုးမြေပဲဧက ၂၅၀၀ ကျော်၊ မိုးနှမ်းဧက ၅၀၀၀ ကျော်၊ မိုးနေကြာဧက ၃၅၀ ကျော်နှင့် ဆောင်းမြေပဲဧက ၁၅၀၀၀ ကျော်၊ ဆောင်းနှမ်းဧက ၆၅၀၀ ကျော်၊ ဆောင်းနေကြာဧက ၃၅၀၀၀ ကျော်၊ ပန်းနှမ်းဧက ၆၀၀ ကျော် စိုက်ပျိုးထုတ်လုပ်လျက်ရှိသည့်အတွက် မြို့နယ်အတွင်းရှိ လူဦးရေ သုံးသိန်း ဝန်းကျင်အတွက် ဆီစားသုံးမှု တန် ၃၃၀၀ ကျော်ဖြစ်ကြောင်းနှင့် ဒေသဆီ စားသုံးမှု ဖူလုံမှု ရာခိုင်နှုန်းမှာ ၂၉၀ ကျော်ဖြစ်ကြောင်း သိရသည်။



ဆောင်းမြေပဲ စိုက်ပျိုးရာတွင် ရေဆင်းမျိုး၊ မကွေးအထွက်တိုးမျိုးများကို တောင်သူများ အများဆုံး စိုက်ပျိုးကြပြီး မကွေး အထွက်တိုးမြေပဲမျိုးမှာ ယခင်နှစ်က မျိုးအတောင့် တစ်တင်း ငွေကျပ် ၉၅၀၀-၁၀၀၀၀ အထိ ရောင်းချခဲ့ရာမှ ယခုနှစ် မျိုးမြေပဲဈေးမှာ အတောင့်တစ်တင်း ငွေကျပ် ၁၂၅၀၀ ဈေးအထိ မြင့်တက်လျက်ရှိကြောင်းနှင့် မကွေးအထွက်တိုးမျိုးမှာ စိုက်ရက် နှစ်လခွဲဖြစ်သည့်အတွက် တစ်နှစ်သုံးသီးစိုက်တောင်သူများက သဘောကျပြီး အားပေးဝယ်ယူလျက်ရှိကြောင်း ဝေဖြိုးပွဲရုံမှ ဒေါ်မိုးမိုးက ပြောပြသည်။ **ဖေထွဏ်းဇော်(ရေစကြို)**

# ထွေ/အုပ်ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးဆွေးနွေး

လယ်ဝေး အောက်တိုဘာ ၁၈

နေပြည်တော်ကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ဇော်သည် အောက်တိုဘာ ၁၅ ရက် မွန်းလွဲ ၂ နာရီက လယ်ဝေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။




ထိုသို့တွေ့ဆုံရာတွင် နေပြည်တော်ကောင်စီ အတွင်းရေးမှူးက အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနဝန်ထမ်းများအနေဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဌာန၏ ရည်မှန်းချက်လုပ်ငန်း တာဝန်များကို ခေတ်အဆက်ဆက် ကျေပွန်စွာ ဆောင်ရွက်ခဲ့ကြကြောင်း၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ ဒေသဖွံ့ဖြိုး တိုးတက်ရေးနှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းများ ဆောင်ရွက်ရာတွင် တည်ဆောက်ရေး တာဝန်ကြီးလေးရပ်၊ ကျင့်စဉ်ခြောက်ပါး၊ စံ ငါးရပ်တို့ဖြင့် ကြိုးကြိုးစားစား ဆောင်ရွက်ကြရန် လိုအပ်ကြောင်းစသည်ဖြင့် ရှင်းလင်းဆွေးနွေး ပြောကြားပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနဝန်ထမ်းများ၏ လုပ်ငန်းခွင်အတွင်း တွေ့ကြုံရသည့် အခက်အခဲများကို တစ်ဦးချင်း မေးမြန်းဆောင်ရွက်ပေးခဲ့သည်။

**ကိုကိုရှုပ(နေပြည်တော်)**

စာအုပ် စာပေ
လှူမိတ်ဆွေ

## မျိုးဆက်သစ်အားကစားသမားများ မွေးထုတ်ပေးနိုင်ရန် မျှော်လင့်နေ

ရန်ကုန် အောက်တိုဘာ ၁၈

လှိုင်သာယာမြို့နယ် အောင်မြေသာယာစေတီအနီးရှိမြို့နယ်ဘောလုံးကွင်းကို မြို့နယ်အားကစားသမားများ လေ့ကျင့်ကွင်းအဖြစ် ဖော်ဆောင်ပေးရန် ဒေသခံများက လိုလားလျက်ရှိကြောင်း သိရသည်။

ရန်ကုန်-ညောင်တုန်း ကားလမ်းနံဘေးရှိ အဆိုပါ ဘောလုံးကွင်းသည် ခြံစည်းရိုး၊ ဂိုးတိုင်၊ ပွဲကြည့်စင်၊ သန့်စင်ခန်းတို့ဖြင့် ခံ့ထည်စွာ တည်ဆောက်ထားခဲ့သော်လည်း လေးနှစ်တာကာလအတွင်း လေ့ကျင့်ကစားခွင့်မရဘဲ ပြင်ဆင်စောင့်ရှောက်သူမရှိသောကြောင့် ပျက်စီးစပြုနေပြီဖြစ်သည်။ ယင်း ဘောလုံးကွင်းမှ လူငယ်မျိုးဆက်သစ် အားကစားသမားများ မွေးထုတ်ပေးနိုင်သော လေ့ကျင့်ရေးကွင်းအဖြစ် ဖော်ဆောင်ပေးနိုင်ရန် ရပ်ကွက်ပြည်သူများက မျှော်လင့်လျက်ရှိကြောင်း သိရသည်။

**မြင့်မြတ်သစ္စာ(လှိုင်သာယာ)**

## လွှတ်တော်ကိုယ်စားလှယ်များနှင့် ဒေသခံပြည်သူများ တွေ့ဆုံဆွေးနွေး

ရှင်ဗွေယန် အောက်တိုဘာ ၁၈

တနိုင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးမျိုးဆွေနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကေဆန်အောင်တို့သည် ပြည်နယ် ရှင်ဗွေယန်မြို့တွင် ဌာနဆိုင်ရာများ၊ မြို့ပေါ်ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ အထောက်အကူပြုကော်မတီများ၊ ဒေသခံပြည်သူများနှင့် အောက်တိုဘာ ၁၅ ရက် မွန်းလွဲပိုင်းက မြို့နယ်အုပ်ချုပ်ရေးရုံးခန်းမ၌ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် ပညာရေး၊ ကျန်းမာရေးနှင့် လမ်း၊ တံတား ပြီးစီးမှုများကို ကြည့်ရှုပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ချထားပေးသော ငွေလုံးငွေရင်းများကို ဖွံ့ဖြိုးရေးအစီအစဉ်များတွင် ဖြည့်ဆည်းဆောင်ရွက်ရန် ပြောကြားပြီး ဒေသခံပြည်သူများနှင့် တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို တင်ပြဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## သီတာစာကြည့်တိုက်တွင် နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၈

တာမွေမြို့နယ် ကျောက်မြောင်းကြီးရပ်ကွက်ရှိ သီတာစာကြည့်တိုက်တွင် အောက်တိုဘာ ၁၅ ရက်က နံရံကပ်စာစောင်ပြပွဲ၊ ဓာတ်ပုံပြပွဲနှင့် စာပေဟောပြောပွဲကို ကျင်းပခဲ့သည်။

ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်နှင့် စာပေဝါသနာရှင်များက သီတာစာကြည့်တိုက် ရေရှည်ရှင်သန်ခိုင်မာရေး ဆောင်ရွက်နေသည့် လုပ်ငန်းများတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ပူးပေါင်း၍ ပြည်သူများ စာပေအလွယ်တကူ ဖတ်ရှုလေ့လာနိုင်စေရန် မိုဘိုင်းစာကြည့်တိုက်စနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးကြပြီး တက်ရောက်လာသော စာပေဝါသနာရှင်များက ပြန်/ဆက် စာကြည့်တိုက်မှ မိုဘိုင်းစနစ်ဖြင့် ငှားရမ်းပေးသည့် စာအုပ်များကို ငှားရမ်းကြပြီး ပြသထားသော နံရံကပ်စာစောင်နှင့် နယ်မြေ ဖွံ့ဖြိုးတိုးတက်ရေးမှတ်တမ်း ဓာတ်ပုံများကို စိတ်ဝင်စားစွာ ကြည့်ရှုကြကြောင်း သိရသည်။ **လှလှ**

## သာယာဝတီခရိုင် အုတ်ဖိုမြို့တွင် တံတားပန္နက်ချမင်္ဂလာအခမ်းအနား ကျင်းပ

အုတ်ဖို အောက်တိုဘာ ၁၈

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ်တွင် အုတ်ဖို-အိုးသည်ကုန်း သွားလာရေးလွယ်ကူစေရန် ဖြတ်လမ်းဖောက်လုပ်လျက်ရှိရာ ကွေ့ချောင်းချောင်းနားတံတား၊ မကျီးပင်အိုင်ကြီးတံတားနှင့် ဆတ်ပုတ်ချောင်းနားတံတားတို့ ဆောက်လုပ်ရန်အတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနက ခွင့်ပြုငွေကျပ် ၅၉ ဒသမ ၁ သန်းကို ချထားပေးခဲ့သဖြင့် အောက်တိုဘာ ၁၆ ရက် နံနက် ၁၀ နာရီက ကွေ့ချောင်း ချောင်းနားတံတား ပန္နက်ချမင်္ဂလာအခမ်းအနားကို ကျင်းပခဲ့ သည်။

ယခင်က အုတ်ဖိုနှင့် အိုးသည်ကုန်းသို့ ကိုးမိုင်ခရီးသွားလာခဲ့ရသည်။ ဖြတ်လမ်းဖောက်လုပ်နိုင်မည်ဆိုပါက ငါးမိုင် လေးဖာလုံဖြင့်သာ ဆက်သွယ်သွားလာနိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ **အောင်သူ(အုတ်ဖို)**


**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**စိုက်ပျိုးရေးဦးစီးဌာန**
**(ရိတ်သိမ်းချိန်လွန်နည်းပညာသင်တန်းကျောင်း)**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ၊ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA)တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ရိတ်သိမ်းချိန်လွန်နည်းပညာသင်တန်းကျောင်း (ထုံးဘိုခြံ၊ မန္တလေးဒေသကြီး)တွင် အသုံးပြုရန် လိုအပ်သောရေသန့်စက်၊ မီးဖိုချောင်သုံးပစ္စည်းများ၊ Packing House သုံးပစ္စည်းများအား (KOICA) ၏ ထောက်ပံ့ငွေ (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** -၂၁-၁၀-၂၀၁၄ရက်
**တင်ဒါပိတ်မည့်ရက်၊ အချိန်** -၂၄-၁၀-၂၀၁၄ရက် ၁၁း၀၀နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါရုံးလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**ကျောင်းအုပ်ကြီး**
**ရိတ်သိမ်းချိန်လွန်နည်းပညာသင်တန်းကျောင်း**
**စိုက်ပျိုးရေးဦးစီးဌာန**
**ထုံးဘိုခြံ၊ မန္တလေးတိုင်းဒေသကြီး**
**ဖုန်း-၀၉-၅၃၂၂၅၄၅၊ ၀၉-၄၃၀၆၃၀၄**

**အမည်ပြောင်း**

ဦးသောင်းရင်ဦး၏သားသမီးများဖြစ်ကြသော နေပြည်တော် အထက (၂၂)တွင် ပညာသင်ကြားနေသော တက္ကသိုလ်ဝင်တန်း (A)မှ မနန္ဒာအေးအား မသောင်းနန္ဒာအေးဟု လည်းကောင်း၊ တက္ကသိုလ်ဝင်တန်း (C)မှ မောင်နန္ဒအောင်အား မောင်သောင်းနန္ဒအောင်ဟု လည်းကောင်း ပြောင်းလဲခေါ်ဆိုပါရန်။

**မသောင်းနန္ဒာအေး၊မောင်သောင်းနန္ဒအောင်**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊အထက(ခွဲ) လ-၆ တက္ကသိုလ်ဝင်တန်းမှ မခင်ဖူးဝေ၏ မိခင် ဒေါ်ကေမာသိန်းနှင့် ဒေါ်ငြိမ်းအေးစိုးမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဒေါ်ကေမာသိန်း(ခ)ဒေါ်ငြိမ်းအေးစိုး**
**၁၀/မလမ(နိုင်)၂၁၁၅၂၆**

**ကချင်ပြည်နယ်အများပိုင်ကုမ္ပဏီလီမိတက်**
**ဆောက်လုပ်ရေးလုပ်ငန်း**
**ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း**

၁။ ကချင်ပြည်နယ်အများပိုင်ကုမ္ပဏီလီမိတက်မှ မြစ်ကြီးနားမြို့၊ မြို့မရပ်ကွက်၊ သခင်နက်ဖေလမ်း၊အကွက်အမှတ်(၄)နေရာတွင် သုံးထပ်ခွဲလူနေဆိုင်ခန်းများ ဆောက်လုပ်ခြင်းလုပ်ငန်းအား ဆောင်ရွက်လိုပါသဖြင့် ချိပ်ပိတ်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းကမ်းချက်များနှင့် လျှောက်လွှာပုံစံများအား အောက်ပါအတိုင်း ဝယ်ယူနိုင်ပါသည်။

(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၀-၁၀-၂၀၁၄ရက်၊ နံနက်၉း၃၀ နာရီ

(ခ) **တင်ဒါပိတ်မည့်ရက်** - ၁၈-၁၁-၂၀၁၄ရက်၊ ညနေ ၅း၀၀ နာရီ

၃။ တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်ကို တင်ဒါတင်သွင်းသူများသို့ ထပ်မံအကြောင်းကြားမည်ဖြစ်ပြီး တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ကချင်ပြည်နယ်အများပိုင် ကုမ္ပဏီရုံးအမှတ်(၂၃၈-က)၊ ပြည်ထောင်စုလမ်းမကြီး၊ ယုဇနရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း-၀၇၄-၂၄၁၅၅ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ချိပ်ပိတ်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

**အမြန်အလိုရှိသည်**

အဲယားကွန်းပြင်ကျွမ်းကျင် ၂ ဦး
အဲယားကွန်းပြင်အကူ ၂ ဦး

**ဖုန်း-၀၉-၅၄၀၆၆၀၇၊ ၀၁-၅၄၈၂၀၉**

**ရင်ခုန်သံ**

နာကျင်မှုမရှိဘဲ ထာဝရလှပသော 3D မျက်ခုံးမွေး၊ Eyeliner နှုတ်ခမ်းအရောင်သွင်းသည်။
(တစ်ခါသုံးပစ္စည်းများဖြင့်သာ)
**၂၀၊ မာလာမြိုင် ၅ လမ်း၊(၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ဖုန်း-၀၉-၅၂၇၅၄၉၃**

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော e-Government လုပ်ငန်းများအနက် Video Conferencing တပ်ဆင်ခြင်း၊ UPS for Server၊ One Manage Switch နှင့် MEPE Material Planning and Finance Application Server (Hardware and Software) တည်ဆောက်ခြင်းကို တပ်ဆင်စမ်းသပ်ခြင်းအပါအဝင် (Turnkey) စနစ်ဖြင့် လုပ်ငန်းအပ်နှံခြင်းအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်-

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၀-၁၀-၂၀၁၄ရက်
**တင်ဒါပိတ်မည့်ရက်** - ၁၉-၁၁-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၀၉**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ပခုက္ကူမြို့နယ် အထက(ကျွန်းချောင်း) န၀မတန်း(B)မှ မန္တယဉ်ဝင်း၏ဖခင် ဦးစန်းညွှန့် ၈/ပခက(နိုင်)၁၆၅၂၅၉နှင့် ဦးအောင်ကျော်ဌေးမှာတစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးစန်းညွှန့်(ခ)ဦးအောင်ကျော်ဌေး**

**ဖခင်အမည်မှန်**

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ မြို့လှကျေးရွာ၊ အထက (မြို့လှ) တက္ကသိုလ်ဝင်တန်း (A) မှ မောင်ရန်နိုင်ကျော်၏ ဖခင်အမည်မှန်မှာ ဦးကျော်လွင် ၉/ရမသ(နိုင်)၀၁၆၉၂၃ ဖြစ်ပါကြောင်း။

**ဦးကျော်လွင်**

**တစ်ဦးတည်း ဖြစ်ကြောင်း**

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ ပျားစည့်ကျေးရွာအုပ်စု၊ ပျားစည်ကျေးရွာနေ တက္ကသိုလ်ဝင်တန်းမှ မောင်ကိုဖြိုးနှင့် ဆဋ္ဌမတန်းမှ မထက်ထက်ငြိမ်းတို့၏ ဖခင်ဦးဇော်လွင်(ခ)ဦးဇော်ကြီး PBE -၁၀၄၅၅၉မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# စုပေါင်းဘုံကထိန်ပွဲနှင့် လျှပ်စစ်ထရန်စဖော်မာရေစက်ချပွဲကျင်းပ



**လားရှိုး အောက်တိုဘာ ၁၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်တွင် စုပေါင်းဘုံကထိန်အလှူမင်္ဂလာနှင့် ရှိုင်းနင်းမြန်မာကုမ္ပဏီလီမိတက်မှ လျှပ်စစ်ထရန်စဖော်မာ လှူဒါန်းမှုရေစက်ချလှူဒါန်းပွဲကို အောက်တိုဘာ ၁၆ ရက်က ကျင်းပခဲ့သည်။

ရှေးဦးစွာ လားရှိုးမြို့ မန်ဆူဘုရားကြီးကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး စုပေါင်းဘုံကထိန် အလှူတော်နှင့် လျှပ်စစ်ထရန်စဖော်မာတို့ကို ပေးအပ်လှူဒါန်းသည်။ လျှပ်စစ်ထရန်စဖော်မာလှူဒါန်းမှုအတွက် ဒုတိယပြည်နယ် အုပ်ချုပ်ရေးမှူး ဦးစိန်အုပ်က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး ရှိုင်းနင်းမြန်မာကုမ္ပဏီလီမိတက်မှ အထွေထွေမန်နေဂျာ ဦးကျော်စွာထွဋ်က ငွေကျပ် ၁၅၁ သိန်းတန်ဖိုးရှိ လျှပ်စစ်ထရန်စဖော်မာနှင့် ပတ်သက်သည့်စာရွက်စာတမ်းများကို သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်ဆရာတော်ထံ ဆက်ကပ်လှူဒါန်းပြီး ဆရာတော်၊ သံဃာတော်များအား တက်ရောက်လာသူများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

စုပေါင်းဘုံကထိန်နှင့် ထရန်စဖော်မာလှူဒါန်းပွဲသို့ အလှူရှင်များနှင့် ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြပြီး လားရှိုးမြို့ဒေသခံ ရှမ်းတိုင်းရင်းသား တိုင်းရင်းသူများက ရှမ်းရိုးရာယဉ်ကျေးမှု အိုးစည်အက၊ တိုးနရားအက၊ ရှမ်းရိုးရာသိုင်းအက အလှများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သိရသည်။

**နေမျိုးနွယ်**



# ကြို့ပင်တိုက်နယ်ဆေးရုံ တည်ဆောက်မှုရာနှုန်းပြည့်ပြီးစီး

**ကံမ အောက်တိုဘာ ၁၈**

သရက်ခရိုင် ကံမမြို့နယ် ကြို့ပင်ကျေးရွာတွင် နိုင်ငံတော်ခွင့်ပြုငွေကျပ်သိန်း ၃၅၀၀ ဖြင့် တည်ဆောက်လျက်ရှိသည့် (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံမှာ ယခုအခါတည်ဆောက်မှုလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကာ မကြာမီ စတင်ဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

၎င်းဆေးရုံ၏ ပင်မဆောင်မှာ အလျား ၁၂၆ ပေ၊ အနံ ၁၁၅ ပေ၊ အမြင့် ၁၄ ပေရှိ သံကူကွန်ကရစ်တစ်ထပ်ဆောင်ဖြစ်ပြီး နှစ်ခန်းတွဲဆရာဝန်နေအိမ်တစ်လုံး၊ ခွဲစိတ်ဆောင်၊ ဂါလန် ၁၆၀၀ ဆံ့ ရေစင်နှင့် ဂါလန် ၃၂၀၀ ဆံ့ မြေအောက်ရေကန်များ ဆောက်လုပ်လျက်ရှိရာ မကြာမီကာလတွင် ကျန်းမာရေးဝန်ထမ်းများနှင့် ဆေးရုံသုံးပစ္စည်းများ၊ ဆေးဝါးများပြည့်စုံပါက စတင်ဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း ဆေးရုံတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

အဆိုပါ တိုက်နယ်ဆေးရုံသည် ပုသိမ်-မုံရွာ ကားလမ်းမကြီးပေါ်တွင် တည်ရှိသောကြောင့် ဖွင့်လှစ်ပြီးစီးပါက ပတ်ဝန်းကျင်ကျေးရွာပေါင်း ၂၂ ရွာမှ ဒေသခံကျေးလက်ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်မည့်အပြင် ပုသိမ်-မုံရွာ ကားလမ်းမကြီးကို ဖြတ်သန်းသွားလာသော ခရီးသွားပြည်သူများကိုပါ ကျန်းမာရေးစောင့်ရှောက်မှုများ ပေးသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇေယျဝင်း(iprd)**

# အရိုး၊ အကြော ဝေဒနာရှင် ၃၀၀ နီးပါးကို ကညွတ်ကွင်းမြို့၌ အခမဲ့စမ်းသပ်ကုသ

**ဖြူး အောက်တိုဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ကညွတ်ကွင်းမြို့တွင် မြို့ပေါ်ရပ်ကွက်(၄)ရပ်ကွက်နှင့် ကျေးရွာအုပ်စု (၁၈)အုပ်စုအတွင်းရှိ အရိုး၊ အကြော ရောဂါဝေဒနာရှင် ၂၉၂ ဦးအား အောက်တိုဘာ ၁၅ ရက်က အခမဲ့စမ်းသပ်ကုသခွဲစိတ်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးအောင်မြင့်၏ ဦးဆောင်စီစဉ်မှုဖြင့် အရိုး၊ အကြောအထူးပါမောက္ခ(ငြိမ်း) ဒေါက်တာခင်မောင်ထူးနှင့် ဆရာဝန်များက ကညွတ်ကွင်းဒေသရုံးတွင် အခမဲ့စမ်းသပ်ကုသပေးခဲ့ပြီး ခွဲစိတ်ရန်လိုအပ်သော အရိုးကျိုးလူနာ တစ်ဦး၊ အကြောမသန်လူနာ နှစ်ဦးနှင့် ဒူးခေါင်းဝေဒနာရှင် တစ်ဦးတို့ကိုလည်း ကညွတ်ကွင်းမြို့ ခုတင် ၅၀ ဆံ့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခွဲစိတ်ပေးခဲ့ကာ ရောဂါများကုသပေးရာတွင် လိုအပ်သောဆေးဝါးများကို ဇေယျဝတီမြို့ ကလျာဏဆေးခန်းက အခမဲ့လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**ဖြူး-မြင့်ဦး**

# ကူးစက်မြန်အီဘိုလာရောဂါ ပညာပေးဆွေးနွေး

**ကွမ်းခြံကုန်း အောက်တိုဘာ ၁၈**

ကွမ်းခြံကုန်းမြို့နယ်တွင် ကူးစက်မြန်အီဘိုလာဗိုင်းရပ်စ်ရောဂါ အသိပညာပေးဆွေးနွေးပွဲကို မြို့နယ်ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ အောက်တိုဘာ ၁၅ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းခိုင်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဒေါ်သန်းသန်းအေးက ကူးစက်မြန်အီဘိုလာဗိုင်းရပ်စ်ရောဂါနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်နိုင်မည့်နည်းလမ်းများနှင့် ရောဂါဖြစ်ပွားပါက ပြသသည့် လက္ခဏာများ၊ ရောဂါဆိုင်ရာ ဗဟုသုတများကို အသေးစိတ်အသိပညာပေးဟောပြောရှင်းလင်းခဲ့သည်။

အသိပညာပေး ဟောပြောပွဲသို့ မြို့နယ်အထောက်အကူပြုကော်မတီအဖွဲ့ မြို့နယ်ကြက်ခြေနီ၊ မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် လူမှုရေးအဖွဲ့အစည်းများ ကျေးရွာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**စိန်တိုး(ကွမ်းခြံကုန်း)**


## ပျောက်ဆုံးကြောင်း

ကျွန်မ မသက်နန္ဒာစိုး ၁၁/ကဖန(နိုင်) ၀၅၅၉၀၇၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၀၉၉၅၈၃၉**

## အမည်ပြောင်း

စစ်တွေမြို့၊ မြို့သူကြီးရပ်ကွက်နေ ဦးစောလှဖြူ၏သား သင်္ကြန်အောင် ၁၁/စတန (နိုင်)၀၇၁၇၉၃အား အောင်စိုးမင်းဟု ပြောင်းလဲခေါ်ပါရန်။

**အောင်စိုးမင်း**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၂) သတ္တုတွင်းလုပ်ငန်းပိုင် ဟိန္ဒားသတ္တုတွင်းစီမံကိန်းရှိ သံလိုက်မှုန့် (Magnetite) ၉၇၄ မက်တန်ခန့်အား ပြည်တွင်းပြည်ပသို့ အမေရိကန်ဒေါ်လာဖြင့်လည်းကောင်း၊ မီးထိုးဆီ(FO) ၁၀၄၄၀ ဂါလန်ခန့်အား ပြည်တွင်းသို့ ကျပ်ငွေဖြင့်လည်းကောင်း၊ မျက်မြင်အခြေအနေများအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူရောင်းချသွားမည်ဖြစ်သဖြင့် ဈေးနှုန်းအဆိုပြုလွှာများ ပေးသွင်းနိုင်ရေးအတွက် ဖိတ်ကြားအပ်ပါသည်။

၂။ တင်ဒါပိတ်ရက်မှာ ၁၂-၁၁-၂၀၁၄ ရက် ၁၅း၃၀နာရီဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အမှတ်(၂) သတ္တုတွင်းလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန၊ ရုံးအမှတ် ၁၉၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၉၃၉၁သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန**

## မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ပလိပ်မြို့၊ ဈေးကွက်သစ်ရပ်နေ
ဦးကျော်ငြိမ်း(အထက်တန်းရှေ့နေ)-ဒေါ်သန်းသန်း (လ/ထမန်နေဂျာ-ငြိမ်း၊ ကျောက်ဆည်စွပ်ကျယ်စက်ရုံ)တို့၏သား
**ဗိုလ်သူရကျော် B.N.Sc (M.I.N.P)**
(အမှတ်-၁၊ တပ်မတော်ဆေးရုံ၊ ခုတင် -၇၀၀၊ ပြင်ဦးလွင်မြို့)
**နှင့်**
ပလိပ်မြို့၊ ဝန်ထမ်းကွက်သစ်၊ ခရေလမ်း၊ အမှတ် (၂၁၉-၂၂၀)နေ
ဦးဝင်းမြင့် [ဒု-စက်ရုံမှူး-(ငြိမ်း)၊ အမှတ် (၂)အထည်စက်ရုံ-ပလိပ်]-ဒေါ်ခင်မေထွေး
တို့၏သမီး
**မခင်သီတာဝင်း M.Ed (S.A.T အထက၊ ပလိပ်)**
တို့၏

၁၈-၁၀-၂၀၁၄ရက်တွင် ပလိပ်မြို့၊ မဟာပရိတ္တာရုံ၊ စလေကျောင်းတိုက်၌ ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာဧည့်ခံပွဲတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီခဲ့ကြပါသော ဆွေမျိုးမိတ်သင်္ဂဟအားလုံးကို လှိုက်လှဲစွာကျေးဇူးအထူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့် ဗိုလ်သူရကျော်-မခင်သီတာဝင်း**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/တိုင်းဒေသကြီးရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်းများဆောင်ရွက်ရန် လုပ်ငန်းသုံးပစ္စည်းများကို မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသည်။

**စဉ် ပစ္စည်းအမျိုးအမည်**
(၁) ခွဲကျောက်(အရွယ်စုံ) ၆"-၉"၊ ၂"-၄"၊ <၃"၊ ၁"-၂"၊ ၁/၂"-၃/၄"၊ ၃/၈"
(၂) မြစ်သဲ
(၃) မြေနီကျောက်စရစ်

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်နှင့်အချိန်** - ၂၀-၁၀-၂၀၁၄ ရက် ၉း၀၀ နာရီ
**တင်ဒါပုံစံပိတ်မည့်ရက်နှင့်အချိန်** - ၂၅-၁၀-၂၀၁၄ ရက် ၁၆း၃၀ နာရီ
**တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်နှင့်အချိန်** - ၂၉-၁၀-၂၀၁၄ ရက် ၁၀း၀၀ နာရီ
**တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - အစည်းအဝေးခန်းမ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သရက်မြို့

၃။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ သရက်ခရိုင်၊ သရက်မြို့တွင် ၂၀-၁၀-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်း ဝယ်ယူနိုင်ပါသည်။

(အိတ်ဖွင့်တင်ဒါလျှောက်လွှာနှင့် ပုံစံများအား ဖွင့်ပွဲအခမ်းအနားကျင်းပချိန်တွင် အများရှေ့မှောက်၌ တင်သွင်းပါရန်)

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၆၈-၂၁၀၈၉၊ ၀၆၈-၂၁၀၂၃**

## ဖခင်အမည်မှန်

လားရှိုးမြို့၊ အထက(၉) တက္ကသိုလ်ဝင်တန်းမှ မခင်မာထွန်း၏ ဖခင်အမည်မှန်မှာ ဦးထွန်းအောင်ကျော် ၉/မနမ(နိုင်)၀၀၀၄၈၂ ဖြစ်ပါသည်။

## အမည်မှန်

ဦးကြည်လေး၏ သမီးမုဒုံမြို့၊ အထက(၁) ပိန္နဲတိုက်၊ အဌမတန်း(ခ)တွင် ပညာသင်ကြားနေသော ဦးကြည်လေး၏သမီးမှာ မဇေကရီဖြိုး (ခ) ဖူးဖူး ဖြစ်ပါသည်။

## ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အထက(၃) တက္ကသိုလ်ဝင်တန်း(ဃ)မှ မယုမိန်မိန်း၏ ဖခင်အမည်မှန်မှာ ဦးကျိန်ဆန်း ၁၃/တကန(နိုင်) ၁၂၁၉၇၀ ဖြစ်ပါကြောင်း။

**ဦးကျိန်ဆန်း**

## မိခင်အမည်မှန်

တောင်ကြီးမြို့၊ တောင်နီကျေးရွာ၊ အထက နဝမတန်း(က)မှ မမူယာဝင်း၏ မိခင်အမည်မှန်မှာ ဒေါ်ဂျောင်ဆိုင်ရင်ဖြစ်ပါကြောင်း။

**ဒေါ်ဂျောင်ဆိုင်ရင်**

## မွေးသက္ကရာဇ်မှန်

တောင်ကြီးမြို့၊ တောင်နီကျေးရွာ၊ အထက နဝမတန်း(က)မှ မမူယာဝင်း၏ မွေးသက္ကရာဇ်မှန်မှာ ၂၃-၈-၁၉၉၉ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၄က/၄၀၁၀ NISSAN VAN ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မြင့် ၁၂/ဥကတ(နိုင်)၀၁၉၉၄၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တောင်ကြီး**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

## သတင်းတို

### ညောင်ရွှေဟော်ယဉ်ကျေးမှုပြတိုက်သို့ ဗိသုကာတတိယနှစ်ကျောင်းသားများ ကွင်းဆင်းလေ့လာ

ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ် ဗိသုကာဌာန ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှ တတိယနှစ် B.Tech ကျောင်းသား ကျောင်းသူ ၁၂၀ တို့သည် ရှမ်းပြည်နယ် ညောင်ရွှေမြို့ရှိ ယဉ်ကျေးမှုပြတိုက်(ညောင်ရွှေဟော်)တွင် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ဗိသုကာလက်ရာများကို လေ့လာမှတ်တမ်းတင်ရန်နှင့် ညောင်ရွှေဟော်အား Measured Drawing များ ရေးဆွဲရန်အတွက် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ဗိသုကာဌာနမှ ဌာနမှူးဒေါက်တာ သက်ဦးနှင့် ကြီးကြပ်သူ ဆရာ ဆရာမ ရှစ်ဦးတို့ဦးဆောင်၍ အောက်တိုဘာ ၁၆ ရက်က ကွင်းဆင်းလေ့လာရေးခရီးထွက်ခဲ့ကြောင်း သိရသည်။

(၀၃၃)

## (၂၁)ကြိမ်မြောက် ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲဖွင့်ပွဲ ကျင်းပ

**လွိုင်ကော် အောက်တိုဘာ ၁၈**

ကယားပြည်နယ် (၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲ ဖွင့်ပွဲကို အောက်တိုဘာ ၁၆ ရက်က လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးက ပြိုင်ပွဲဝင်ကြမည့် လူငယ်များအား မိမိတို့ရိုးရာမပျက် တီထွင်ထားသည့် အဆို၊ အကများ၊ ရိုးရာဝတ်စားဆင်ယင်မှုများကို တင်ဆက်ပြသခြင်းဖြင့် မိမိတို့ တိုင်းရင်းသားဓလေ့ထုံးစံများကို ထိန်းသိမ်းဖော်ထုတ်ရာရောက်ကြောင်း ပြောကြားပြီး ပြိုင်ပွဲကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ကယားပြည်နယ်သဘင်အစည်းအရုံးအဖွဲ့ဝင်များနှင့် အထက(ခွဲ) ချိကယ်မှ ကျောင်းသား ကျောင်းသူများက အဆို၊ အကများဖြင့် ဖျော်ဖြေခဲ့သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များက ပြိုင်ပွဲမှတ်တမ်းဓာတ်ပုံများကို လိုက်လံကြည့်ရှုအားပေးခဲ့သည်။ ပြိုင်ပွဲများကို အောက်တိုဘာ ၁၆ ရက်က စတင်ကျင်းပခဲ့ပြီး ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးရုံး ပညာဗိမာန်ခန်းမ၌ အဆိုပြိုင်ပွဲကိုလည်းကောင်း၊ မြို့တော်ခန်းမ၌ အကပြိုင်ပွဲ၊ အတီးပြိုင်ပွဲနှင့် အရေးပြိုင်ပွဲများကိုလည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

## ကလောမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၁၉၆၀ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၈**

အောက်တိုဘာ ၁၅ ရက်က မူးယစ်တပ်ဖွဲ့စု(၂၅) တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလောမြို့အထွက် သာစည်ပူးပေါင်းစစ်ဆေးရေးစခန်းတွင် ယာဉ်အမှတ် ၆ဂ/... ရွှေရာဇာ ခရီးသည်တင်မှန်လုံယာဉ်ကို ရှာဖွေရာ ခုံအမှတ် (၂၈)တွင် လိုက်ပါလာသည့် ခွန်နန်း၏ ကျောပိုးအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၆၀၊ ခုံအမှတ် (၂၇၊၂၈၊၃၂) ပေါင်းလျက်လက်မှတ်တစ်စောင်နှင့် ခွန်နန်း၊ အောင်စံသူနှင့် ချမ်းငြိမ်းမောင်တို့အမည်ပါ နိုင်ငံသားစိစစ်ရေးကတ်သုံးခုတို့ကို သိမ်းဆည်းရမိခဲ့သည်။

တရားခံခွန်နန်းကို စစ်ဆေးဖော်ထုတ်ချက်အရ အောင်စံသူနှင့် ချမ်းငြိမ်းမောင်တို့မှာ မူးယစ်ဆေးဝါးများအား ၎င်းနှင့်အတူ ပါဝင်သယ်ဆောင်သူများဖြစ်ကြောင်း သိရှိရသဖြင့် ခွန်နန်း(၂၃နှစ်)၊ အောင်စံသူ (၁၉နှစ်)နှင့် ချမ်းငြိမ်းမောင်(၁၉ နှစ်)တို့ သုံးဦးကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မြန်မာ့ရိုးရာလက်ဝှေ့ နိုင်ငံတကာစိန်ခေါ်ပွဲကြီး ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၈**

မြန်မာ့ရိုးရာလက်ဝှေ့အစည်းအရုံး (MLA) ကကျင်းပမည့် ONE ON-ONE နိုင်ငံတကာမြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး နိုဝင်ဘာ ၂ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူအားကစားခန်းမ၌ မြန်မာ၊ ဥဇဘက်ကစ္စတန်၊ ကနေဒါ၊ ထိုင်း၊ ဘရာဇီး၊ မွန်ဂိုလီးယား၊ ဖိလစ်ပိုင်တို့မှ လက်ဝှေ့ချန်ပီယံများ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ကြောင်း သိရသည်။



အဆိုပါ ပြိုင်ပွဲတွင် မြန်မာပြည်ချန်ပီယံ ထွန်းထွန်းမင်း(မြန်မာ)နှင့် ၂၀၁၄ ထိုင်းလက်ဝှေ့ချန်ပီယံ တူတာအို့စ် (ဥဇဘက်ကစ္စတန်)၊ ၂၀၁၂ အာရှမွေ ရွှေ၊ ၂၀၁၃ ဆီးဂိမ်းရွှေတံဆိပ်ဆုရှင်တူးတူး(မြန်မာ)နှင့် ၂၀၁၃ WMC Champion မက်သရူး(ကနေဒါ)၊ ၂၀၁၂ ဒင်္ဂုံရွှေအောင်လံ ငွေတံဆိပ်ဆုရှင် သပြေညို(မြန်မာ)နှင့် ၂၀၁၃ Lumpince Champion နာရွှန်ချိုင်(ထိုင်း)၊ ကျားပေါက်(မြန်မာ)နှင့် ရာဖေးလ်(ဘရာဇီး)၊ စောအယ်လေး(မြန်မာ)နှင့် ဘတ်ဘာယာ (မွန်ဂိုလီးယား)၊ မိုးဟိန်း(မြန်မာ)နှင့် ဂျိုနယ်(ဖိလစ်ပိုင်)၊ ၂၀၁၃ ဒင်္ဂုံရွှေအောင်လံဆုရှင် ရဲမြတ်အောင်(မြန်မာ)နှင့် ဂတ်ဖ်မန်း(ဖိလစ်ပိုင်) တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့ရိုးရာလက်ဝှေ့အစည်းအရုံးက လက်ဝှေ့ဝါသနာရှင်များသွားလာမှုအဆင်ပြေစေရန် တွံတေး၊ ကံဘဲ့နှစ်နေရာတွင်လည်းကောင်း၊ အင်းစိန်မြို့နယ် ကြို့ကုန်း KBC ဆေးရုံရှေ့တွင်လည်းကောင်း၊ မော်တော်ယာဉ် သွားပြန်ကြိုပို့ပေးသွားမည်ဖြစ်ပြီး လက်မှတ်များကို ဖုန်း-၀၁-၃၉၉၀၂၂ သို့ ဆက်သွယ်ကာ ငွေကျပ် ၁၀၀၀၀၊ ၂၀၀၀၀၊ ၃၀၀၀၀၊ ၅၀၀၀၀ ဖြင့် ဝယ်ယူကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ တင်စိုး(မြန်မာ့အလင်း)**

## သဘာဝဘေးလျော့ပါးရေးနေ့ အခမ်းအနားနှင့် အထိမ်းအမှတ်ပြပွဲ ဖျာပုံ၌ ကျင်းပ

**ဖျာပုံ အောက်တိုဘာ ၁၈**

ဖျာပုံခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနကဦးစီး၍ INGO နှင့် NGO အဖွဲ့များ ပူးပေါင်းကျင်းပသည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့အထိမ်းအမှတ် အခမ်းအနားကို အောက်တိုဘာ ၁၃ ရက်က ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ ကျင်းပခဲ့သည်။




အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်က အမှာစကားပြောကြားပြီး ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးလှိုင်က အခမ်းအနားကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ အက်ရှင်အေ့ဒ်မြန်မာမှ ဒေါ်ခိုင်စိုးဝေက မုန်တိုင်းသဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ခန်းများ ဗီဒီယိုခွေအား ရှင်းလင်းပြသခဲ့ပြီး ကျေးရွာအဆင့် စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲများတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။ ထို့နောက် ဖျာပုံမြို့ ကန်တော်မင်္ဂလာဘိုးဘွားရိပ်သာမှ အဘိုးအဘွားများအတွက် ဆွမ်းကပ်ရန် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့သည်။

ထို့နောက် Plan International မှ ဒေါ်ယမင်းသန့်က ရာသီဥတုပြောင်းလဲလာမှုအပေါ် လိုက်လျောညီထွေနေထိုင်ခြင်းဆိုင်ရာ အသိပညာများ မျှဝေပေးခြင်း၊ ခရိုင်လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ဦးစီးမှူးက ဘေးအန္တရာယ်နှင့် ပတ်သက်သည့် ပဟေဠိများမေးမြန်းကာ လက်ဆောင်များ ချီးမြှင့်ခြင်း၊ Lutheran World Federation မှ ဦးသန့်ဇင်ဝင်းက ဘေးအန္တရာယ် ထိခိုက်မှုလျော့ချရေးနှင့် ပတ်သက်သည့်အသိပညာများ မျှဝေပေးခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့ကြပြီး မြို့မိမြို့ဖ ဦးအုန်းဟန်က ကျေးဇူးတင်စကားပြောကြားခဲ့သည်။

အခမ်းအနားတွင် အများပြည်သူ ကြည့်ရှုလေ့လာနိုင်ရန် သဘာဝဘေးလျော့ပါးရေး အသိပညာပေးပြခန်းကိုလည်း ဖွင့်လှစ်ပြသခဲ့ကြောင်းနှင့် ခရိုင်အတွင်းရှိ ကျေးရွာများတွင်လည်း သဘာဝဘေးလျော့ပါးရေး အခမ်းအနားများ တစ်ပြိုင်နက် ကျင်းပခဲ့ကြောင်း သိရသည်။ **သူဇာနွယ်(ဖျာပုံ)**


**အထက(၁)ရန်ကင်း**

**အခြေခံပညာအထက်တန်းကျောင်း အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ**

၁၉၈၈ မှ ၁၉၉၅ အတွင်း ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲအခမ်းအနားကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသောကြောင့် ၁၉၈၈ မှ ၁၉၉၅ ခုနှစ်အတွင်း မည်သည့်အတန်းတွင်မဆို ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများမှ အောက်ပါဖုန်းနံပါတ်များသို့ဆက်သွယ်ကြပါရန် လေးစားစွာအသိပေးနှိုးဆော်အပ်ပါသည်။

| | | | |
|---|---|---|---|
| နေသွေး | ဖုန်း-၀၉-၄၉၂၂၀၄၉၀ | တေဇာစိုး | ဖုန်း-၀၉-၄၃၃၇၃၃၃၃ |
| ရန်နိုင်စိုး | ဖုန်း-၀၉-၂၅၀၄၉၁၂၈၀ | မီမီဟန် | ဖုန်း-၀၉-၇၃၀၅၅၂၁၇ |
| ဝင်းဝင်းရည် | ဖုန်း-၀၉-၇၃၂၂၅၄၇၉ | အောင်နိုင်ဦး | ဖုန်း-၀၉-၅၀၄၁၈၉၂ |
| စာရေးဆရာမ(နှင်းသီရိကျက်သရေ) | | ဇော်ဇော်ထွေး | ဖုန်း-၀၉-၄၂၁၀၄၉၃၁၉ |
| စိုးသွင် | ဖုန်း-၀၉-၅၀၈၅၈၀၃ | မင်းမင်းဘို | ဖုန်း-၀၉-၄၃၁၁၉၉၁၂ |
| သန်းဇော်မင်းထိုက် | ဖုန်း-၀၉-၇၃၁၁၈၄၂၆ | ပြည့်စုံဝင်း | ဖုန်း-၀၉-၇၃၀၉၇၁၇၀ |
| သန်းခိုင်ဝင်း | ဖုန်း-၀၉-၃၁၂၇၈၂၈၀ | အေးမာလာဝင်း | ဖုန်း-၀၉-၄၂၅၀၁၃၂၉၈ |
| ခင်သူဇာထွန်း | ဖုန်း-၀၉-၂၅၀၆၇၇၇၇၃ | အောင်အေးလင်း | ဖုန်း-၀၉-၄၉၁၀၀၁၇၈ |
| မျိုးဝင်း | ဖုန်း-၀၉-၅၀၇၅၄၁၅ | ထွန်းမင်းဆက် | ဖုန်း-၀၉-၅၅၅၇၀၀၀ |
| ကောင်းမြတ်သူ | ဖုန်း-၀၉-၂၅၀၄၂၉၉၉၆ | ရော်ဘင် | ဖုန်း-၀၉-၂၅၄၀၈၀၂၇၃ |



**အသိပေးဖိတ်ခေါ်ခြင်း**

မန္တလေး (G.T.I) ဆရာ၊ ဆရာမ ကျောင်းသား ကျောင်းသူဟောင်းများ (ရန်ကုန်) လူမှုကူညီရေးအသင်းအား ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှ စတင်ဖွဲ့စည်းတည်ထောင်ပြီး လူမှုဖွံ့ဖြိုးရေး သာယာရေးလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ပါ၍ ကျန်ရှိနေသောအသင်းမဝင်ရသေးသူများမှာ အသင်းဝင်များအဖြစ် တက်ကြွစွာပါဝင်ဆောင်ရွက်နိုင်ရန် အသိပေးဖိတ်ခေါ်အပ်ပါသည်။

**ဆက်သွယ်ရန်**

**ဦးကျော်ဇံ ဖုန်း-၀၉-၂၅၀၁၉၀၉၈၃ ဦးခင်မောင်လွင် ဖုန်း-၀၉-၂၅၄၄၁၈၀၄၂**
**ဦးမျိုးလွင် ဖုန်း-၀၉-၂၅၄၀၀၈၁၄၂ ဦးစံလွင် ဖုန်း-၀၉-၂၅၄၁၂၆၂၉၂**
**ဦးညွန့်မောင် ဖုန်း-၀၉-၅၀၂၆၀၉၈ ဒေါ်ညိုညိုဝင်း ဖုန်း-၀၉-၇၃၀၆၀၉၇၂**



**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁၊ မြေကွက်အမှတ် ၂၇၁/က၊ မြေကွက်တည်နေရာ အမှတ်-၂၇၁/က၊ ဇလမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးမောင်ငြိမ်း အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးမောင်ငြိမ်း ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်အေးလှမှ ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် ၁၇၈ (၁၃-၁-၁၄)ဖြင့် ရရှိပြီး ၎င်းထံမှ အရောင်းအဝယ်စာချုပ်-၄၅၀၈(၅-၈-၁၄)ဖြင့် ဝယ်ယူသူ ဦးပြည်အောင် ၁၂/ကမရ(နိုင်)၁၅၃၂၅၁ ကိုယ်စား အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၉၇၃၆ (၂၂-၇-၁၄)ဖြင့် ရသူ ဦးမင်းမင်းထွန်း ၁၂/မဘန(နိုင်)၁၄၃၈၂၂ က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်တို့တင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်(ဂရန်)မိတ္တူ လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



**ကန့်ကွက်နိုင်ပါကြောင်း**

နေပြည်တော် ပျဉ်းမနားမြို့နယ်၊ ရန်အောင်(၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၇/ရန်အောင်မြောက်၊ မြေကွက်/ဦးပိုင်အမှတ် ၇၂၊ ဧရိယာ ၀ ဒသမ ၀၁၈ ဧကရှိ ဒေါ်စိန်ထွေး (ပါ)၁၂ အမည်ဖြင့်ပိုင်ဆိုင်သော ဘိုးဘပိုင်မြေကွက်အား ဒေါ်နွယ်နွယ်ဝင့်ဇော် ၉/ပမန (နိုင်) ၀၁၁၁၁၈ (ဘ)ဦးမြင့်ကျော်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများ တင်ပြပြီး ဘိုးဘမြေကွက်အမည်ပြောင်းလျှောက်ထားလာရာကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာဖြင့်တင်ပြ၍ ၁၅ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**



**အများသိစေရန်ကြေညာချက်**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ ယာယီအိမ်ရှင်အဖြစ်ဆောင်ရွက်၍ ဆောက်လုပ်ခဲ့သောတိုက်ရှိ ကန်ထရိုက်တာ အကျိုးအမြတ်ရရှိသော တိုက်ခန်းအား ကန်ထရိုက်တာထံမှ တစ်ဆင့်ဝယ်ယူပြီး အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲ၍ စာချုပ်ချုပ်ဆိုခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| ၁။ | ကန်ထရိုက်တာဦးတင်ထွန်း ၁၂/ပဇတ(နိုင်)၀၁၈၂၄၂(မှ) | ဦးအေးကို ၁၂/လသန(ဧည့်)၀၀၀၀၇၉ ဦးစံငြိမ်း ၁၂/လသန(ဧည့်)၀၀၀၁၂၂ | အမှတ်(၈၂/၈၄/၈၆)၊ငါးလွှာ(ယာ) ခြောက်လွှာ(ယာ)၊ရှစ်လွှာ(ယာ)၊ ၂၃ လမ်း၊ လသာ |

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)



**ဖခင်အမည်မှန်**

လားရှိုးမြို့၊ အထက(၂)တက္ကသိုလ်ဝင်တန်း (ဆ)မှ နန်းဟွမ်လင်း၏ ဖခင်အမည်မှန်မှာ ဦးမြင့်အောင် (ခ) ဦးစိုင်းဆာအောင် ၁၃/လရန(နိုင်)၀၁၅၈၉၉ ဖြစ်ပါသည်။

**ဖခင်အမည်မှန်**

ကျိုင်းတုံမြို့၊ အထက(၃) တက္ကသိုလ်ဝင်တန်း(ဂ)မှ မမီချူး ၁၃/ကတန(နိုင်)၁၆၉၇၆၉၏ ဖခင်အမည်မှန်မှာ ဦးဖူးဂျေ ၁၃/ကတန(နိုင်)၁၄၁၆၅၃ ဖြစ်ပါကြောင်း။

ဦးဖူးဂျေ

**ဖခင်အမည်မှန်**

လားရှိုးမြို့ အထက(၆)ဆဋ္ဌမတန်း(D)မှ မောင်ဇော်ထက်ဦး၏ ဖခင်အမည်မှန်မှာ ဦးရှိုင်းနောင် ၉/ကပတ(နိုင်)၂၂၃၁၉၂ ဖြစ်ပါကြောင်း။

ဦးရှိုင်းနောင်

**ဖခင်အမည်မှန်**

ကျိုင်းတုံမြို့၊ အထက(၃) တက္ကသိုလ်ဝင်တန်း(က)မှ မောင်ယောရှု၏ ဖခင်အမည်မှန်မှာ ဦးဂျာဆောင် ၁၃/ကတန(နိုင်)၁၅၄၁၇၅ ဖြစ်ပါကြောင်း။

ဦးဂျာဆောင်

**ဖခင်အမည်မှန်**

ကျိုင်းတုံမြို့၊ အထက(၃) တက္ကသိုလ်ဝင်တန်း(က)မှ မောင်စောလှအောင်၏ ဖခင်အမည်မှန်မှာ ဦးကျစော ၁၃/ကတန(နိုင်)၀၄၆၃၄၀ ဖြစ်ပါကြောင်း။

ဦးကျစော



**ပြင်ဆင်ဖတ်ရှုပါရန်**

၁၂-၉-၂၀၁၄ ရက်ထုတ် မြန်မာ့အလင်း သတင်းစာ၏ စာမျက်နှာ(၈)ပါ(အမည်ပြောင်း) ဒေါ်ခင်ရှုပါဦး၏ ဒဂုံအရှေ့ပိုင်းမြို့နယ်အစား ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်ဟုလည်းကောင်း၊ မြေတိုင်းရပ်ကွက် အမှတ် ၄ အစား မြေတိုင်းရပ်ကွက်အမှတ် ၄၀ ဟုလည်းကောင်း ပြင်ဆင်ဖတ်ရှုပေးပါရန်။

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# လူငယ်များစွမ်းဆောင်ရည်မြင့်မားစေရန် မြန်မာလူငယ်အဖွဲ့ တရုတ်သို့သွားရောက်

**ရန်ကုန်　အောက်တိုဘာ　၁၈**

မြန်မာနှင့် တရုတ်နိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေး ဆောင်ရွက်လျက်ရှိရာ လူငယ်များ၏ စွမ်းဆောင်ရည် မြင့်မားစေရန်နှင့် နိုင်ငံတကာအတွေ့အကြုံများရရှိရေး တို့အတွက် မြန်မာလူငယ်လေ့လာရေးအဖွဲ့ဝင် ၂၀ ပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် တရုတ်နိုင်ငံ ပေကျင်းမြို့သို့ အောက်တိုဘာ ၁၆ ရက်က ထွက်ခွာသွားပြီဖြစ်သည်။



ထိုသို့ လူငယ်လေ့လာရေးခရီးစဉ်ကို တရုတ်နိုင်ငံမှ China NGO Network for International Exchanges (CNIE) နှင့် မြန်မာနိုင်ငံမှ မင်္ဂလာမြန်မာတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော်နိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာလူငယ်လေ့လာရေးအဖွဲ့တွင် မင်္ဂလာမြန်မာမှ ဒေါက်တာဖုန်းဝင်း ဦးဆောင်ပြီး လူမှုရေးအဖွဲ့အစည်းများမှအဖွဲ့ဝင်များ၊ တက္ကသိုလ်များမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ အားကစားသမားများနှင့် အသေးစားစီးပွားရေးလုပ်ငန်းရှင်များ ပါဝင်သည်။

မြန်မာလူငယ်လေ့လာရေးအဖွဲ့သည် တရုတ်နိုင်ငံသို့ အောက်တိုဘာ ၁၆ ရက်မှ ၂၇ ရက်အထိ သွားရောက်သည့်ခရီးစဉ်တွင် ပေကျင်းမြို့တော် ဖူကျန်ပြည်နယ်နှင့် ယူနန်ပြည်နယ်များသို့ သွားရောက်လေ့လာကာ လူငယ်ဖွံ့ဖြိုးရေးကဏ္ဍများ၊ တရုတ်နိုင်ငံ၏ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကို လေ့လာကြမည်ဖြစ်သည်။

မြန်မာလူငယ်ကိုယ်စားလှယ်အဖွဲ့သည် CNIE အဖွဲ့၊ China Youth Federation၊ ပီကင်းတက္ကသိုလ်နှင့် လူမှုရေးအဖွဲ့အစည်းများနှင့်လည်း တွေ့ဆုံပြီး အပြန်အလှန်ဆွေးနွေးကာ ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ယုံကြည်မှုများ တည်ဆောက်နိုင်မည်ဖြစ်သည်။

လူငယ်များဖွံ့ဖြိုးရေးသည် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းတွင် အရေးပါလျက်ရှိရာ နိုင်ငံတကာသို့ လူငယ်အဖွဲ့များ စေလွှတ်ခြင်း၊ ပညာတော်သင် စေလွှတ်ခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး အတွက် အထောက်အကူပြုနိုင်မည်ဖြစ်သည်။

**သတင်း-အာကာဟိန်း**
**ဓာတ်ပုံ-မင်္ဂလာ**

# ချင်းပြည်နယ် (၂၁)ကြိမ်မြောက် ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲတွင် ထန်တလန်မြို့နယ်က ရွှေအများဆုံးဆွတ်ခူး

**ဟားခါး　အောက်တိုဘာ　၁၈**

(၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု ဆို၊ က ရေး၊ တီးပြိုင်ပွဲကို ချင်းပြည်နယ် ဟားခါးမြို့ မြို့တော်ခန်းမ၌ အောက်တိုဘာ ၁၁ ရက်မှ ၁၃ ရက်အထိ သုံးရက်ကြာ ကျင်းပခဲ့ပြီး ပြိုင်ပွဲသို့ မြို့နယ်ကိုးမြို့နယ်မှ ပြိုင်ပွဲဝင်များ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကာ ထန်တလန်မြို့နယ်က ရွှေဆု အများဆုံးရရှိခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲသို့ မြို့နယ်ကိုးမြို့နယ်မှ ပြိုင်ပွဲဝင် ၂၉၈ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်းနှင့် ထန်တလန်မြို့နယ်က ရွှေ ခုနစ်ဆု၊ ငွေလေးဆု၊ ကြေးနှစ်ဆု စုစုပေါင်း ဆုတံဆိပ် ၁၃ ခုဖြင့် အများဆုံးဆွတ်ခူးရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ထန်တလန်မြို့နယ်သည် ပြိုင်ပွဲအမျိုးအစား ၁၇ မျိုးတွင် ပြိုင်ပွဲဝင် ၅၀ ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အများဆုံးဝင်ရောက်ယှဉ်ပြိုင်ခဲ့သော မြို့နယ်ဖြစ်သည်။ ပလက်ဝမြို့နယ်သည် ယှဉ်ပြိုင်သူဦးရေ ၁၈ ဦးဖြင့် ပြိုင်ပွဲ သုံးမျိုးတွင်သာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေ နှစ်ဆု၊ ငွေ တစ်ဆုရရှိခဲ့ကာ ဟားခါးမြို့နယ်နှင့် ကန်ပက်လက်မြို့နယ်တို့မှာ ရွှေတံဆိပ်ရရှိမှုမရှိကြောင်း သိရသည်။

ချင်းပြည်နယ်၌ ယခုနှစ်ကကျင်းပသည့် ပြိုင်ပွဲများတွင် ရွှေ ၂၈ ဆု၊ ငွေ ၁၉ ဆု၊ ကြေး ၁၄ ဆု စုစုပေါင်း ဆုတံဆိပ် ၆၁ ဆု ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ချင်းတိုင်းရင်းသား ရိုးရာအကများတွင် ဆန်းသစ်တီထွင်မှုများ အပြိုင်အဆိုင်ရှိခဲ့ကြောင်း အကဲဖြတ်အမှတ်ပေးဒိုင်အဖွဲ့၏ ပြောကြားချက်အရ သိရသည်။

(၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု ဆို၊ က ရေး၊ တီးပြိုင်ပွဲ၊ မြို့နယ်နှင့် ခရိုင်အဆင့်ပြိုင်ပွဲများ ကျင်းပပြီးစီးပြီဖြစ်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ပြိုင်ပွဲများကို ဆက်လက်ကျင်းပလျက်ရှိကြောင်း သိရသည်။

**(၁၁၇)**

# မကွေးမြို့ရှောင် လမ်းမကြီးတစ်လျှောက် ချုံနွယ်များရှင်းလင်း



**မကွေး　အောက်တိုဘာ　၁၈**

ကုန်တင်ကားကြီးများ ဝင်ထွက်သွားလာရန် လမ်းကြောင်းသတ်မှတ်ထားသော မကွေးမြို့ရှောင်လမ်းမကြီး တစ်လျှောက် လမ်းဘေးဝဲယာ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းရေး လုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က အောက်တိုဘာ ၁၇ ရက်မှ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့ရှောင်လမ်းမကြီးတစ်လျှောက် ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းရေး လုပ်ငန်းကို မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အမှိုက်သိမ်းယာဉ်များ၊ မြေထိုး၊ မြေညှိ၊ မြေကော်ဘက်စုံသုံး ယန္တရားယာဉ်များ၊ ဝန်ထမ်းအင်အားများ အသုံးပြုကာ ပုံမှန်လုပ်ငန်းစဉ်များတွင် ထည့်သွင်းပြီး ကြပ်မတ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

မကွေးတိုင်းဒေသကြီး မြို့တော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံပြည်သူများ အလုပ်အကိုင်၊အခွင့်အလမ်းများ ဖန်တီးနိုင်ရေး လုပ်ငန်းစဉ်တစ်ခုဖြစ်သည့် အဝေးပြေးကုန်တင်ကားကြီးဝင်း စီမံကိန်းအရ ဖောက်လုပ်ထားသော မကွေးမြို့ရှောင်လမ်းမကြီးသည် နံကပ်ကျွန်း၊ အေးမြသာယာ၊ ကံရွာလေး၊ ထုံးပေါက်တော၊ ဝက်သိုက် အစရှိသည့် ကျေးရွာများမှ ဒေသခံပြည်သူများ၊ မကွေးမြို့နေ အခြေခံကျန်းမာရေးတက္ကသိုလ်ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၏ စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေး လုပ်ငန်းကိစ္စများအတွက် အားကိုးအားထား ပြုနေရသော လမ်းမကြီးတစ်ခုဖြစ်သည်။

ယခင်က လမ်းဘေးဝဲယာမှ ချုံနွယ်များ ထူထပ်မှုကြောင့် ပိုးမွှားအန္တရာယ်၊ မသမာသူများခိုအောင်း၍ ဥပဒေနှင့်မလွတ်ကင်းသည်များ ပြုလုပ်နိုင်သော စိုးရိမ်ကြောင့်ကြမှုများ ဒေသခံအများစု၌ ဖြစ်ပေါ်နေခဲ့ပြီး ယခုကဲ့သို့ လမ်းမကြီးတစ်လျှောက် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုအပေါ် ကျေနပ်အားရကြောင်းနှင့် ပုံမှန်ဆောင်ရွက်ပေးစေလိုကြောင်း ဒေသခံများက ပြောကြားသည်။

**ဇေယျာတု(မကွေး)**


## အမည်မှန်

ဦးတင်မြင့်၏ သမီး ကျိုက်ထိုမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း (ID)မှ မအေးပရယ်မေ၏ အမည်မှန်မှာ မဇေပရယ်မေ ဖြစ်ပါသည်။

**မဇေပရယ်မေ**

## ဖခင်အမည်မှန်

မိတ္ထီလာမြို့နယ်၊ အထက(ခွဲ)၊ ကွက်ငယ် တက္ကသိုလ်ဝင်တန်းမှ မစန္ဒာဝင်း၏ ဖခင်အမည်မှန်မှာ ဦးဆံမြ ၁၃/ရစန(နိုင်) ဝ၁၇၄၆၄ ဖြစ်ပါသည်။

**ဦးဆံမြ၊ ရပ်စောက်မြို့**

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ ယာယီအိမ်ရှင်အဖြစ်ဆောင်ရွက်၍ ဆောက်လုပ်ခဲ့သောတိုက်ရှိ ကန်ထရိုက်တာ အကျိုးအမြတ်ရရှိသောတိုက်ခန်းအား ကန်ထရိုက်တာထံမှ အဆင့်ဆင့်ဝယ်ယူပြီး အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲ၍ စာချုပ်ချုပ်ဆိုခွင့်ပြုပါရန်လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်းကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| ၁။ | ကန်ထရိုက်တာ ဦးအောင်ဇော်ဝင်း MDW-၂၄၈၂၈၂(မှ) ဦးချန်ဒရား ၁၂/ပဘတ(နိုင်)၀၀၇၆၂၉(မှ) ဦးဆူနီးလ်ကူးမာရ်(ခ)ဆိုနီ ၁/မကန(နိုင်)၀၇၄၈၈၉(မှ) | ဦးအန်ဂျန်နီးကူရ်မား ၉/မရမ(နိုင်)၀၇၇၄၉၉ | အမှတ် ၅၃၂၊ ၅၄၂၊ အခန်း၅လွှာ(ဒီ)၊မဟာဗန္ဓုလလမ်း၊ ပန်းဘဲတန်း |
| ၂။ | ကန်ထရိုက်တာ ဦးအောင်ဇော်ဝင်း MDW-၂၄၈၂၈၂ ဦးလှမြင့် ၁၂/ကတတ(နိုင်)၀၀၃၂၄၃(မှ) ဗိုလ်ကြီးဟန်စိန် ၁၂/အစန(နိုင်)၁၂၁၁၁၁(မှ) | ဦးအန်ဂျန်နီးကူရ်မား ၉/မရမ(နိုင်)၀၇၇၄၉၉ | အမှတ် ၅၃၂၊ ၅၄၂၊ အခန်း၅လွှာ(စီ)၊မဟာဗန္ဓုလလမ်း၊ ပန်းဘဲတန်း |

**ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၄-ရပ်ကွက်၊ စီမံကိန်း(၁)၊ မြတ်လေးလမ်းနှင့် ချယ်ရီလမ်းထောင့်၊ တိုက်အမှတ်-၁၇၄၊ နှစ်ခန်းတွဲ၊ ငါးထပ်တိုက်၏ မြေညီထပ်၊ အခန်းအမှတ်- ဘီ-၁၊ အကျယ် (၁၆ပေ×၄၃ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ၉-၁၂-၂၀၁၃ ရက်စွဲပါ နှစ်ဦးသဘောတူတိုက်ခန်းအပြီးအပိုင်အရောင်းအဝယ်စာချုပ် အရလက်ဝယ်ထားရှိပိုင်ဆိုင်သူ ဒေါ်စန္ဒာ ၁၂/အစန(နိုင်)၁၅၃၆၉၆ထံမှ ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကောင်းမြတ်ဇော်** အထက်တန်းရှေ့နေ(စဉ်-၃၇၂၂၅)
**ဦးသန့်ဇော်** တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)
**အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (က)ရပ်ကွက် အမှတ် (၃၁၀ ၁/၂)နွယ်သာကီ (၇) လမ်းဟုခေါ်တွင်သော မြေကွက် ပေ(၂၀×၆၀) စတုရန်းပေ ၁၂၀၀ မြေပေါ်ရှိ နေအိမ်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ရှိသူ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ နှစ် ၆၀ ဂရန်အမည်ပေါက် ဦးသန်းရွှေ ၁၂/ဥကမ(နိုင်)၁၂၉၂၅၉ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ပိုင်းပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်ရန်ရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုအထောက်အထားများဖြင့် ဤကြေညာချက်ပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးတင့်အောင်**
**စဉ်-၂၄၂၉၆**
**အထက်တန်းရှေ့နေနှင့် ဥပဒေအကြံပေး**
**အမှတ် (၂၉)၊ မင်းရန်အောင် (၅)လမ်း၊**
**(ဈ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၄၂၁၀၆၀၇၇၄**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၃၊ မြေကွက်အမှတ်(၁၄၈၆)၊ စေတနာ(၄)လမ်း၊ အကျယ်အဝန်း(ပေ၄၀×ပေ၆၀)ရှိ ပါမစ်မြေကွက်နှင့် ပတ်သက်ဆက်နွယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အဆက်အစပ် စာချုပ်စာတမ်းများဖြင့် ဝယ်ယူပိုင်ဆိုင်ပြီးရောင်းချပိုင်ဆိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဒေါ်ထားထားရီ ၁၂/မဂတ(နိုင်)၀၀၈၀၂၄ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေကဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူရှိပါက ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးထွန်းလင်းအောင် LL.B,D.B.L,D.M.L**　**ဒေါ်ဖြူဖြူခိုင် LL.B,D.B.L,D.M.L**
**တရားလွှတ်တော်ရှေ့နေများ**
**ဒေါ်ငြိမ်းချမ်းစုရည် LL.B.,D.B.L အထက်တန်းရှေ့နေ**
**အမှတ်-၂၇(ဘီ)၊မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၇၃၂၀၁၈၃၄၊ ၀၉-၄၂၁၁၁၃၁၇**

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ ယာယီအိမ်ရှင်အဖြစ်ဆောင်ရွက်၍ ဆောက်လုပ်ခဲ့သောတိုက်ရှိ ကန်ထရိုက်တာ အကျိုးအမြတ်ရရှိသော တိုက်ခန်းအား ကန်ထရိုက်တာထံမှ တစ်ဆင့်ဝယ်ယူပြီး အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲ၍ စာချုပ်ချုပ်ဆိုခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| ၁။ | ကန်ထရိုက်တာဦးတင်ထွန်း ၁၂/ပဇတ(နိုင်)၀၁၈၂၄၂(မှ) | ဦးကျော်မြင့်ထွန်း ၁၂/လသန(နိုင်)၀၁၆၀၄၅ | အမှတ်(၈၂/၈၄/၈၆)၊ရှစ်လွှာ(ဘယ်) သုံးလွှာ(ဘယ်/ညာ)၊၂၃လမ်း၊လသာ |

**ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)**

## ကျေးဇူးအထူးတင်ရှိခြင်း

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

# ဒေါ်အေးကြည် (စစ်ကွင်း)

**အသက် (၉၃)နှစ်**

၁၀-၁၀-၂၀၁၄ရက် (သောကြာနေ့) နံနက် ၈း၂၅နာရီတွင် ကွယ်လွန်ခဲ့သော အဒေါ် ဒေါ်အေးကြည် နာမကျန်းဖြစ်စဉ်က မေတ္တာ၊ ကရုဏာ၊ စေတနာအပြည့်အဝတို့ဖြင့် ကြည့်ရှုစောင့်ရှောက်ပေးခဲ့ကြသည့် ဗဟိုစည် အထူးကုဆေးရုံကြီးမှ ပါမောက္ခသမားတော်ကြီး ဒေါက်တာဦးနေဝင်း၊ သူနာပြုဆရာ ဆရာမများနှင့် ဆေးရုံ ဝန်ထမ်းများအားလည်းကောင်း၊ နာမကျန်းဖြစ်စဉ် နေအိမ်သို့ လာရောက်ပြုစုစောင့်ရှောက်ပေးပါသော ဆရာဝန် ဆရာမများနှင့် သူနာပြုဆရာမများအားလည်းကောင်း၊ ကွယ်လွန်ပြီးနောက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်း ကြောင်း၊ နှစ်သိမ့်အားပေးခဲ့ကြပါသော ရွှေပုစွန်မိသားစု၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၊ ဟိတေသီအဖွဲ့နှင့် အမျိုးသမီး ယောဂီစောင့်ရှောက်ရေးအဖွဲ့တို့မှ ဖွဲ့ဝင်လူကြီးများနှင့် မိတ်ဆွေများအားလည်းကောင်း၊ တယ်လီဖုန်း၊ E-mail တို့ဖြင့် ဆက်သွယ်မေးမြန်းခဲ့ကြသည့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ငယ်သူငယ်ချင်းများနှင့် မိတ်ဆွေများအားလည်းကောင်း၊ ရေဝေးသုသာန်သို့ လိုက်ပါပို့ဆောင်ပေးကြသော မိတ်ဆွေများ၊ အဘက်ဘက်မှ လိုလေသေးမရှိအောင် ကူညီဆောင်ရွက်ပေးကြပါသော သူငယ်ချင်း၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် အထူးကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူပတ္တမြားမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

# ဒေါ်ကြည်ကြည်အုန်း

**အသက် (၇၀)**

ပြည်ထောင်စုရွှေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၏ဇနီးဖြစ်သူ ဒေါ်ကြည်ကြည်အုန်း အသက်(၇၀) (ဖဒိုမြို့ သီရိမင်္ဂလာငြိမ်းချမ်းအောင်ဆုတောင်းပြည့်စေတီတော်မြတ်ကြီး၏ ဒါယိကာမကြီး)သည် ၁၁-၁၀-၂၀၁၄ရက်(စနေနေ့) ည ၈း၀၂နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဂေါပကအဖွဲ့**

**သီရိမင်္ဂလာငြိမ်းချမ်းအောင် ဆုတောင်းပြည့်စေတီတော်မြတ်ကြီး**

**ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ဖဒိုမြို့**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

# ဒေါ်ကြည်ကြည်အုန်း

**အသက် (၇၀)**

ပြည်ထောင်စုရွှေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၏ဇနီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်ကြည်ကြည်အုန်း အသက်(၇၀)သည် ၁၁-၁၀-၂၀၁၄ ရက် (စနေနေ့) ည ၈း၀၂နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ တံတားဦးမြို့နယ်**

## ဝမ်းနည်းကြေကွဲခြင်း

မိဘကဲ့သို့ရှိသေလေးစားရပါသော မမ ဒေါ်ကြည်ကြည်အုန်းသည် ၁၁-၁၀-၂၀၁၄ ရက်တွင် ကွယ်လွန်သွားခြင်းအတွက် အဘ ဦးတင်အေးမိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲမိပါသည်။

**ဗိုလ်ရဲ-ဆွေဆွေ မြန်မာစစ်သံရုံး**

**ရုရှားဖက်ဒရေးရှင်းနိုင်ငံ**

## ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ဦးခင်မောင်(အာရာဖတ်) B.E(Textile)1971-77 Nov ကွယ်လွန်ခြင်းအတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

သူငယ်ချင်းကောင်းရာသုဂတိလားပါစေ။

**B.E(MECH) 1971-77 Nov သူငယ်ချင်းများ**

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

# ဒေါ်ကြည်ကြည်အုန်း

## အသက်(၇၀)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၏ဇနီးဖြစ်သူ ဒေါ်ကြည်ကြည်အုန်း အသက်(၇၀) ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီးသည် ၁၁-၁၀-၂၀၁၄ ရက်(စနေနေ့)ည ၈း၀၂ နာရီတွင် ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ အထူး ဝမ်းနည်းကြေကွဲရပါသည်။

**ဦးစိုင်းမျိုးဝင်း-ဒေါ်နန်းခင်မြင့်ရီ**

**EXCELLENT FORTUNE DEVELOPMENT GROUP CO.,LTD.**

## လူမှုရေးကြော်ငြာ

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယကာကြီး**
**ရွှေမြင့်တင် ဦးညို**
**အသက်(၈၉)နှစ်**

မင်္ဂလသုခပါဠိတက္ကသိုလ် ပြုပြင်စောင့်ရှောက်ရေးအဖွဲ့ ဂုဏ်ထူးဆောင်နာယကကြီး၊ ရွှေမြင့်တင်ဦးညို(သီဟသုဓမ္မမဏိဇောတဓရ သဒ္ဓမ္မဇောတိကဓဇ) သည် ၁၂-၁၀-၂၀၁၄ရက်(တနင်္ဂနွေနေ့) မွန်းတည့်၁၂း၀၀နာရီ တွင်ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်အတူထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မင်္ဂလသုခပါဠိတက္ကသိုလ်ပြုပြင်စောင့်ရှောက်ရေးအဖွဲ့**

### အထူဝမ်းနည်းကြေကွဲခြင်း

**ဦးမော်မော် (မန္တလေး)**
**(၇၉)နှစ်**

သူငယ်ချင်း ကိုအောင်စိုးမြင့်-မဝင်းဝင်းမော်တို့၏ဖခင် ကွယ်လွန်ခြင်းအတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှကြေကွဲဝမ်းနည်းပါတယ် သူငယ်ချင်း။

**မောင်ယုနိုင်**
**စက်မှုလက်မှုအထက်တန်းကျောင်း၊မေမြို့**
**ကျောင်းသားဟောင်းများ**

### အထူဝမ်းနည်းကြေကွဲခြင်း

**ဝဏ္ဏကျော်ထင်ဗိုလ်ချုပ်သန်းဦး (ငြိမ်း)၊**
**တရားရုံးချုပ်၊ ဒုတိယတရားသူကြီးချုပ်(ငြိမ်း)**
**အသက်(၇၆)နှစ်**

ဗိုလ်ချုပ်သန်းဦး(ငြိမ်း)၊ဒုတိယတရားသူကြီးချုပ်(ငြိမ်း)သည်၈-၁၀-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့်မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ချင်းပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့်**
**တရားလွှတ်တော်တရားသူကြီးများ**
**ပြည်နယ်တရားရေးဦးစီးမှူး၊ ခရိုင်/မြို့နယ်**
**တရားသူကြီးများနှင့်တရားရေးအရာရှိများ**

### (၁၂)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

**ဒေါ်သန်းသန်းဦး**

မိသားစုနှင့်ခွဲခွာသွားသည်မှာ ၁၉-၁၀-၂၀၁၄ရက်တွင် (၁၂)နှစ်ပြည့်ပြီးဖြစ်သော်လည်း တစ်နေ့မှ မေ့မရပါ။ ပြုသမျှကောင်းမှုအစုစုတို့အတွက် မြင့်မြတ်သောဘုံဘဝမှ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ပါစေ။

| | | |
|---|---|---|
| **ခင်ပွန်း** | - | **ဗိုလ်မှူးသန်းထွန်း(ငြိမ်း)** |
| **သားကြီး** | - | **ဖြိုးသက်ကို (Chief Mate)၊ ဂျူလီဇော် Brand Manager (Bio-essence)** |
| **သမီး** | - | **ဒေါက်တာယဉ်ဖြူကို၊ ဗိုလ်ကြီးမန်းဘဟန်ထွန်း** |
| **သားငယ်** | - | **ဒေါက်တာဆွေသန့်ကို** |

### အထူးဝမ်းနည်းကြေကွဲခြင်း

**ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**
**ဦးသောင်း**
**အသက်(၈၁)နှစ်**

ဘားအံတက္ကသိုလ် သချာင်္ဌာနတွင် ပါမောက္ခ(ဌာနမှူး)အဖြစ် တာဝန်ထမ်းဆောင်နေသော ဒေါက်တာ မာမာသောင်း၏ဖခင် ဦးသောင်း အသက်(၈၁)နှစ်သည် ၁၂-၁၀-၂၀၁၄ ရက်(တနင်္ဂနွေနေ့)နံနက်တွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ပါမောက္ခချုပ်နှင့် ဘားအံတက္ကသိုလ်မိသားစု**

### အထူးဝမ်းနည်းကြေကွဲခြင်း

**ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**
**ဦးသောင်း**
**အသက်(၈၁)နှစ်**

ဘားအံတက္ကသိုလ် သချာင်္ဌာနတွင် ပါမောက္ခ(ဌာနမှူး)အဖြစ် တာဝန်ထမ်းဆောင်နေသော ဒေါက်တာ မာမာသောင်း၏ဖခင် ဦးသောင်း အသက်(၈၁)နှစ်သည် ၁၂-၁၀-၂၀၁၄ ရက်(တနင်္ဂနွေနေ့)နံနက်တွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း။

**သချာင်္ဌာန ဆရာ/ဆရာမများ**
**ဘားအံတက္ကသိုလ်**

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
**ဦးခင်မောင်ကျော်**
**လ/ထ မန်နေဂျာ(ငြိမ်း)၊ မြန်မာ့အာမခံလုပ်ငန်း**
**မန်နေဂျာ၊ IKBZ Insurance Co.,Ltd. (လားရှိုး)**
အသက်(၆၄)နှစ်

မန္တလေးမြို့နေ (ဦးမောင်မောင်-ဒေါ်မိမိလေး)တို့၏သား၊ (ဦးချစ်မောင်-ဒေါ်ခင်ရီ)တို့၏သားသမက်၊ လားရှိုးမြို့၊ အမှတ် ၄၄/က၊ ရပ်ကွက်(၁)၊ နယ်မြေ (၃)၊ မြောင်းမြလမ်းနေ ဒေါ်နွယ်နီ (မြန်မာ့အာမခံလုပ်ငန်း၊ လားရှိုးမြို့)၏ခင်ပွန်း၊ ဒေါ်ခင်ချမ်းမြေ့မျိုး(အငယ်တန်းအင်ဂျင်နီယာ၊ မြို့ပြ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မြစ်သားမြို့နယ်)၊ ဦးဝင်းခိုင်ဦး (ဦးစီးအရာရှိ၊ ပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး၊ မြိတ်၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန)-ဒေါ်ပိုးသီရိတို့၏ဖခင်သည် ၁၇-၁၀-၂၀၁၄ရက် (သောကြာနေ့) နံနက် ၈း၄၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၉-၁၀-၂၀၁၄ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် လားရှိုးမြို့ ကြာကန်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ **ကျန်ရစ်သူမိသားစု**

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး ဦးခင်မောင်ကျော်**
**လ/ထ မန်နေဂျာ(ငြိမ်း)၊ မြန်မာ့အာမခံလုပ်ငန်း**
**မန်နေဂျာ၊ IKBZ Insurance Co.,Ltd. (လားရှိုး) အသက်(၆၄)နှစ်**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်နေ (ဦးမောင်မောင်-ဒေါ်မိမိလေး)တို့၏သား၊ ဒေါ်နွယ်နီ၏ခင်ပွန်း၊ (ဦးခင်မောင်စိုး)-ဒေါ်ခင်သန်းသန်း၊ ဦးထွန်းကြည်-(ဒေါ်ခင်မေအေး)၊ (ဦးသိန်းအောင်)-ဒေါ်ခင်မေငွေး၊ ဦးခင်မောင်မျိုး၊ ဒေါ်ခင်မေဝင်းတို့၏ ညီ/မောင်၊ ဒေါ်ခင်သန်းနု၊ ဒေါ်ခင်စန်းယု၊ ဒေါ်ခင်သန်းစုတို့၏အစ်ကို၊ မခင်ချမ်းမြေ့မျိုး၊ ကိုဝင်းခိုင်ဦး-မပိုးသီရိတို့၏ဖခင်၊ တူ၊ တူမခုနစ်ယောက်တို့၏ဦးလေး၊ မြေးငါးယောက်တို့၏အဘိုးသည် ၁၇-၁၀-၂၀၁၄ ရက် (သောကြာနေ့) ၈း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၀-၂၀၁၄ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် လားရှိုးမြို့ ကြာကန်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ကြည်ကြည်အုန်း**
**အသက်(၇၀)**

ရန်ကုန်မြို့၊ ခုတင်(၅၀၀)ဆံ့အထူးကုဆေးရုံကြီးမှ မေ့ဆေးအထူးကုဆရာဝန်ကြီး ဒေါက်တာမောင်မောင်ဆွေ-ဒေါ်မိုးမိုးအေးတို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်ကြည်ကြည်အုန်း အသက်(၇၀)သည် ၁၁-၁၀-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိပါ၍ မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ခုတင်(၅၀၀)ဆံ့အထူးကုဆေးရုံကြီး**
**မိသားစု**

### ဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်ကြီးတင်ထွန်းမောင် (ငြိမ်း)**
**ကြည်-၁၁၇၆၀(အပတ်စဉ်-၄၀)**
**ဥက္ကဋ္ဌ၊ အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီ**
**အသက် (၇၀)**

ဗိုလ်ကြီးတင်ထွန်းမောင်(ငြိမ်း) ကြည်း-၁၁၇၆၀(အပတ်စဉ်-၄၀)၊ ဥက္ကဋ္ဌ၊ အမျိုးသား နိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီ အသက် (၇၀)သည် ၁၅-၁၀-၂၀၁၄ရက် နံနက် ၇း၂၀နာရီ တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ**
**ဥက္ကဋ္ဌဦးကျော်စွာစိုး-ဇနီး ဒေါ်မေသက်ထွန်းနှင့် ဗဟိုအလုပ်အမှုဆောင်များအဖွဲ့**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်လှလှ**
**အသက်(၆၈)နှစ်**

